ခင်ဦးဇင်

ရေအေး

WHISPER OF WORDS

Ebook မှတ်တမ်း

The Call-ခေါ်သံ (https://www.facebook.com/share/16Sz38rfJC/) Facebook page မှ စာကူးယူ၍ Whisper Of Words မှ Ebook ပြုလုပ်ပါသည်။

ခင်ဦးဇင်

အပိုင်း (၁)

ညနေခင်းကိုမြင်လိုက်တယ်ဆိုရင်ပဲ အဲဒီညနေခင်းဆိုတာကို ခင်ဦးဇင် ချက်ချင်းသိတယ်။ ပိန်းပိတ်လုမတတ် မှောင်နေတဲ့ ကောင်းကင်မှာ အပ်ချည်ကြိုးတချောင်းလို မှျင်မှျင်လေးရှိနေတဲ့ နီဝါရောင်အလင်းတန်း၊ ပြီးတော့ တရှုံရှုံ အော်မြည်သံနဲ့ အမှောင်ထဲက မကျွတ်မလွတ်သေးတဲ့ တစ္ဆေတွေလို ယိမ်းထိုးလှုပ်ခါနေတဲ့ လမ်းဘေးဝဲယာက မြက်ရိုင်းပင်ရှည်တွေ၊ ခင်ဦးဇင်ရဲ့ ခြေထောက်အောက်မှာ ဝပ်တွားနေတဲ့ ကျင်းတွေ၊ ချိုင့်တွေနဲ့ လမ်းကျဉ်းလေး။ သူ ဒီလမ်းကို ရောက်တာ ဆယ်ခါမြောက်လား၊ ဆယ့်ငါးခါမြောက်လား၊ ဒါမှမဟုတ် အခါနှစ်ဆယ်လား။

ဒီလမ်းကို ရောက်တိုင်း လမ်းဘေးခြုံပုတ်တွေထဲကနေ လူသုံးယောက် ထွက်လာမယ်၊ ပြီးရင် ဘယ်သူတွေလဲလို့ ခင်ဦးဇင်က အော်မေးရမယ်၊ အဲဒီ နောက်တော့ ဘာစကားတခွန်းမှ ပြန်မဖြေတဲ့ အဲဒီလူသုံးယောက်က သူ့ကို လမ်းဘေးခြုံတွေထဲ ဆွဲခေါ်ပြီး အဓမ္မကျင့်ကြမယ်။ အဲဒီ လူတွေက သူတို့ရဲ့အေးစက်စက် လက်တွေနဲ့ ခင်ဦးဇင်ကို လှမ်းဆွဲလိုက်တာ၊ အဝတ်တွေကို ဆွဲဖြဲလိုက်တာ၊ ပါးစပ်ကို သူတို့ရဲ့ ဖုန်၊ သဲတွေ ပေပွနေတဲ့ လက်ဖဝါးကြမ်းနဲ့ အတင်း ပိတ်လိုက်တာ၊ ပြီးတော့ ရွံစရာကောင်းတဲ့ အပွတ်အသပ်တွေ၊ အထိအတွေ့တွေ။ ဇာတ်ကားတကားတည်းကို ထပ်ခါတလဲလဲကြည့်ခဲ့တဲ့ သူလိုပဲ၊ အားကိုးတကြီး ဆွဲဆုပ် လိုက်တဲ့ မြက်ပင်တွေ ပြတ်ထွက်ပြီး သူ့ရဲ့လက်တွေ ဆုပ်ကိုင်စရာမရှိ၊ ကူကယ်ရာမဲ့ ဖြစ်သွားမှာကိုတောင် ခင်ဦးဇင် အသေးစိတ်မှတ်မိနေတယ်။

ဘာလဲ၊ ဘာကြောင့်လဲ၊ ဘာကြောင့် ကျမ ဒီဇာတ်ဝင်ခန်းကို ထပ်တလဲလဲ ကြုံနေရတာလဲ။ ခင်ဦးဇင် စာရေးဆရာကို ကြောက်လန့်တကြား မေးလိုက်တယ်။ နင် ငါ့ကို မမေးနဲ့၊ အခု နင် ကြောက်ရမှာ တဲ့၊ စာရေးဆရာက ခင်ဦးဇင်ကို ပြန်ပြောတယ်။ အခု ကျမ ကြောက်နေတာပဲ၊ ခင်ဦးဇင် ပြန်ပြောလိုက်တယ်။ မဟုတ်ဘူး၊ နင်က ဇာတ်ဝင်ခန်းကို ကြိုသိပြီး ကြောက်နေတာ၊ အမှန် နင်က ဇာတ်ဝင်ခန်းကို ကြိုပြီးမသိတဲ့ပုံနဲ့ ဖြစ်လာတဲ့ တခုချင်းစီကို ကြောက်ရမှာ၊ လန့်ရမှာ၊ ငိုရမှာ တဲ့။

ဟင့်အင်း၊ ကျမ ဒါကို ထပ်ပြီး မကြုံချင်တော့ဘူး။ မရဘူး၊ ဇာတ်လမ်းအရ ကြုံရမှာပဲ။ ကျမ ဒါကို အကြိမ်ကြိမ် ကြုံခဲ့ရပြီးပြီလေ၊ ဘာလို့ ထပ်ကြုံရမှာလဲ။ ခင်ဦးဇင်ရဲ့ စကားကို ကြားတော့ စာရေးဆရာ ရယ်စရာမဟုတ်ဘဲ ခိခနဲ တချက် ရယ်တယ်။ ပြီးတော့ အေးလေ၊ အကြိမ်ကြိမ် ကြုံတော့ ဘာဖြစ်တုံး၊ ဒါက အစစ်မှ မဟုတ်တာ၊ မှုဒိမ်းမှုအတုပဲလို့ စကားဆက်တယ်။ မဟုတ်ဘူးလေ၊ ခင်ဦးဇင်

ထပ်ပြောဖို့ ကြိုးစားလိုက်တယ်။ ဒါပေမဲ့ ဇာတ်ဝင်ခန်းက မရပ်ဘူး။ အမှောင်ထဲကနေ ယောကျ်ားသုံးယောက်က ထွက်လာနေပြီ၊ ပြီးတော့ ခင်ဦးဇင်ရဲ့လက်ကို လှမ်းဆွဲနေပြီ။

ဟင့်အင်း၊ ဟင့်အင်း၊ လွှတ်၊ ကျမကို လွှတ်၊ ခင်ဦးဇင် အော်ပေမဲ့ အားလုံးက သိခဲ့၊ ကြုံခဲ့ပြီးတဲ့အတိုင်း တခုပြီးတခုဆက်ဖြစ်နေပြီ။ အခု ခင်ဦးဇင် လုပ်နိုင်တာ တခုပဲရှိတော့တယ်၊ အဲဒါက ဒီကိစ္စကြီး မြန်မြန်ပြီးသွားအောင် ဆုတောင်းဖို့ပဲ၊ ပြီးပါတော့၊ မြန်မြန် ပြီးပါတော့၊ ပြီးရင် သူ့ကို လှုပ်နှိုးမယ့် တယောက်ယောက် အမြန်ဆုံးရောက်လာပါတော့ပေါ့။

ရှစ်နာရီထိုးပြီးစ ညချမ်းတခုမှာ ခင်ဦးဇင် ဝတ္ထုထဲကို စရောက်သွားခဲ့တာ။ အဲဒီလိုရောက်ရောက်ချင်း ခင်ဦးဇင်က သူ့ကိုယ်သူ ဝတ္ထုထဲ ရောက်သွားမှန်းမသိဘူး။ ဝတ္ထုထဲ ပတ်ဝန်းကျင်တခုလုံးက အမှောင်အတိ ကျနေတယ်။ လူက အိပ်ရာကရုတ်တရက်လန့်နိုးလာတုန်း၊ မျက်စိရှေ့က အမှောင်ထုကြီးကို တွေ့လိုက်ရချိန် မသိနိုးနား ဖြစ်နေသလိုပဲ။

ခင်ဦးဇင်စိတ်ထဲ အဲဒီအမှောင်ထုကိုမြင်ပြီး ဘာကြောင့် ဒီလောက်တောင်မှောင်မိုက်နေရတာလဲ၊ အခုက နေ့လား၊ ညလားနဲ့ အထိတ်တလန့် ဖြစ်သွားတာ။ နောက်တော့ အခု ဘယ်အချိန်ရှိပြီလဲ ဆိုတဲ့ အဲဒီမေးခွန်းကနေ သူ ဘယ်နေရာကို ရောက်နေသလဲ၊ သူက ဘယ်သူလဲ၊ ဘယ်ကလာသလဲဆိုတဲ့ အဖြေမဲ့ မေးခွန်းတွေနဲ့ အမျှင်ဆက်တန်းပြီး စိတ်ထဲမှာရှုပ်ထွေးသွားခဲ့တာ။ အမှောင်ကြီးထဲနိုးလာတဲ့ ခင်ဦးဇင်က သူ့ကိုယ်သူ မသိနေဘူး။ သူက ဘယ်သူ၊ သူ ဘယ်က လာတယ်၊ သူ ဘယ်မှာနေတယ် ဆိုတာတွေကို မသိနေဘူး။ ခင်ဦးဇင်အဖြစ်က အကြောင်းကြောင်းကြောင့် အတိတ်ကို မေ့သွားတဲ့ လူတယောက်လိုလို့ ဥပမာပြုရမလား၊ ဒီမတိုင်ခင် ကာလတုန်းက ဖြစ်ခဲ့၊ ပျက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ခေါင်းထဲမှာ ဘာမှရှိမနေသလို လက်ရှိမှာလည်း သူနဲ့ပတ်သက်တဲ့ နာမည်၊ ရာထူး၊ ဂုဏ် ဘာဆိုဘာမှ မမှတ်မိဘဲ အားလုံးက ကွက်လပ်တခုဖြစ်နေတာ။ အမှောင်ထုကြီးထဲမှာ တွယ်ရာမဲ့မျောလွင့်နေတဲ့ငွမ်းစလေး တစလိုမျိုး။ ဒါပေမဲ့ လုံးဝ မတူနေတာတခုက အဲဒီသက်မဲ့ ငွမ်းစလေးလိုမဟုတ်ဘဲ ခင်ဦးဇင်ကိုယ်ထဲ ခံစားချက်တွေရှိနေတာပဲ။

သူ့ရဲ့ ဗလာဖြစ်နေမှုကို အံ့ဩတုန်လှုပ်ပြီး ငြင်းဆန်လိုတဲ့စိတ်၊ ပြီးတော့ တိတ်ဆိတ်မည်းမှောင်နေတဲ့ အခြေအနေကို ထိတ်လန့်ကြောက်ရွံ့မှုတွေ၊ အဲဒီကမှ လူ့သဘာဝ ခိုကိုးရာ၊ မှီတွယ်ရာ ရှာချင်လာတာ။ အဲဒီအချိန် ခင်ဦးဇင်ရဲ့ အရှေ့ကို လူတယောက် ဘွားခနဲ ရောက်လာတယ်။ ပြီးတော့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း၊ အခု ည ရှစ်နာရီ ထိုးပြီးနေပြီ၊ နင် ပြတင်းပေါက်နားက စာရေးစားပွဲမှာ ဝင်ထိုင်ပြီး ဝတ္ထုရေးဖို့ပြင်ရမယ်လို့ ပြောတယ်။ ရုတ်တရက်ဆိုတော့

ခင်ဦးဇင်ရဲ့စိတ်ထဲ ဒီလူ ဘာပါလိမ့်လို့ တွေးမိတာ။

လူက အသားမည်းမည်း၊ ကိုယ်လုံးကိုယ်ထည် ပိန်ပိန်သွယ်သွယ်မှာ ပါးရိုးကားကား၊ သွားဖုံးထူထူ၊ ပါးစပ်ပြဲပြဲကိုမှ နှာတံပြားပြားနဲ့။ ပြီး မျက်နှာကလည်း ပါးသိုင်းမွှေးတွေ၊ နှုတ်ခမ်းမွှေးတွေကို မရိတ်မသင်ထားဘူး။ ပုလင်းဖင်လောက် ထူတဲ့ မျက်မှန်ဝင်းဝင်းကိုလည်း တပ်ထားသေးတော့ ရုပ်က မြင်မြင်ချင်းအမြင်ကပ်စရာ ဆိုတဲ့ ရုပ်။ အဲဒါကိုမှ တွေ့တွေ့ချင်း နင် ဘာလုပ်၊ နင် ဘယ်နေရာ ထိုင်လို့ သူ့ရဲ့ ခပ်ဆိုးဆိုး ရုပ်နဲ့ လုံးဝ မလိုက်ဖက်တဲ့ ဇင်ယော်ငှက်ရဲ့အသံလိုမျိုး အသံစူးစူးရှရှကို အော်ဟစ်ပြီး ပိုင်စိုးပိုင်နင်း၊ တနင်နင် လာခိုင်းနေတော့ ဒီလူကဘာလဲပေါ့။

ကိုယ့်ကိုယ်ကိုယ် ဘယ်သူ၊ဘယ်ဝါဆိုတာကို သိနေတဲ့ လူတယောက် ဆိုရင်တော့ ဘယ်သူမှန်း မသိတဲ့သူက အဲဒီလို ဆရာလာလုပ်နေတာ စိတ်ထဲ 'ငါ့ကိုများ'လို့ ဒေါသထွက်ဖို့ပဲ။ ဒါပေမဲ့ ခင်ဦးဇင်ကကျ အဲဒီလို ဒေါသထွက်ဖို့ကို သူ ဘယ်သူဆိုတဲ့သိမှုက ခေါင်းထဲမှာရှိမနေဘူး။ ဒီတော့ သူ့ကို ဆရာလုပ်နေတဲ့အဲဒီလူကို ဘယ်လိုဆင်ခြင်တုံ့ပြန်ရမယ် ဆိုတာကို ခင်ဦးဇင် ရုတ်တရက် ဆုံးဖြတ်မရဘူး၊ ဒီလူကဘာလဲ၊ ရာထူးဂုဏ်သိမ်အရ သူ့ထက်ကြီးတဲ့သူလား၊ ကြီးရင် ဘယ်လောက်အထိကြီးတာလဲ၊ ဒီလောက် ပိုင်စိုးပိုင်နင်းပြောနေတာ သူ ဒေါသထွက်လို့ရတဲ့ အဆင့် မဟုတ်လောက်ဘူးနဲ့ ထွေလီကာလီ တွေးပြီး ဟိုလူ ပြောသမျှကို ခေါင်းညိတ်ရနိုး၊ ခေါင်းခါရနိုးနဲ့ ချင့်ချိန်နေရတာ။ ဘယ်လိုတုံ့ပြန်ပြီးပြောရမယ် ဆိုတာကို ဆဝါးနေရတာ။ ပြီးတော့ တချိန်တည်းမှာပဲ သူက ဘာလဲ၊ ဘယ်ကနေ ရောက်လာသလဲ၊ သူက ဘာလို့ သူ့ကိုယ်သူ မသိနေရတာလဲလို့ ကိုယ့်ကိုယ်ကိုယ်လည်း အဖြေရှာနေရတာ။

အဲဒီမှာ ဟိုလူက ခင်ဦးဇင်ဖြစ်နေတဲ့အနေအထားကို ရိပ်မိသွားပုံပဲ၊ နေဦး ငါ့ကိုယ့်ငါ မိတ်ဆက်ဖို့မေ့သွားတယ် လို့ ဆိုတယ်။ ပြီးတော့ ငါက စာရေးဆရာ၊ နင်က ငါ့ဝတ္ထုထဲက ဇာတ်ကောင် လို့ပြောတယ်။ နင့်နာမည်က ခင်ဦးဇင်၊ အသက်က ၂၄ နှစ်၊ ဘီအေ-မြန်မာစာနဲ့ ဘွဲ့ရထားတဲ့ မိန်းကလေး၊ စာရေးဆရာမ ဖြစ်ချင်နေတဲ့ သူတယောက်၊ အခုနေတာက မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးက ကုလားကြီးခြံရွာမှာနေတာ၊ အခု နင်ရောက်နေတာက နင့်အိမ်နေရာ၊ အချိန်က ညရှစ်နာရီ တဲ့။

စာရေးဆရာ ပြောလိုက်တယ် ဆိုရင်ပဲ ခင်ဦးဇင်ရဲ့ ပတ်ပတ်လည်က မှောင်မည်းနေတဲ့ အမိုက်ထုက ရုတ်တရက် လင်းကျင်းသွားတယ်။ အလင်းက နေ့လို လင်းတဲ့ အလင်းမျိုးတော့မဟုတ်ဘူး၊ ညအချိန် လျှပ်စစ်မီးရောင်ကြောင့် လင်းတဲ့ ဝါကြန့်ကြန့် အလင်းမျိုး။ အဲဒီနောက်တော့ အဲဒီအလင်းမှာ သစ်သားနံရံတွေနဲ့ ပြတင်းပေါက်တွေ၊ ပြီးတော့ အဲဒီပြတင်းပေါက်ကနေ ကျော်ပြီး မြင်နေရတဲ့

အဝေးတနေရာ၊ အမှောင်ထုအောက်မှာ ပျပ်ပျပ်ဝပ်ဝပ် ရှိနေတဲ့ သစ်ပင်၊ ဝါးပင်တွေကို မြင်လာရတယ်။ လဖောက်ထိုးတစင်းက သစ်ကိုင်းတွေကြားထဲမှာ မီးအိမ် ချိတ်ဆွဲထားသလို ခပ်ကွေးကွေး သာလို့။ နှင်တို့အိမ်မှာ မိသားစုခြောက်ယောက် ရှိတယ်တဲ့။ အဖေ၊ အမေ၊ ခင်ဦးဇင်နဲ့ မောင်နှစ်ယောက်၊ ညီမတစ်ယောက်တဲ့။ အခုတော့ အဖေ၊ အမေနဲ့ နှင်ပဲ အိမ်မှာ ရှိတယ်။ ကျန်တဲ့သူတွေက တခြား ဝေးတဲ့နေရာမှာ ကျောင်းသွားတက်တယ်တဲ့။

ကျောင်းတက်တယ်ဆိုတာကလည်း အမှန်တော့ လတ်တလော ဝတ္ထုထဲပိုသလိုဖြစ်နေလို့ ခေတ္တ အဝေးပို့ထားတဲ့ သဘောပဲတဲ့။ စာရေးဆရာက တခုပြီးတခု ဆက်ပြောနေတုန်းမှာပဲ အသံမဲ့ကမ္ဘာတခုလို တိတ်ဆိတ်နေရာက မိန်းမတယောက် အဆွဲအငင်တွေနဲ့ တခုခုကို ရွတ်ဖတ်နေပုံရတဲ့ အသံသဲ့သဲ့ကို စပြီး ကြားရတယ်။ ပြီးတော့ ထပ်ကြားရတာက ပုံမှန်လူတွေ ပြောလေ့ပြောထမရှိတဲ့ အဖိအဖော့တွေ၊ ကဗျာဆန်ဆန် စကားလုံးတွေနဲ့ အပြန်အလှန်စကားပြောသံတွေ။

နှင့်အမေက ဘုရားရှိခိုးနေတာ၊ နှင့်အဖေကတော့ အောက်ထပ်မှာ တီဗွီ ကြည့်နေတာ၊ စာရေးဆရာက ခင်ဦးဇင်ကို ပြောတယ်။ ပြောနေတုန်းမှာပဲ ခင်ဦးဇင်ရဲ့ မျက်စိရှေ့က သစ်သားနံရံပေါ်မှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံတချို့နဲ့ ပြက္ခဒိန်တချို့ ပေါ်လာတယ်။ ဘွဲ့ဝတ်စုံနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ မိသားစု ရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ ခင်ဦးဇင် ဓာတ်ပုံတွေကို သေချာကြည့်ဖို့ ကြိုးစားတုန်းမှာပဲ အားလုံးက မှိန်ဖျော့ပြီး တဖြည်းဖြည်းဝေးသွားတယ်၊ ပြီးတော့ အတော်လေး ဟောင်းနွမ်းနေတဲ့ ပြက္ခဒိန်တချို့ ရှေ့ကို ထင်ထင်ရှားရှား တက်လာကြတယ်။

အဲဒီပြက္ခဒိန်တွေရဲ့ အပေါ်မှာတော့ ခင်ဦးဇင် မကျွမ်းဝင်သလိုခံစားရတဲ့ စကားလုံးတွေ။ ဒါတွေက...။ ခင်ဦးဇင်ရဲ့စကားကို စာရေးဆရာက ခေါင်းညိတ်တယ်။ ပြီးတော့ ဟုတ်တယ်၊ ရခိုင်ပြက္ခဒိန်တွေ တဲ့။ ရခိုင်ပြက္ခဒိန်...၊ ခင်ဦးဇင် စာရေးဆရာရဲ့ စကားကို သံယောင်လိုက်မိတယ်။အဖြစ်အပျက်တွေ အကုန်လုံးက မျက်လှည့်ပြလိုက်သလိုလို့ ဆိုရမလား၊ ဒါမှမဟုတ် မှော်ဆရာက သူ့ရဲ့ နှင်တံနဲ့ တို့ပြီး ကမ္ဘာတခု ဖန်ဆင်းလိုက်သလိုလို့ ပြောရမလားမသိဘူး။ စာရေးဆရာ ပြောသမျှ စကားလုံးတွေက ခင်ဦးဇင်ရဲ့ ဘေးပတ်ပတ်လည်မှာ ပုံရိပ်တွေအဖြစ် တခုပြီး တခု အဆက်မပြတ် ပေါ်လာတယ်။

ပြီးတော့ ဝတ္ထုထဲကို စရောက်လာချိန်က ကွက်လပ်တခုလို ဖြစ်နေခဲ့တဲ့ ခင်ဦးဇင်ရဲ့ ဘဝ ဇာတ်ကြောင်းတွေ။ မျက်စိတမှိတ်အတွင်းမှာ တခုပြီးတခု ပေါ်လာနေတဲ့ ပုံရိပ်တွေကို ကြည့်ပြီး ခင်ဦးဇင်စိတ်ထဲ အံ့သြမှုနဲ့ မေးခွန်းတွေက ပလူပျံလာတယ်။ သူက တကယ်ပဲ စာရေးဆရာရဲ့ ဇာတ်ကောင်လား။ ချက်ချင်းပဲ မဖြစ်နိုင်ပါဘူးလို့ စိတ်ထဲကနေ ပြန်ငြင်းမိတယ်။ ဒါဆို ဘာကြောင့် သူ ဒီလိုတွေ

မြင်နေတာလဲ၊ စာရေးဆရာကရော ဘာလို့ ဒီလိုတွေ ဖန်ဆင်းပြနိုင်တာလဲပေါ့။

စာရေးဆရာရဲ့ စကားတွေကို သူ ယုံရမှာလား၊ စာရေးဆရာ ဖန်ဆင်းပြနေတာတွေကို သူ လက်ခံလိုက်ရမှာလားပေါ့။ ဒါပေမဲ့ ခင်ဦးဇင် မေးခွန်းတွေထဲမှာ အကြာကြီး မျောပြီး မနေနိုင်ဘူး၊ အနောက်က တယောက်ယောက်လိုက်နေသလို ရှေ့က မနားတမ်းပြောနေတဲ့ စာရေးဆရာရဲ့စကားတွေ၊ ပြီးတော့ တဖျတ်ဖျတ် ပေါ်လိုက်ပျောက်လိုက်ဖြစ်နေတဲ့ ပုံရိပ်တွေနောက်ကို အံ့သြစိတ်နဲ့ မေးခွန်းတွေသယ်ပြီး အမောတကော ဆက်လိုက်နေရတာ။

စာရေးဆရာရဲ့စကားတွေအရ ခင်ဦးဇင်က ရခိုင်မတယောက် (စာရေးဆရာက ရခိုင်မ လို့ပဲသုံးတယ်၊ ရခိုင်အမျိုးသမီးလို့ မသုံးဘူး)၊ အဖေ ရခိုင်၊ အမေ ရခိုင် ၊ ရခိုင်မိဘနှစ်ပါးက မွေးပြီး ရခိုင်သွေး တစ်ရာရာနှုန်းပါတဲ့ ရခိုင်တယောက်။ ဒါပေမဲ့ ခင်ဦးဇင်ရဲ့ဇာတိက ရခိုင်ပြည်နယ်ထဲ မဟုတ်ပြန်ဘူးတဲ့။ ရခိုင်သား အဖေနဲ့အမေက အိမ်ထောင်ကျပြီး မကြာမတင်မှာ ရေကြည်ရာမြက်နုရာ ရှာဖွေစားသောက်ဖို့ ရခိုင်ပြည်ကို စွန့်ပြီး ထွက်ခဲ့ကြတာ၊ တိတိကျကျ ပြောရရင် မြန်မာပြည်အထက်ပိုင်းအနှံ့ ခြေဆန့်ခဲ့တာ၊ ပြီးတော့ အဲဒီလို ထွက်လာကြပြီး နှစ်နှစ်ကျော်အကြာ၊ ကျောက်စိမ်းမှော်တခုမှာ သမီးအကြီးဆုံး ခင်ဦးဇင်ကို မွေးဖွားခဲ့တာတဲ့။ စာရေးဆရာရဲ့ ဝတ္ထုဇာတ်လမ်း ထဲမှာတော့ အမေက ခင်ဦးဇင်ကို ဒီအကြောင်းတွေ ဇာတ်ကြောင်းပြန်ပြောပြလို့ ခင်ဦးဇင် သိခဲ့ရတယ်ပေါ့။ သူတို့ ရခိုင်ပြည်ကထွက်လာတဲ့အကြောင်းကို လုပ်စားကိုင်စားရတာ ကျပ်တည်းလို့ပါဆိုပြီး အမေက ခင်ဦးဇင်ကို အဖွဲ့အနွဲ့ကင်းကင်းပြန်ပြောခဲ့တယ်ပေါ့။ ခင်ဦးဇင် မှတ်မိတဲ့အရွယ်ရောက်တဲ့အထိ နေတဲ့နေရာက အခြေတကျ မရှိသေးဘူး၊ စာရေးဆရာရဲ့ စကားအသုံးအရ ခင်ဦးဇင်တို့မိသားစုဘဝက ဆန်ကောထဲ လိမ့်နေတဲ့လောက်စာလုံးတွေလို မြန်မာပြည်အထက်ပိုင်း တနံတလျား လူးလာခတ်နေခဲ့တာတဲ့။

နေရိပ် မထိုးတဲ့ အရွက်ဖားဖား ငှက်ပျောတောကြီးထဲ အဖေ မရပ်မနား လှည့်လည်နေရတာမျိုး၊ ညနေမိုးချုပ်စပြုတဲ့ အချိန်တွေမှာ အဖေက ကျောက်ခေါက်တဲ့ တူကို နွမ်းရိစုတ်ပြတ်နေတဲ့ ကချင်လွယ်အိတ်ထဲထည့်လွယ်ပြီး အိမ်ကို ယိမ်းယိမ်းထိုးထိုး ပြန်လာတာမျိုးတွေက ခင်ဦးဇင်မှတ်ဉာဏ်ထဲ မှတ်မိနေသေးတဲ့ အဖေ့ပုံရိပ်တွေတဲ့။ အမေကကျတော့ အမြဲတမ်းနီးပါး ဗိုက်ကြီးနာစွဲနေခဲ့သလိုပဲတဲ့။ ဆိုတော့ ပြန်တွေးလိုက်ရင် ခင်ဦးဇင်ရဲ့ မျက်စိထဲမှာ ဗိုက်ဖုံးအင်္ကျီ တကားကားနဲ့ ဈေးရောင်းနေတဲ့ ပုံ၊ ထမင်းဟင်းချက်နေတဲ့ ပုံ၊ ခင်ဦးဇင်ရဲ့ အောက်က မောင်နှစ်ယောက်နဲ့ ညီမတယောက် မွေးခဲ့တာတွေ၊ ပြီးတော့ ကလေး ထိန်းနေတဲ့ ပုံတွေကို ပြန်မြင်တယ်ပေါ့။ ဒါပေမဲ့ အဲဒီလို ပြန်မြင်တာကလည်း ပြတ်ပြတ်သားသား မဟုတ်ဘဲ မြူခိုးတွေနှင်းတွေ ကာဆီး

ထားသလို မှုန်ဝါးဝါး၊ အဲဒီလို မှုန်ဝါးဝါးကိုမှ ကိစ္စတွေ အကုန်လုံးကို ဆက်စပ်မှတ်မိနေပြန်တာမျိုး မဟုတ်ပြန်ဘဲ မိုးရွာပြီးစအချိန် လမ်းတွေပေါ်မှာ တင်ကျန်ခဲ့တဲ့ ရေကွက်တွေလို ဟိုတကွက်၊ ဒီတကွက် အဆက်အစပ် မရှိဘူးတဲ့။

ခင်ဦးဇင်ခေါင်းထဲ အမှတ်မိဆုံးတခုက အသက် တစ်ဆယ့်နှစ်နှစ်အရွယ်လောက်မှာ မန္တလေးကို ပြောင်းကြမယ်ဆိုပြီး ကားတတန် ရထားတတန် စီးခဲ့ကြတာ၊ ပြီးတော့ အခုနေနေတဲ့ ကုလားကြီးခြံရွာကို ရောက်ခဲ့ကြတာတဲ့။

အပိုင်း (၂)

စာရေးဆရာက စာရေးဆရာပီပီ နင်က ဘယ်လို၊ နင့်မိသားစုက ဘယ်ပုံနဲ့ ဖွဲ့ကာနွဲ့ကာပြောပြနေတယ်။ အဲဒါက ကင်းဘတ်စအလွတ်တချပ်မှာ ဆေးတွေ တချက်ပြီးတချက် ခြယ်လိုက်သလိုလို့ ဥပမာဆိုရမလား၊ ဒါမှမဟုတ် ကလေးတွေကစားတဲ့ အရုပ်ဆက်ကစားနည်းထဲက ဆက်လက်စအရုပ်ကလေးလိုလို့ ပြောရမလားမသိဘူး။ အကြောင်းအရာတခုချင်းစီ ပြောရင်းက ခင်ဦးဇင်ရဲ့ဘဝ ပုံပေါ်လာတယ်။ ဆွဲလက်စအရုပ်ကလေးက လက်ကလေး၊ ခြေထောက်လေး၊ ဖိနပ်လေးနဲ့ ပြည့်စုံလာသလိုပဲ။ အဲဒါတွေကို နားထောင်ရင်း၊ တခုပြီးတခု ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတဲ့ မြင်ကွင်းတွေကို အံ့သြမဆုံးဖြစ်နေရင်းက ခင်ဦးဇင်ရဲ့ စိတ်ထဲမှာ နှစ်ခုတွေးမိတယ်။

ပထမတွေးမိတာက စာရေးဆရာက သူ့အကြောင်း ဆိုပြီးပြောနေပေမဲ့ သူ့အကြောင်းမဟုတ်သလို ခံစားရတဲ့စိတ်၊ သူမဟုတ်တဲ့ အခြားသူတယောက်ရဲ့ အကြောင်းကို နားထောင်နေရသလိုပဲ ဆိုတဲ့စိတ်။ ဒါက စာရေးဆရာရဲ့ ဖန်တီးမှုတွေပဲ၊ သူ့အကြောင်း တကယ်မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူ ဘယ်သူ၊ ဘယ်ဝါ ဆိုတာကိုတော့ ယတိပြတ်ပြောပြီး ခင်ဦးဇင်က သေချာမငြင်းနိုင်ဘူး။ သူက လူတယောက်ပဲ၊ ဒါကြောင့် ကိုယ်ပိုင်အတွေးတွေ တွေးတတ်၊ ကိုယ်ပိုင်ခံစားချက်တွေခံစားတတ်နေတာ၊ စာရေးဆရာ ပြောသလို သူသာ ဝတ္ထုထဲကဇာတ်ကောင်တကောင်ဆို ဒီလိုမဖြစ်နိုင်ဘူး ဆိုတာလောက်ကိုပဲ ခင်ဦးဇင် ပြောနိုင်တာ။

ဒါပေမဲ့ သူ ဘယ်သူလဲ၊ ဘယ်က လာသလဲ၊ စာရေးဆရာရဲ့ ဝတ္ထုထဲကို ဘယ်လိုရောက်လာသလဲ၊ တွေးပြန်တော့လည်း လူက ဘာမှမရှိတဲ့တွင်းနက်ကြီးထဲ ပစ္စည်းတခုခုကို နှိုက်ယူ နေရသလိုမျိုး။ အဲဒီမှာ ခင်ဦးဇင် စဉ်းစားတယ်၊ သူ ဘာလုပ်ရမလဲပေါ့။ သူ့မှာ လတ်တလော သွားဖို့ နေရာ မရှိနေဘူး။ ဘယ်ကို ဘယ်လို သွားရမယ်မှန်းလည်း သူ မသိဘူး။ သူ့အကြောင်းကိုလည်း သူ ဂဃနဏ မသိဘူး။ အဲဒီလို သိဖို့အတွက်က အချိန် ဘယ်လောက်ကြာမယ်၊ အချိန် ဘယ်လောက်ယူရမယ်ဆိုတာကိုလည်း မသိဘူး။ ပြီးတော့ ခုနကတင် တွေကြုံထားတဲ့ အမှောင်ထုနဲ့ တိတ်ဆိတ်မှုကိုလည်း မမေ့သေးဘူး။ ဒီတော့ အဲဒီကြားကာလမှာ စာရေးဆရာ ပြောတဲ့အတိုင်းနေပြီး သူ့ဝတ္ထုဇာတ်ကောင်နေရာမှာ ခေတ္တဝင်ခိုရမလားပေါ့။

အဲဒါနဲ့ ဆန့်ကျင်ဘက် နောက်တခုတွေးမိတာက စာရေးဆရာရဲ့ ပုံပန်းသဏ္ဌာန်နဲ့ ဟန်ပန်အမူအရာပဲ။ စာရေးဆရာရဲ့ဟန်က တင်းတင်းမာမာ၊

မော်မော်ကြွားကြွားကြီး မဟုတ်ပေမဲ့ သူ့ကြောင့် ခင်ဦးဇင်ဖြစ်လာရတယ်ဆိုတဲ့ ပုံစံ၊ သူက ခင်ဦးဇင်ရဲ့ ဖန်ဆင်းရှင်ဆိုတဲ့ ပုံစံ၊ ခင်ဦးဇင်က သူ့ စိတ်တိုင်းကျ ကပြ အသုံးတော်ခံရမယ်ဆိုတဲ့ ပုံစံမျိုး။ ခင်ဦးဇင်က သူ့ကိုယ်သူ ပိုင်စိုးတဲ့ သက်ရှိမဟုတ်ဘူး၊ လွတ်လပ်သူ မဟုတ်ဘူး၊ စာရေးဆရာကို ကလန်ကဆန်လုပ်လို့မရဘူး ဆိုတဲ့ ဟန်မျိုးပဲ။ မသိမသာပေါ်နေတဲ့ ပိုင်စိုးပိုင်နင်းရုပ်ကိုမှ စကားကလည်း တိုတိုပြတ်ပြတ်မပြောဘဲ လေကြောပေရှည်နေသေးတာ။ အသံစူးစူး သေးသေးအစ်အစ်နဲ့ တအိအိအသံက ခင်ဦးဇင်ရဲ့ နားထဲမှာ စီစီဖားဖားနဲ့ အပူငွေ့တွေပါသလို ခံစားနေရတာ၊ လေယူလေသိမ်းကအစ ညစ်ကျယ်ကျယ်နဲ့ မရိုးသားတဲ့သဘောဆောင်နေတယ်လို့ ခင်ဦးဇင် ထင်တယ်။ အဲဒီ အတွက် ခင်ဦးဇင်ရဲ့စိတ်ထဲမှာ စာရေးဆရာကို မကြိုက်ဘူး။

ဒီတော့ ခင်ဦးဇင်တွေးတယ်၊ သူ လုပ်နိုင်မလား၊ စာရေးဆရာခိုင်းတာတွေကို ရေရှည်မှာ သူ လုပ်နိုင်ပါ့မလား၊ ဒီလူနဲ့ ဘယ်လောက်ကြာတဲ့အထိ ခရီးသွားရမလဲ မသိဘူးပေါ့။ ပြီးတော့ စိတ်ပူတယ်။ မြန်မြန် ပြီးသွားရင် ကောင်းမယ်လို့လည်းတွေးချင်တယ်၊ ဒါပေမဲ့ အဲဒီလို မြန်မြန် ပြီးသွားပြီး ဝတ္ထုကြီးဆုံးသွားပြန်ရင်လည်း သူ့အကြောင်း သူ မသိသေးဘဲ ခိုကိုးရာမဲ့သွားမလားဆိုတဲ့ စိုးရိမ်စိတ်ကရှိပြန်တယ်။ ပြန်သတိရလာမှာပါ ဆိုတဲ့ အကောင်း မျှော်လင့်ချက်ကြားမှာ မသိမသာလေး ရောပါနေတဲ့ တကယ်လို့ ဘာကိုမှသတိမရလာခဲ့ရင် ဆိုတဲ့ အဆိုးမြင် စိတ်ကလေးပေါ့။ သိသိသာသာကြီး မဟုတ်တဲ့ မသိမသာ၊ ပန်းပွင့်ခါနီးအဖူးဘဝမှာ အပြင်ကဖုံးကာထားတဲ့ ပွင့်ချပ်တွေ ကြားကနေ ပွင့်ဖတ်နီစို့စို့လေး မသိမသာ ပေါ်နေသလိုလို့ နမူနာပြရမလားပဲ။ ဒီတော့ အားလုံးကို ချုပ်လိုက်ရင် ခင်ဦးဇင်က လတ်တလော ဘာမှန်းမသိ၊ ထူးဆန်းတဲ့ အခြေအနေမှာ စာရေးဆရာရဲ့အလိုကျနေဖို့ကို လက်ခံလိုက်မယ်တွေးတယ်၊ ဒါပေမဲ့ စာရေးဆရာကိုတော့ သဘောမကျလှဘူး၊ မချစ်သော်လည်း အောင့်ကာ နမ်းရမဲ့ အခြေအနေမျိုး၊ အဲဒီလို ဆိုပါတော့။

ဆိုတော့ နင်က ရခိုင်လူမျိုးဆိုပေမဲ့ ရခိုင်အကြောင်းကို သိပ်မသိဘူး။ နင်က ရခိုင်ကို တခါတည်း ရောက်ခဲ့ဖူးတာ၊ ပြီးတော့ အဲဒါကလည်း နင့်မိဘတွေရဲ့ မွေးရပ်မြေ၊ တောင်ကုတ်နားက ရွာ။ နင် ဝတ္ထုရေးမယ့်နေရာ မဟုတ်ဘူးတဲ့။

စာရေးဆရာရဲ့ အပြောအရ ခင်ဦးဇင်က စာရေးဆရာ၊ လက်ရှိ ဝတ္ထုတပုဒ်ရေးနေတယ်၊ ဇာတ်အိမ်တည်ထားတဲ့နေရာက ရိုဟင်ဂျာကိစ္စ အဓိကရုဏ်းဖြစ်တဲ့ ကျောက်တော်၊ မောင်တော၊ မြောက်ဦး၊ အဲဒီ ရခိုင်ပြည်မြောက်ပိုင်းနေရာတွေ။ ဒါပေမဲ့ ခင်ဦးဇင် ရောက်ဖူးတာက မိဘတွေရဲ့ဇာတိ တောင်ကုတ်နားကရွာ၊ အဲဒါကလည်း

ငယ်ငယ်ကရောက်ဖူးတာဆိုတော့ ခင်ဦးဇင်စိတ်ထဲ အများကြီးမမှတ်မိတော့ဘူး။ မန္တလေးအထိ ရထား အကြာကြီးစီးရတာ၊ မန္တလေးကမှ တောင်ကုတ်အထိ ညအိပ်ကားအကြာကြီး ထပ်စီးရတာ၊ ပြီးတော့ မော်တော် အကြာကြီးစီးပြီးသွားရတာတွေကို ခင်ဦးဇင်က မှတ်မိတယ်၊ ကမ်းကိုလှမ်းမြင်နေရတဲ့ တောင်ကုတ်ချောင်းရိုးတလျှောက် မော်တော်က တဒီးဒီးနဲ့ အကြာကြီးခုတ်နေခဲ့တာ၊ ရေတွေက နောက်ကျိနေတာ၊ ပြီး ခင်ဦးဇင်က မျက်လုံးမှိတ်ပြီး မှေးခနဲအိပ်ပျော်သွားလိုက်၊ ခဏကြာရင် ပြန်ပွင့်လာလိုက်နဲ့ နိုးလာတော့ ရွာကိုရောက်နေတာ။ မော်တော်ပေါ်မှာ သုံးလေးနာရီလောက်ကြာတယ်၊ ရွာနာမည်က ကူးတို့ဆိပ်တဲ့၊ ချောင်းရေငန်လို့ တွင်းရေကို ငင်ပြီးသုံးရတယ်၊ ပြီးတော့ ရွာရောက်တဲ့အချိန် အသစ်ရတဲ့ သူငယ်ချင်းရဲ့ နာမည်က ဦးဘ ဖြစ်နေလို့ 'My father name is U Ba' ဆိုတဲ့ ကျောင်းစာကို သတိရပြီး ရယ်တာကိုမှတ်မိတယ်တဲ့။

အမှန်တော့ အဲဒါတွေက အရေးမကြီးဘူး၊ မမှတ်မိလည်းရတယ်၊ ဇာတ်ကောင်ကာရိုက်တာအရ နင်က အဲဒီ ဝတ္ထုရေးမယ့် နယ်မြေဒေသ၊ အချက်အလက်တွေကို ဂူဂဲလ်မှာ ရှာထားပြီးသား၊ သိသင့်သလောက်သိပြီးသား တဲ့။ နင့်စိတ်ထဲမှတ်ထားဖို့က နင်က အစွန်းရောက် အမျိုးသားရေးသမား၊ ဘင်္ဂါလီတွေ၊ မူစလင်တွေကို မုန်းတဲ့သူ၊ ဒါကြောင့် အမျိုးသားအကျိုးစီးပွားအတွက် ဝါဒဖြန့်ဖို့ရည်ရွယ်ပြီး ဒီဝတ္ထုကိုရေးမှာ။ ပိုရှင်းအောင် ပြောရရင် ရိုဟင်ဂျာတွေ ဘယ်လိုမကောင်းသလဲ၊ ရခိုင်တွေ ဘယ်လိုအပြစ်ကင်းသလဲ ဆိုတာကိုရေးမှာ။ ဒီနေရာမှာ တခုထပ်မှတ်ရမှာက ငါက ရိုဟင်ဂျာလို့ သုံးပေမဲ့ နင်က မသုံးဘူး။ ရခိုင်အများစုသုံးနေကျ ဘင်္ဂါလီဆိုတဲ့ စကားကိုပဲ သုံးမှာ၊ ဆိုတော့ ဒီလောက်ဆို အခု နင် ဝတ္ထုရေးတဲ့ အခန်းကို သွားကြစို့ တဲ့။

စာရေးဆရာရဲ့ စကားဆုံးတယ် ဆိုရင်ပဲ ခင်ဦးဇင် ကျော်ပြီး ကြည့်နေတဲ့ ပြတင်းပေါက်ကို မျက်နှာမူထားတဲ့ လေးထောင့်စားပွဲ တလုံးနဲ့ သစ်သားခုံ တခုံ ဘွားခနဲ ပေါ်လာတယ်။ ပြီးတော့ အဲဒီ ပြတင်းပေါက်နေ မြင်နေရတဲ့ မြင်ကွင်းက ပိုပြီးတော့ အသေးစိတ်လာတယ်။ မျက်စိရှေ့မှာ မြင်နေရတဲ့ သစ်ပင်ဝါးပင်တွေရဲ့ အရိပ်မထင်မရှားက ထီးထီးမည်းမည်းကြီး ရှိနေတဲ့ မန်ကျည်းပင်ဖြစ်သွားပြီး လဆန်းရက်ရဲ့ လစောက်ထိုးခပ်ကွေးကွေးက အဲဒီမန်ကျည်းကိုင်းတွေ ကြားမှာ ခုနကအတိုင်းမရွေ့မလျား ရှိနေတယ်။ ပြီးတော့ မှိန်ဖျော့ဖျော့ လရောင်က အဲဒီမန်ကျည်းပင်အိုရဲ့အကိုင်းကြားက ဖြတ်သန်းပြီး ခင်ဦးဇင်ထိုင်နေတဲ့ စာကြည့်စားပွဲပေါ်ကို ဖြာဆင်းနေတာ။

ခင်ဦးဇင်ရဲ့ အရှေ့၊ စားပွဲပေါ်ကနာရီက ရှစ်နာရီခွဲကို ညွှန်ပြနေတယ်၊ အမေ့ရဲ့ ဘုရားရှိခိုးသံ၊ အဖေ့ရဲ့ တီဗွီက အသံတွေက ကြားနေရတုန်းပဲ၊ ပြီးတော့

အိမ်ရှေ့လမ်းပေါ် ဝူးခနဲ အသံကျယ်ကြီးနဲ့ဆိုင်ကယ်တချို့ ဖြတ်မောင်းသွားတဲ့အသံ၊ ခပ်ဝေးဝေးတနေရာကနေ ကာလသားတချို့ ပြတ်တောင်းပြတ်တောင်းအော်ဆိုလိုက်တဲ့ ကီးကြောင်သီချင်းသံ၊ အသံပေါင်းစုံက ရောထွေးပြီး ခင်ဦးဇင်နားထဲကို တိုးဝင်လာတယ်။

စာရေးဆရာက ခိုင်းတဲ့အတိုင်း နာခံပြီး စာရေးစားပွဲမှာ ဝင်ထိုင်လိုက်ပေမဲ့ ဘာတွေရေးရမယ်ဆိုတာ ခင်ဦးဇင် မသိဘူး။ လက်ထဲ သူ့အလိုလိုရောက်လာတဲ့ ဘောလ်ပင်ကိုကိုင်ပြီး အသင့်အနေအထား ရှိနေတယ်။ အဲဒီမှာ စာရေးဆရာက မိုးရိပ်မိုးငွေ့ သင်းနေတဲ့ အေးစက်စက် လေအဟှေ့မှာ ထောင်းခနဲ ရောပါလာတဲ့ နွားချေးနံ့နဲ့ မြေကြီးနံ့၊ ခင်ဦးဇင်ထိုင်နေတဲ့ စာကြည့်စားပွဲခုံရဲ့ခြေထောက်နားမှာ ထွန်းထားတဲ့ ခြင်ဆေးခွေနံ့တလူလူ၊ ခြင်ဆေးနံ့တွေကြားမှာ မူးချာလည်ပြီး အဝေးကို ပျံပြီးမပြေးနိုင်တော့တဲ့ တဝီဝီ ခြင်ကျားတကောင်၊ မျက်နှာမူထားရာပြတင်းဝကို ဖြတ်ပြီးမြင်နေရတဲ့ မှောင်မှောင်မိုက်မိုက်မြင်ကွင်း၊ ပြီးတော့ ခင်ဦးဇင်ရဲ့အာရုံတွေက လေနှင်ရာလွင့်တဲ့တိမ်မျှင်တွေလို ဖြစ်နေတဲ့ အကြောင်း၊ အဆင်း၊ အသံ၊ အနံ့၊ အတွေ့၊ အတွေး ဆိုပြီး ခင်ဦးဇင်ကို အာရုံတခုချင်းစီ ပြောပြတယ်၊ ဒါမှ စာဖတ်သူရဲ့ စိတ်မှာ တကယ်လို့ထင်လာမြင်လာမှာတဲ့။ စာရေးဆရာ ပြောသမျှ လိုက်လုပ်မယ်လို့တွေးပြီးတဲ့နောက်တော့ ခင်ဦးဇင်အများကြီး မစဉ်းစားတော့ဘူး။ စာရေးဆရာက တော်တော် ထောင့်စေ့တာပဲဆိုတာလောက်တွေးပြီး ပြောသမျှ၊ ထိုင် ဆိုရင် ထိုင်၊ အသံကြား ဆိုရင် ကြား၊ အနံ့ ရတယ် ဆိုရင် ရ၊ နောက်ဆုံး စာအုပ်ယူပြီး လှန် ဆိုရင် လှန်နဲ့ ခိုင်းသမျှကို တစ်သေဝမတိမ်းလိုက်လုပ်ပြီး စိတ်အာရုံမှာပုံဖော်နေလိုက်တယ်။

ဒီနေ့တော့ နင့်ဘဝအကြောင်းနဲ့ ရပ်လိုက်မယ်၊ မနက်ဖြန်မှ နင်ရေးမဲ့ ဝတ္ထုအကြောင်း ဆက်ကြတာပေါ့။

စာရေးဆရာရဲ့စကားသံနဲ့အတူ ခင်ဦးဇင်ရဲ့ ဘေးပတ်ပတ်လည်မှာရှိနေတဲ့ အဆင်း၊ အနံ၊ အသံ အာရုံခံစားမှုတွေ အကုန်လုံး ဖျတ်ခနဲပျောက်သွားပြီး အမှောင်ပြင်ကြီးဖြစ်သွားတယ်။ ဘာလဲ၊ ဒါ ဘာဖြစ်တာလဲ။ ခင်ဦးဇင် စာရေးဆရာ လို့ အော်လိုက်တယ်။ ဒါပေမဲ့ ခင်ဦးဇင်ရဲ့အသံတွေက ထွက်မလာသလို စာရေးဆရာရဲ့ ပြန်ထူးသံကိုလည်း မကြားရဘူး။ သူက တကယ်ပဲ စာရေးဆရာဖန်တီးထားတဲ့ ဇာတ်ကောင်လား၊ စာရေးဆရာ ရှိနေတုန်း သူ မြင်နေရတာတွေက စာရေးဆရာ မရှိတော့လို့ ပြန်ပျောက်သွားတာလား။ စာရေးဆရာ ခိုင်းသမျှလိုက်လုပ်နေတုန်းက မေ့သလိုဖြစ်နေတဲ့မေးခွန်းက ခင်ဦးဇင်ရဲ့ ခေါင်းထဲမှာ ပြန်ပေါ်လာတယ်။ ခုနကလောက် ပြတ်ပြတ်သားသား မဟုတ်ပေမဲ့၊ မဟုတ်နိုင်ပါဘူးလို့တော့ ခင်ဦးဇင်ရဲ့စိတ်ထဲကနေ

ခပ်ပျော့ပျော့ငြင်းမိတယ်။

လူပဲ၊ သူက လူအစစ်တယောက်ပဲ၊ အဲဒါ သေချာတယ်ပေါ့။ စာရေးဆရာက သူ့ကို တခုခုလုပ်ပြပြီး လိမ်နေတာပေါ့။ ဒါပေမဲ့ သူ လူဖြစ်တာကို ပြဖို့ ခင်ဦးဇင်မှာ သက်သေက ရှိမနေဘူး။ မှောင်မိုက်နေတဲ့ အပြင်ကြီးထဲမှာ အလင်း တစတလေ၊ ထွက်ပေါက်တခုတလေ တွေ့မလားလို့ ခင်ဦးဇင် ရှာတယ်။ ဒါပေမဲ့ ဘာဆိုဘာကိုမှ မမြင်ရဘူး။ အမှောင်ထုထဲ တိုးဝင်ပြီး နံရံတစ်ခုခုကို ရှာမယ်လို့ ခင်ဦးဇင်ကြိုးစားပေမဲ့ နံရံကိုလည်း မတွေ့ရဘူး။ သူရောက်နေတဲ့နေရာက အဆုံးအစမဲ့တဲ့ အမှောင်ခန်းတခုလို ဖြစ်နေတာ။

သူက အမှန်တကယ်ပဲ စာရေးဆရာ ဖန်တီးထားတဲ့ ဇာတ်ကောင်လား၊ မေးခွန်းက ခင်ဦးဇင်ရဲ့ ခေါင်းထဲမှာ လိုဏ်ခေါင်းထဲ ပဲ့တင်ထပ်နေတဲ့အသံလိုပဲ။ ဘာလဲ၊ သူက ဘယ်သူလဲ၊ အခု ဘာတွေ ဖြစ်နေတာလဲပေါ့။ မေးခွန်းတွေ မဆုံးဘူး။ နောက်ဆုံး ဘာမှ လုပ်မရမဲ့ အတူတူ အိပ်လိုက်တော့မယ်လို့ ခင်ဦးဇင် ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ ခင်ဦးဇင်ရဲ့ မျက်လုံးတွေက ပိတ်မရပြန်ဘူး။ တွေးနေရင်းပဲ အခန်းရဲ့အမှောင်က ပိုပိုပြီးမှောင်လာသလို ခင်ဦးဇင် ခံစားနေရတယ်။ မနက်ဖြန် ဘာဆက်ဖြစ်မှာလဲ၊ ခင်ဦးဇင် တွေးတယ်။ ဘာမှ ပေါ်မလာဘူး။ အခုကော ဘာတွေ ဖြစ်နေသလဲ။ အဲဒီ မေးခွန်း အတွက်လည်း ခင်ဦးဇင်မှာ အဖြေ မရှိပြန်ဘူး။ အတွေးတွေက စာရေးဆရာပြောပြခဲ့တဲ့ သူ့အကြောင်းတွေဆီ ရောက်သွားတယ်။

မဟုတ်ပါဘူး၊ အဲဒါ သူ့အကြောင်း မဟုတ်ဘူး၊ အဲဒါ စာရေးဆရာ လျှောက်ပြောထားတာတွေလို့ ခင်ဦးဇင် ငြင်းတယ်၊ ဒါပေမဲ့ အခု ကြုံနေရတဲ့အဖြစ်တွေက စာရေးဆရာရဲ့စကား မှန်တယ်လို့ ထောက်ခံခိုင်းနေတယ်။ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အမှောင်ပြင်ကြီးက ခင်ဦးဇင်ရဲ့ စိတ်ကို ချိုးဖဲ့ဖျက်ဆီးနေသလိုပဲ။ စာရေးဆရာမရှိတဲ့အချိန် သူ့ကိုယ်သူ ဘယ်သူဆိုတာ လိုက်ရှာမယ်ဆိုတဲ့ အတွေးကိုတောင် ခင်ဦးဇင် သတိမရတော့ဘူး။

အပိုင်း (၃)

အခု မနေ့က ပြောထားတဲ့အတိုင်း နင်ရေးမယ့်ဝတ္ထုဆီကို သွားကြတာပေါ့တဲ့။ စာရေးဆရာ ရောက်လာတာနဲ့ တပြိုင်နက် ခင်ဦးဇင်ရဲ့ နံဘေးကမြင်ကွင်းတွေက မနေ့ကအတိုင်း ပြန်ဖြစ်သွားတယ်။ ပြတင်းပေါက်၊ လဖောက်ထိုး၊ မန်ကျည်းပင်၊ စာရေးစားပွဲ၊ ပြီးတော့ ခြင်ဆေးခွေနံ့နဲ့ မနေ့ကအတိုင်း တချက်တချက် ကြားရတဲ့အသံတွေ။ တိတ်ဆိတ်ပြီး အသံကင်းမဲ့နေတဲ့ အမှောင်ထုကြီးထဲမှာ အချိန်အတော်ကြာ ထိုင်နေခဲ့ရတဲ့ ခင်ဦးဇင်၊ အလင်း၊ အသံနဲ့ ပုံရိပ်တွေကို မြင်တော့ စိတ်ထဲ လှိုက်ခနဲဝမ်းသာသွားတယ်။ အမိုက်တိုက်ကြီးထဲ ထီးတည်းချန်ထားခံခဲ့ရတာကို မေ့ပြီး စာရေးဆရာကို ကျေးဇူးတင်လိုက်တာလို့ ပြောမိလုလုပဲ။ ပြီးတော့ စိတ်ထဲမှာလည်း စာရေးဆရာရဲ့ခပ်ဆိုးဆိုးရုပ်ကို မဆိုးလှဘူးလို့တောင် အကောင်းမြင်မိသလိုဖြစ်သွားတယ်။

ဒါပေမယ့် စာရေးဆရာကတော့ ခင်ဦးဇင် အဲဒီလိုတွေ ဖြစ်နေတာကို ဂရုစိုက်ပုံမရဘူး။ နင့်ရှေ့က စာအုပ်ကိုယူလိုက်၊ အဲဒါ နင့်ဝတ္ထုထဲမှာ ထည့်မယ့်အချက်အလက်တွေကို မှတ်ထားတဲ့မှတ်စုစာအုပ် တဲ့။ သူ့ရဲ့ အသံစူးစူးနဲ့ ခင်ဦးဇင်ကို ပြောတယ်။

မှတ်စုစာအုပ်တဲ့၊ ဘာတွေများ မှတ်ထားပါလိမ့် လို့ တွေးရင်းက မျက်စိရှေ့ ဖျတ်ခနဲရောက်လာတဲ့ စာအုပ်ကို ခင်ဦးဇင် ကောက်ယူပြီးလှန်လိုက်တယ်။ အဲဒီမှာ ပထမဆုံး တွေ့ရတာက မေလ၊ ၂၈ ရက်၊ ၂၀၁၂ ခုနှစ် ကျောက်နီမော်လမ်း၊ သီတာထွေးမုဒိမ်းမှု တဲ့။ စာအုပ်ထဲက လက်ရေးက စာလုံးသေးသေးလေးတွေကိုမှ တလုံးနဲ့ တလုံး ပူးကပ်နေပေမဲ့ ဖတ်ရတာမရှုပ်ဘူး။ ရှင်းတယ်။

အဲဒီလက်ရေးကို သေချာ ကြည့်နေတုန်းမှာပဲ စာရေးဆရာက နင့်လက်ရေးလေ၊ မိန်းမပီသတဲ့လက်ရေး လို့ လှမ်းပြောတယ်။ ခင်ဦးဇင်လည်း ဟုတ်ကဲ့လို့ ပြန်ပြောပြီး အောက်စာတကြောင်းကို ဆင်းဖတ်လိုက်တော့ ဆက်ရေးထားတာက တဖက်ရွာ စက်ချုပ်သင်တန်းကနေ အိမ်အပြန်လမ်းတွင် ဖြစ်၊ ဘင်္ဂါလီ သုံးယောက်က ကြိုတင်ကြံစည်၍ ဓားပြတိုက် မုဒိမ်းမှုကျူးလွန်ခြင်း ဖြစ်တဲ့။ ပြီးတော့ စာကို နောက်တကြောင်း ဆင်းပြီး လမ်းဘေးမြက်ပင် စိမ်းစိမ်းများကြားတွင် စုတ်ပြဲနေသော အဝတ်အစားများ (ဘေးမှာ ကွင်းစကွင်းပိတ်နဲ့ ခေါင်းစွပ်တီရှပ် အဖြူရောင်လို့ မှတ်ထား)၊ သွေးစို့ နေသော ပွန်းပဲ့ခြစ်ရာများ၊ သွေးများနှင့် စိုခဲနေသောဆံပင်များ၊ ဓားနှင့် ဟက်တက်အလှီးခံထားရသော လည်ပင်း၊ ဖူးယောင်အမ်းပြီး နာကျင်ဟန် အထင်းသားနှင့် မျက်နှာ၊ မျက်လုံးထောင့်စွန်းမှာ ခြောက်ကပ်နေသော

မျက်ရည်စီးကြောင်း ဆိုပြီး ဆက်ရေးထားတယ်။ အဲဒီအောက်မှာက သတင်းစာကနေ ဖြတ်ထားပုံရတဲ့ ပုံတပုံကို ကော်နဲ့ကပ်ထားတယ်။ ပုံက အဖြူအမဲ၊ ခပ်ဝါးဝါးနဲ့ ခပ်သေးသေးပဲ။ ပြီးတော့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကိုလည်း ရှင်းရှင်းလင်းလင်းမမြင်ရဘူး။ ပြီး မိန်းကလေးရဲ့ မျက်နှာကိုကလည်း အနက်ရောင်လေးထောင့်တုံးနဲ့ ဖုံးထားသေးတာ။

အဲဒီပုံက အစိုးရသတင်းစာကနေ ဖြတ်ထားတာ။

အစိုးရသတင်းစာ။ စာရေးဆရာရဲ့ အသံက ခင်ဦးဇင်ရဲ့ နားထဲကို ဝင်လာတယ်။ အဲဒါကို နားထောင်ရင်းကပဲ ခင်ဦးဇင်ရဲ့ စိတ်ထဲ အင်းပေါ့၊ ရိုဟင်ဂျာတွေ၊ မဟုတ်သေးဘူး၊ ရိုဟင်ဂျာတွေဆိုတာ စာရေးဆရာရဲ့ အသုံး၊ သူက ဘင်္ဂါလီလို့ သုံးတယ်လို့ ပြောထားတာပဲ၊ ဒီတော့ ဘင်္ဂါလီပေါ့၊ အဲဒီ ဘင်္ဂါလီမကောင်းကြောင်းရေးမယ့်ဝတ္ထုမှာ ဒီလိုမုဒိမ်းမှုက ပါရမှာပေါ့လို့ တွေးမိတယ်။ ပြီးတော့ တဆက်တည်းမှာပဲ ဒါနဲ့ နေပါဦး သတင်းဓာတ်ပုံထဲမှာ အလောင်းပေါ်က ခြောက်နေတဲ့ မျက်ရည်တွေကို မြင်ရပါ့မလားလို့ ဆက်ပြီးတွေးမိရော။ ပုံက သေးသေးနဲ့ ဝါးဝါး၊ ပြီးတော့ မျက်နှာကိုလည်း အမည်းတုံးနဲ့ ဖုံးထားသေးတာ၊ ဘယ်မြင်ရမှာတုန်းပေါ့။ အဲဒီမှာ စာရေးဆရာက ခင်ဦးဇင်ရဲ့အတွေးကို ဘယ်လိုသိသွားတယ် မသိဘူး၊ ချက်ချင်းတုံ့ပြန်တယ်။

ဓာတ်ပုံက ခပ်သေးသေးဆိုတော့ အလောင်းပေါ်က ခြောက်နေတဲ့မျက်ရည်တွေကိုတော့ ဘယ်မြင်ရမလဲ၊ ဒါပေမဲ့ အဲဒါက ဝတ္ထုထဲမှာဆိုရင် ဇာတ်လမ်းကို ပိုပြီးအရှိန်တက်စေမယ်၊ ဖတ်တဲ့သူရဲ့နာကျည်းစိတ်ကို ပိုပြီးပြင်းပြစေမယ်၊ အဲဒါကြောင့် ထည့်ရေးထားတာ။

ဒါပေမယ့် အဲဒါက ဟုတ်မှ…မ…။ ခင်ဦးဇင် ခပ်တိုးတိုး ငြင်းမိတဲ့စကားက အဆုံးမသတ်လိုက်ရဘူး။ စာရေးဆရာက ချက်ချင်းပဲစကားဖြတ်ပြီး ဘယ်သူမဆို ဒီလိုအဆုံးသတ်သွားတဲ့ သူ့ဘဝရဲ့နောက်ဆုံးချိန်မှာ မျက်ရည်ကတော့ကျမှာပဲ၊ ဒါက လိမ်တာတော့မဟုတ်ဘူး၊ ဘယ်လိုပြောရမလဲ၊ ပြောချင်ရင် နည်းနည်းပိုရေးထားတာလို့ပဲ ပြောရမယ်၊ ဝတ္ထုရေးတယ်ဆိုတာက ဒီလိုပဲ၊ ချုံ့သင့်တာကို ချုံ့၊ ချဲ့သင့်တာကို ချဲ့ရတာပဲလို့ ပြန်ပြောတယ်။ ခင်ဦးဇင်လည်း အများကြီး ပြန်ငြင်းမနေဘူး၊ ဒါကြီးက မဟုတ်သလို ခံစားနေရပေမဲ့ အင်းပေါ့၊ ထားပါတော့လေလို့ တွေးပြီး နောက်စာရွက်တမျက်နှာကို လှန်လိုက်တယ်။

အဲဒီ နောက်တမျက်နှာမှာ ရေးထားတာက ဧပြီလ၊ ၃ ရက်၊ ၂၀၁၈ ခုနှစ် ရွှေဇံချောင်းအနီး ခေးနှင့် သံတုတ် ကိုင်ဆောင် ထားသည့် အကြမ်းဖက်သမားသုံးဦး၏ တိုက်ခိုက်မှုကြောင့် မြို့တိုင်းရင်း သူတဦး ဦးခေါင်းပြတ်ရှ ဒဏ်ရာလေးချက်နှင့် သေဆုံး တဲ့။ ပြီးတော့ အဲဒီအကြောင်းကို ထပ်မရေးတော့ဘဲ

နောက်စာကြောင်းတကြောင်း ဆင်းသွားပြီး မှတ်စုက ပြောင်းသွားတယ်။

အာဆာအကြမ်းဖက်အဖွဲ့ဝင် ၁၃၀၀ ကျော်၏ အမည်စာရင်းကို နိုဝင်ဘာ ၁၄ ရက်၊ ၂၀၁၇ ခုနှစ် တွင် မြန်မာမှ ဘင်္ဂလားဒေ့ရှ်သို့ပေးအပ် တဲ့။ အဲဒီအောက်၊ နောက် တကြောင်းမှာက ဂုလ်တာစ်ဘေဂေါင် (၁၄) နှစ်၊ (ဘ) နာဇီဟူစိန် လို့ ရေးထားပြီး ဘေးနားမှာ ကွင်းစကွင်းပိတ်နဲ့ အဝါခံတွင် ခဲရောင် အပွင့်အချိတ်များပါသည့် ပါတိတ်အင်္ကျီကို ဝတ်ထား၊ ခေတ်ပုံတွင် ၅ ဟု နံပါတ်တပ်ထားလို့ မှတ်ထားတယ်။ နောက်တကြောင်းမှာကြတော့ နူရ်ကာအီဒါ (၁၄) နှစ်၊ (ဘ) ရှောင်ရှအာလမ် လို့ ရေးထားပြီး အဲဒီဘေးကမှ စိမ်းပြာနုစပို့စ်ရှပ်အင်္ကျီကို ဝတ်ဆင်ထား၊ ခေတ်ပုံတွင် ၅ ဟု နံပါတ်တပ်ထားလို့ မှတ်ထားတယ်။

အဲဒီနှစ်ယောက်က ဗမာဘက်ကနေ လွှဲပြောင်းပေးလိုက်တဲ့ အာဆာအကြမ်းဖက်အဖွဲ့ထဲက အသက်အငယ်ဆုံး နှစ်ယောက်၊ ကောင်လေးတယောက်၊ ကောင်မလေးတယောက်၊ ခေတ်ပုံပေါ်မှာ ရေးထားတဲ့ '၅' ဆိုတာ ဘာအဓိပ္ပာယ်လဲတော့ ငါ မသိဘူး။ နင်လည်း သိစရာ မလိုဘူး။ အဲဒီနှစ်ယောက်ဆိုတာ သိရင် ရပြီ။

စာရေးဆရာရဲ့ စကားကို နားထောင်နေရင်း ခင်ဦးဇင် စာရွက်နောက်တရွက်ကို လှန်လိုက်တယ်။ အဲဒီမှာ ရေးထားတာက ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့၊ ညဆယ်နာရီတွင် မောင်တောမြို့မ အနောက်ရပ်ကွက်နေ ဇော်မီအာမက်၏ နေအိမ်တွင် Parabellun- PARATENTED စာတမ်းပါ ၉ မမ ပစ္စတို (၁) လက်၊ ကျည်အိမ် တခု၊ ကျည် (၂၃) တောင့်တို့ အတူ ဖမ်းဆီးရမိ တဲ့။ ခင်ဦးဇင် စာရွက်ကို နောက်ထပ် သုံး၊ လေး၊ ငါးရွက်လောက် ကျော်ပြီး ထပ်လှန် လိုက်တယ်။

နိုဝင်ဘာ ၃၀ ရက်၊ ၂၀၁၇ တွင် ဦးစောလှကျွန်းပေါ်တွင် ဆော်လမူလာ (၃၄) နှစ် နှင့် အလီယာမောက် (၁၉) နှစ်တို့ နှစ်ဦးအား WY စိတ်ကြွဆေးပြား ၁၉၀၀၀၀ ပြားနှင့်အတူ ဖမ်းဆီးရမိ။

ခင်ဦးဇင် စာမျက်နှာတွေကို ကျော်ဖတ်လိုက်တယ်။ စာကြောင်း တွေက မဆုံးဘူး။ လက်နက်တွေ ဖမ်းမိတာ၊ ဒိုင်းနက်တိုင်းရင်းသား တွေ အသတ်ခံရတာ၊ အာဆာအစွန်းရောက်တွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့တဲ့ ဟိန္ဒူအလောင်း ၄၅ လောင်းကို ဖော်တာ၊ မောင်တောဒေသ က ရဲစခန်းတွေကို ARSA အစွန်းရောက်တွေက လာရောက် ပစ်ခတ်တိုက်ခိုက်တာ၊ အားလုံးက ဘင်္ဂါလီတွေရဲ့ ရက်စက်မှုတွေ၊ ပြီးတော့ တမန်းသား၊ နံ့သာတောင်၊ သဘော်ကွေ့၊ ကျီးကျွန်း၊ မီးတိုက်ချောင်း၊ နတ်ချောင်း၊ ဇီးပင်ချောင်း၊ လောင်းဒုံ၊ မောင်းနီ၊ သီဟိုဠ်၊ ဇင်ပိုင်ညာ၊ ကျောက်ပြင်ဆိပ် အစရှိတဲ့၊ နံပါတ်စဉ် ၂၅ အထိ ထိုးထားတဲ့ ရဲကင်း

စခန်းနာမည်တွေနဲ့ မောင်တောမြို့ပတ်လည်က ရဲကင်းစခန်း ခြောက်ခုကို ဝင်တိုက်တာတွေ။ ရက်စွဲက ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် တဲ့။ ရက်စွဲရဲ့ အနောက်မှာက ကွင်းစကွင်းပိတ်နဲ့ ဒေါ်အောင်ဆန်းစု ကြည်ရဲ့ ရခိုင်အစီအရင်ခံစာထွက်ပြီး နောက်တရက်လို့ ရေးထား တယ်။

အဲဒီသတင်းတွေ အကုန်လုံးက သမ္မတရုံးရဲ့ သတင်းမှန် ပြန်ကြားရေး စာမျက်နှာကနေ ယူထားတာ၊ ဝတ္ထုထဲ ထည့်ရေးမယ့်အချက်အလက်တွေ ဆိုပါတော့။

စာအုပ်ကို တရွက်ပြီးတရွက် လှန်ကြည့်နေတဲ့ ခင်ဦးဇင်ကို စာရေးဆရာက စကားလှမ်းပြောတယ်။ မှတ်စုက စာမျက်နှာရှစ်ဆယ်ရှိတဲ့ဗလာစာအုပ် တဝက်လောက် ရှိတယ်။ အဲဒီမှာ၊ အဲဒါကို လှန်လောကြည့်နေရင်းနဲ့ပဲ ဒီလောက်များတဲ့ မှတ်စုတွေကို ထည့်ရေးမယ်ဆိုရင်တော့ ဝတ္ထုက ဝတ္ထုနဲ့မတူတော့ဘဲ သတင်းစာလိုဖြစ်သွား လိမ့်မယ်ဆိုတဲ့ အတွေးတစ်ခု ခင်ဦးဇင်ရဲ့ ခေါင်းထဲ ရောက်လာတယ်။

ဟုတ်တယ်၊ အဲဒါကြောင့် နင် ဒီဝတ္ထုကိုရေးဖို့ အချိန်ကြာနေတာ။ အမှန်ဆို အချက်အလက်တွေက စုပြီးတာ ကြာပြီ၊ ဒါပေမဲ့ အဲဒါတွေကို ဒီအတိုင်း ချရေးလို့ အဆင်မပြေဘူး။ ဒါကြောင့် ဒီ ဝတ္ထုကိုရေးဖို့ အချိန်ကြာနေတာ။

ပထမတော့ စာရေးဆရာရဲ့စကားကို ဟုတ်ကဲ့လို့ ခင်ဦးဇင် အလိုအလျောက် ခေါင်းညိတ်လိုက်တာပဲ။ ဒါပေမဲ့ အဲဒီလို ဟုတ်ကဲ့ လိုက်ရင်းကပဲ ခေါင်းထဲ မေးခွန်းတခုက ချက်ချင်း ရောက်လာတယ်။ အဲဒါက ဝတ္ထုက ဝတ္ထုနဲ့ မတူဘဲ သတင်းစာ ဖြစ်သွားလိမ့်မယ်ဆိုပြီး ခုနတုန်းကသူ တွေးလိုက်တဲ့အတွေးကို စာရေးဆရာက ဘယ်လိုသိသလဲဆိုတာပဲ။ ပြီးတော့ ခုနတုန်းက လူသေခေါင်းပုံနဲ့ မျက်ရည်ကိစ္စကိုလည်း ပြန်သတိရတယ်။ မဟုတ်ပါဘူး၊ မဟုတ်သေးပါဘူး၊ စာရေးဆရာက သူ့ရဲ့ခေါင်းထဲက အတွေးတွေကို ဘယ်လိုသိရတာလဲ၊ သူက တကယ်ပဲ စာရေးဆရာ ဖန်တီးထားတဲ့ ဇာတ်ကောင် အမှန်တကယ်ပဲလားပေါ့။ တွေးပေမဲ့ ခင်ဦးဇင်ရဲ့ခေါင်းထဲကို အဖြေကရောက်မလာဘူး။

ဘယ်လိုပဲဆိုဆို သူ့ခေါင်းထဲကတွေးတဲ့အတွေးတွေကို စာရေးဆရာက သိနေတာတော့ဖြင့် မဟုတ်သေးဘူးလို့ ခင်ဦးဇင် စဉ်းစားတယ်။ အဲဒါက မဖြစ်သင့်ဘူးပေါ့။ အဲဒီလို တွေးနေတုန်းမှာပဲ ခင်ဦးဇင် နောက်တခုကို သတိထားမိသွားတယ်။ အဲဒါက ဝတ္ထုက ဝတ္ထုနဲ့ မတူတော့ဘဲ သတင်းစာလို ဖြစ်သွားလိမ့်မယ်လို့ သူတွေးခဲ့တာ။ အဲဒီအတွေးက စာရေးဆရာတယောက်ကသာ တွေးမိမယ့်အတွေးမျိုး၊ စာရေးဆရာ မဟုတ်တဲ့ လူတယောက်အတွက် တွေးမိဖို့ ဖြစ်နိုင်ချေနည်းတဲ့အတွေး မဟုတ်ဘူးလားပေါ့။

သူ တကယ်ပဲ အဲဒီအတွေးကို သူ့အလိုလိုတွေးမိသလား၊ ဒါဆို သူက ဘာလဲ၊ သူ တကယ် စာရေးတတ်နေတာလား၊ သူက တကယ်ပဲ စာရေးဆရာလား။ နောက်တနည်းစဉ်းစားရရင် အဲဒီအတွေးက သူ့အလိုလိုတွေးမိတဲ့ ကိုယ်ပိုင်အတွေး မဟုတ်ဘဲ၊ စာရေးဆရာရဲ့ အတွေးတွေကို သူ့ရဲ့ခေါင်းထဲထိုးထည့်ပြီး ချယ်လှယ်ခံနေရသလားပေါ့။ ဒါလည်း ဖြစ်နိုင်တာပဲ၊ ခင်ဦးဇင်ရဲ့စိတ်ထဲက တွေးတဲ့အတွေးကိုတောင် သိနေသေးတာပဲ၊ စာရေးဆရာက သူ့ရဲ့အတွေးတွေကိုလည်း ခင်ဦးဇင်ခေါင်းထဲ ထိုးထည့်နိုင်တာပဲပေါ့။ သူက အမှန်တကယ်ပဲ စာရေးဆရာ ဖန်တီးထားတဲ့ ဇာတ်ကောင်လား၊ ဒါဆို သူက ဘာလို့ စာရေးဆရာဖန်တီးတဲ့ ထားရာနေ၊ စေရာသွား အနေအထားမျိုးမဟုတ်ဘဲ သိစိတ်တစ်ခု ရှိနေရတာလဲ၊ ခင်ဦးဇင်ရဲ့ မေးခွန်းတွေက မဆုံးဘူး။ ဘာလဲ၊ သူက ဘာလဲပေါ့။ ခင်ဦးဇင် ဟိုးအဝေး ပြင်ပကမ္ဘာကို မျှော်ကြည့်တယ်။ မန်ကျည်းကိုင်းတွေ၊ လ၊ ည၊ အကုန်လုံးက မကြာခင်တုန်းက စာရေးဆရာ ပြောခဲ့တဲ့ အတိုင်း၊ ရုပ်သေကားချပ် တစ်ခုလိုပဲ။ အဲဒီထက် ပိုပြီး မမြင်ရဘူး။

ခင်ဦးဇင် တခုပြီးတခု တွေးတယ်။ သူက အတိတ်ကို မေ့နေတဲ့ တကယ့်လူပဲ ဖြစ်ဖြစ်၊ စာရေးဆရာ ဖန်တီးထားတဲ့ ဇာတ်ကောင်ပဲ ဖြစ်ဖြစ် သူ့အတွေးတွေကို စာရေးဆရာ သိနေတာကြီးက အဆင်မပြေဘူး။ တကယ်လို့ ခုနတုန်းက စဉ်းစားသလို သူ့ခေါင်းထဲကို စာရေးဆရာရဲ့ အတွေးတွေ ထိုးထည့်ခံနေရတာဆိုရင် ပိုပြီးတော့တောင် အဆင်မပြေဘူး။ ဦးနှောက်ကို စီစီတီဗွီ တပ်ထားသလိုလို့ ဆိုရမလား။ စာရေးဆရာက ယောကျ်ားတယောက်၊ သူက မိန်းမတယောက်၊ ကြားထဲမှာ ဟနေတဲ့ နေရာတခုတော့ ရှိတယ်မဟုတ်လား။ ပြီးတော့ နောက်တချက်က သူက စာရေးဆရာရဲ့ဇာတ်ကောင် အမှန်တကယ်ဖြစ်နေခဲ့တယ် ဆိုရင်တောင်မှ ဇာတ်ကောင်နဲ့ စာရေးဆရာက သီးခြားစီပဲမဟုတ်ဘူးလား။ စာရေးဆရာဖန်တီးတဲ့ ဇာတ်ကောင်ဆိုပေမဲ့ သူက စာရေးဆရာကိုယ်တိုင်မှ မဟုတ်တာဘဲ၊ ဇာတ်လမ်းအရ၊ ဇာတ်လမ်းကမ္ဘာရဲ့ တောင်းဆိုချက်အရ ရှင်သန်ရတဲ့ သီးခြားလူတယောက်ပဲ။ တကယ်လို့ စာရေးဆရာရဲ့ ကိုယ်ပိုင်အတွေးတွေကိုသာ သူ့ခေါင်းထဲ အတင်း ထိုးထည့်နေတယ်ဆိုရင် ဘယ်လိုလုပ် အဆင်ပြေနိုင်မလဲပေါ့။ ခင်ဦးဇင် စဉ်းစားနေတုန်းမှာပဲ စာရေးဆရာက စကားလှမ်းပြောတယ်။

ငါက စာရေးဆရာ၊ နင်က ငါ့ဇာတ်ကောင်ဆိုတော့ နင့်အတွေးတွေကို ငါကသိနေတာပေါ့။ ဒါပေမဲ့ အခု နင်တွေးနေသလို နင့် အတွေးတွေကို ငါ ချယ်လှယ်ဖို့စိတ်ကူးမရှိဘူး။ ငါက စာရေးဆရာ၊ အဲဒီလိုပဲ နင်ကလည်း ဝတ္ထုထဲမှာ စာရေးဆရာပဲလေ။ အဲဒီမှာ ငါတို့ နှစ်ယောက်က အလုပ်တူနေတာ၊ ဒီတော့ အတွေးတွေကလည်း နည်းနည်းတူနေမှာပေါ့။ အဲဒါ နင့်ခေါင်းထဲကို ငါ့အတွေး အတင်းထိုး ထည့်လို့ဖြစ်တာမဟုတ်ဘူး။ အဲဒီအတွက် နင် စိတ်မပူနဲ့၊ ဇာတ်ကောင်ဆိုတာ စာရေးဆရာက ဖန်တီးတာပေမဲ့ အဲဒီနှစ်ယောက် မတူတာကို

ငါလက်ခံတယ်၊ အချို့အရေးကြီးတဲ့ အဖြစ်အပျက်ကလွဲရင် နင့်ကို လွတ်လွတ်လပ်လပ် ပေးတွေးဖို့၊လှုပ်ရှားစေဖို့ ငါ စဉ်းစားထားပြီးသား၊ ဇာတ်ကောင်က စာရေးဆရာခိုင်းသမျှ လိုက်လုပ်ပြီး စက်ရုပ်ဆန်ဆန်နဲ့ လူမပီမသ ဖြစ်နေတာမျိုးကို ငါလည်းမကြိုက်ဘူး။

စာရေးဆရာကို တခုခု ပြန်ပြောရမလားဆိုပြီး ခင်ဦးဇင် တွေးလိုက်သေးတယ်။ ရှင်က ကျမအတွေးတွေကို သိနေတာ ဒါမှမဟုတ် သိကြောင်းပြနေတာဟာ ကျမအတွက် အဆင်မပြေဘူးပေါ့။ အဲဒီကမှချက်ချင်းပဲ သူ မပြောလည်း စာရေးဆရာကသိနေတာပဲ၊ ပြောလည်း အပိုပဲဖြစ်မှာပါလို့တွေးမိပြီး မပြောတော့ပါဘူး၊ အခု စာရေးဆရာကလည်း သူ့ကို လွတ်လွတ်လပ်လပ် တွေးစေ၊ လှုပ်ရှားစေမယ်လို့ ပြောနေပြီပဲ၊ ထားလိုက်ပါတော့မယ်ပေါ့။

အပိုင်း (၄)

အခု ဒီကိစ္စအဆင်ပြေပြီဆိုရင် ငါတို့ နောက်တဆင့်ကိုသွားရအောင်။ အခု နင် စာရေးစားပွဲခုံမှာထိုင်ပြီး စာရေးနေတာ ညဆယ့်တစ်နာရီ ထိုးခါနီးအထိ။ မနက် နင်က ဆွမ်းလောင်းစရာရှိတယ်။ အဲဒီအတွက် နင့်အမေက နင့်အခန်းပြတင်းဝကိုလာပြီး နင့်ကို သမီး၊ အိပ်တော့လေ… ဆိုပြီး ပြောတာ။ အဲဒါကို ဝတ္ထုထဲစိတ်ဝင်စားနေတဲ့နင်က ရုတ်တရက်လန့်သွားရမှာ။

စာရေးဆရာ ပြောတဲ့အတိုင်း ခင်ဦးဇင်လက်ထဲက မှတ်စုစာအုပ်ကိုချပြီး ဘောလ်ပင်နဲ့ ဝတ္ထုရေးတဲ့စာအုပ်ကို ကောက်ကိုင်လိုက်တယ်။ ပြီးတော့ ချက်ချင်းပဲ 'ညနေ စောင်းလုပြီ။ အနောက်ဘက်ကောင်းကင်သည် လိမ္မော်ရောင် ဆေးသားများ ပက်ဖြန်းထားသကဲ့သို့ရှိသည်။'လို့ ချရေးလိုက်တယ်။ ခင်ဦးဇင်ရဲ့ ခေါင်းထဲမှာ ဝတ္ထုက အစ၊ အလယ်၊ အဆုံး၊ ဇာတ်လမ်းဇာတ်ကွက် ပီပီပြင်ပြင်ကြီး ပုံမပေါ်သေးပေမဲ့ စာရေးဆရာရဲ့ ပြောပြချက်အရ သင့်တင့်သလောက် ပုံပေါ်စပြုနေပြီ။ ပထမဆုံးအခန်းက မိန်းကလေးတယောက်ကို ဘင်္ဂါလီသုံးယောက်က အဓမ္မပြုကျင့်ပြီး သတ်ဖြတ်လိုက်တဲ့ အခန်း။ ဇာတ်ကောင်မိန်းကလေးရဲ့ အဖြစ်အပျက်က ကျောက်နီမော်မုဒိမ်းမှုထဲက သီတာထွေးရဲ့ဇာတ်လမ်းကို ဆင့်ပွားထားတာ၊ ဇာတ်ကောင်က သီတာထွေး ဆိုတဲ့နာမည်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ကြားလိုက်တာနဲ့ ရခိုင်အမျိုးသမီးပါလားလို့သိစေနိုင်မယ့် အခြားနာမည် တခုခု၊ နာမည်က စောလှနု ဖြစ်ချင်ဖြစ်မယ်၊ မြတ်သန္တာခိုင်လည်း ဖြစ်ချင်ဖြစ်မယ်၊ အတိအကျ မပေးရသေးဘူး။

ထားပါတော့၊ စောလှနု လို့ပဲ ထားလိုက်ပါတော့၊ စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ အဲဒီဇာတ်ကောင်မိန်းကလေး၊ စောလှနုက ဆယ်ရှစ်နှစ်ပြည့်ပြီးစ ခပ်ငယ်ငယ်၊ ရယ်စရာတွေ့ရင် အိန္ဒြေနဲ့ရယ်ဖို့ သတိမရဘဲ အသံအကျယ်ကြီးနဲ့ရယ်တယ်။ သွားချင်တာ မသွားရ၊ လုပ်ချင်တာ မလုပ်ရတဲ့ အခါမျိုးဆိုရင်တော့ ကလေးတယောက်လိုခြေဆောင့်ငိုပြီး ထမင်းမစားဘဲ ဆန္ဒပြတယ်။ တခါတလေ ကလေးတွေနဲ့ ဆော့ကစားတာတွေ ဝင်လုပ်တယ်။ တခါတလေကျတော့ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေနဲ့ သနပ်ခါးတွေ ဖွေးနေအောင်လိမ်းပြီး အလှတွေပြင်၊ အပျိုကြီးပုံစံဖမ်းတယ်။ စာဖတ်သူရဲ့ စိတ်ထဲမှာ အဲဒီမိန်းကလေးကို လူကြီးတောင် ပီပီသသမဖြစ်သေးဘူးဆိုတဲ့ အတွေးမျိုးရအောင်ပုံဖော်မှာ။ ဒါမှ အဲဒီကလေး မ က၊ လူကြီး မ ကျတဲ့ မိန်းကလေးက ညနေစောင်းစအချိန်၊ သူ စက်ချုပ်သင်ရာ တဖက်ကပ်လျက်ရွာကနေ ပြန်လာတဲ့လမ်းတနေရာမှာ ကြိုတင်ကြံစည်ပြီးစောင့်ဆိုင်းနေတဲ့ မုဒိမ်းသမားရိုဟင်ဂျာသုံးယောက်က

ငွေနဲ့ပစ္စည်းကို ခေါးပြတိုက်၊ လူကိုမုဒိမ်းကျင့်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ခံလိုက်ရတော့ စာဖတ်သူတွေရဲ့စိတ်ထဲ လုပ်ရက်တယ်ကွာ ဆိုတဲ့အတွေးနဲ့ မခံချင်စိတ်တွေ၊ အမုန်းတရားတွေကို ပိုပြီးတော့ ပြင်းထန်ပေါက်ကွဲစေမှာ။ ဒါက ခင်ဦးဇင်ကို စာရေးဆရာပြောနေတဲ့ ခင်ဦးဇင်ရေးမယ့်ဝတ္ထုရဲ့ အစ ။

'ညနေ စောင်းလုပြီ။ အနောက်ဘက်ကောင်းကင်သည် လိမ္မော်ရောင်ဆေးသားများ ပက်ဖြန်းထားသကဲ့သို့ ရှိသည်။

ခင်ဦးဇင် ရေးပြီးသွားတဲ့ စာနှစ်ကြောင်းကို ပြန်ဖတ်လိုက် တယ်။ ပြီးတော့ တတိယတကြောင်းက ဘာဖြစ်သင့်သလဲလို့ ဆက်တွေးတယ်။ တွေးနေရင်းကပဲ ခင်ဦးဇင်ရဲ့လက်တွေက 'လမ်းဘေး ဝဲယာရှိ မြက်ရိုင်းပင်များသည် ညနေခင်းလေ၏ အဟုန့်တွင် ယိမ်းထိုးလှုပ်ခါနေ၏။' ဆိုတဲ့ စာကြောင်းကို ချရေးတယ်။ ပြီးတော့ ချက်ချင်းပဲ 'ယိမ်းထိုးလှုပ်ခါနေ၏' ဆိုတဲ့ စကားလုံးရဲ့ အရှေ့မှာ 'မကျွတ်မလွတ်နိုင်သေးသည့် တစ္ဆေများသဖွယ်' ဆိုတဲ့ စာကျကို မြားပြပြီး ထပ်ထည့်လိုက်တယ်။

ဒါဆိုရင် စာကြောင်းက 'လမ်းဘေးဝဲယာရှိ မြက်ရိုင်းပင်များသည် ညနေခင်းလေ၏ အဟုန့်တွင် မကျွတ်မလွတ်နိုင်သေးသည့် တစ္ဆေများသဖွယ် ယိမ်းထိုးလှုပ်ခါနေ၏။' ဆိုပြီး ဖြစ်သွားပြီ။ ညနေခင်း၊ လိမ္မော်ရောင် ကောင်းကင်၊ မြက်ရိုင်းပင်၊ ဒါပြီးရင် ဘာဖြစ်သင့်သလဲ။ လမ်း၊ ဟုတ်တယ်၊ ဇာတ်ကောင်မိန်းကလေး စောလှနုပြန်လာမယ့်အပြန်လမ်းကို ရေးရမယ်။ လမ်းက ဘယ်လိုလမ်းမျိုးဖြစ်မလဲ၊ ကျောက်ခဲတွေ၊ ကျင်းချိုင့်တွေနဲ့လား၊ ဒါမှမဟုတ် လှည်းလမ်းကြောင်းရာ ချိုင့်ခွက်ရှည်နဲ့ မြေသားလမ်းလား။ အဲဒါပြီးရင်တော့ အဲဒီဇာတ်ကောင်မိန်းကလေး စောလှနုကို ချုံတွေထဲကထွက်လာတဲ့ လူသုံးယောက်ကို မြင်ခိုင်းလိုက်ရတော့မလား၊ အဲဒီလိုမြင်ရင် စောလှနုက ဘယ်လိုတုံ့ပြန်မလဲ။ ထိတ်လန့်သွားမလား၊ ဒါမှမဟုတ် ပုံမှန်လူတွေလို့ပဲထင်ပြီး ဟန်မပျက်ရှိနေမလား။ ပြီးရင် ဘယ်လို ဆက်ဖြစ်မလဲ၊ အမှန်တော့ အဖြစ်အပျက်တွေက အမှောင်ထဲမှာဖြစ်ပျက်မှ ပိုပြီးသက်ဝင်မှာလို့ ခင်ဦးဇင် တွေးတယ်။ ဒါပေမဲ့ အခုက ညနေစောင်းခါနီးအချိန်ပဲ ရှိသေးတာ။ ညအမှောင်ကို ချက်ချင်းရောက်လာခိုင်းလို့ မရသေးဘူး။ ဒါဆို ပထမဆုံးစာကြောင်းကို ထပ်ဖြည့်ရမလား။ စောလှနု စက်ချုပ်သင်တန်းမှ ပြန်လာသည့်အချိန်သည် ညနေစောင်းလုပြီ။ ဒါဆိုရင် သူ ပြန်လာတဲ့အချိန်တွင်း အမှောင်ကရောက်လာမယ်။ ပြီးတော့ ဟိုလူသုံးယောက် သူ့ကိုချောင်းနေတဲ့နေရာရောက်တော့ မှောင်နေပြီ။ ပြီးတော့ အဲဒီ အမှောင်ကြီးထဲမှာ...။ အဲဒီအချိန် ဝတ္ထုကိုတွေးနေရင်း ဘာမှန်းမသိပါဘဲ ခင်ဦးဇင်စိတ်ထဲ ထိတ်ခနဲ ကြက်သီးတွေတဖြန်းဖြန်းထလာတယ်။

တယောက်ယောက်က သူ့ကို အနောက်ကနေ စိုက်ကြည့်နေသလိုပဲလို့လည်း စိတ်ထဲထင်လာတယ်။ ဘာလဲ၊ ည ဆိုပေမဲ့ ကိုယ့်အိမ်လိုနေရာမျိုးမှာ ဘာလိုမှ မဖြစ်နိုင်တာလို့ ခင်ဦးဇင်အတွေးထဲ အလန့်တကြားငြင်းမိပေမဲ့ အနောက်ကို လှည့်မကြည့်ဘဲနေဖို့ကိုတော့ မအောင့်အီးနိုင်ဘူး။ ချက်ချင်းပဲ လှည့်ကြည့်လိုက်မိတယ်။ အဲဒီမှာ တွေ့လိုက်ရတာက အခန်းဝမှာ လူတယောက်မတ်တပ်ရပ်ပြီး ခင်ဦးဇင်ကို စိမ်းစိမ်းကြီးစိုက်ကြည့်နေတာ။ ဘယ်သူလဲ။ ခင်ဦးဇင် မေးလိုက်တယ်။ လူရိပ်က ရုတ်တရက် ပြန်မဖြေဘူး။ ညအမှောင်ရယ်၊ မီးရောင်ရယ်၊ ခန်းဆီးရဲ့အရိပ်ရယ်ကြားက လူရိပ်မည်းမည်းက ငြိမ်သက်တိတ်ဆိတ်နေတုန်းပဲ။ ဘယ်သူလဲ၊ ခင်ဦးဇင် ထိုင်နေရာက ဝရုန်းသုန်းကားမတ်တတ်ထရပ်ရင်း ထပ်မေးလိုက်တယ်။

သမီး မအိပ်သေးဘူးလား။ အမျိုးသမီးတယောက်ရဲ့အသံပဲ၊ သမီးတဲ့၊ စာရေးဆရာပြောတဲ့ အမေဆိုတာလားလို့ ခင်ဦးဇင် တွေးမိတယ်။ ဟုတ်တယ်၊ အဲဒါ နင့်အမေပဲ၊ အမေလို့ အဲဒီမိန်းမကိုခေါ်လိုက်တဲ့။ စာရေးဆရာက ဝင်ပြော တယ်။ ဒါနဲ့ ခင်ဦးဇင်လည်း စာရေးဆရာ ခိုင်းတဲ့အတိုင်း အမေလို့ ခေါ်ပြီး မအိပ်သေးဘူးလားလို့မေးလိုက်တယ်။ အေး၊ အပေါ့သွားချင်လို့ ထလာတာ၊ အစီမအခန်း မီးလင်းနေသေးလို့ လာကြည့်တာ၊ ဆယ့်နှစ်နာရီ ထိုးတော့မယ်၊ အိပ်တော့လေ၊ မနက် အလုပ်ရှိတယ်မဟုတ်လား။ ပြန်ပြောတဲ့ အမေ့ရဲ့ အသံကို ကြားမှ ခင်ဦးဇင် ထိုင်ခုံမှာ ခြေပစ်လက်ပစ်ပြန်ထိုင်ချပြီး အမေရယ်၊ သမီးဖြင့် လန့်သွားတာပဲလို့ မောမောဟိုက်ဟိုက် ပြောလိုက်မိတယ်။ အဲဒီလိုပြောနေရင်းကပဲ ခင်ဦးဇင်ရဲ့ ခေါင်းထဲကို အတွေးတခုဝင်လာတယ်။ အတွေး ဝင်လာတယ်ဆိုတာထက် သူ့ကိုယ်သူ သတိထားမိတယ်လို့ဆိုရမယ်။ ဘာကိုလဲဆိုတော့ ထိတ်လန့်နေတဲ့ သူ့ကိုယ်သူသတိထားမိတာ။ ငါ တကယ်ကြီး လန့်နေပါလား၊ ငါက ဝတ္ထုဇာတ်ကောင်ဆိုရင် ဒီလိုမျိုး တကယ် လန့်ပါ့မလားပေါ့။

အိပ်ဖို့အတွက် အိပ်ရာကို သွားတော့။

စဉ်းစားနေတဲ့ ခင်ဦးဇင်ရဲ့ နားထဲကို စာရေးဆရာရဲ့ အသံဝင်လာတယ်။ အိပ်ရာထဲ သွားတော့၊ အိပ်ရာထဲ ရောက်မှ ဖုန်းထုတ်ပြီး ပြန်ကြည့်၊ နင့်ဖုန်းထဲမှာ ဖေ့ဘုတ်စ်က ကော်ပီယူထားပြီး စာအုပ်ထဲပြန်မကူးရသေးတဲ့ မှတ်စုတွေ ရှိသေးတယ်တဲ့။ ဒါနဲ့ ခင်ဦးဇင်လည်း စာရေးဆရာပြောတဲ့အတိုင်း ထိုင်ခုံကနေထပြီး အိပ်ရာကို သွားတယ်၊ ပြီးတော့ လက်ကိုင်ဖုန်းကိုထုတ်ပြီး မှတ်စုဖိုင်ကို ဖွင့်ကြည့်တယ်။ အဲဒီမှာ တွေ့လိုက်ရတာက ခင်ဦးဇင် တွေးထားသလို ဘဂ်ါလီမကောင်းကြောင်း မှတ်စုတွေ ဟုတ်မနေဘူး။

နိုဝင်ဘာ ၂၉ ရက်၊ ၂၀၁၇ တွင် မောင်ဝင်းတင် (၁၈) နှစ်၊

မောင်ကျော်ကျော်လင်း (၁၆) နှစ်၊ မောင်သိန်း (၁၉) နှစ်တို့အား WY/R စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၅၀၀ ပြားနှင့် အတူ မောင်တော-ကြိမ်ချောင်း ကားလမ်းတွင် ဖမ်းဆီးရမိ တဲ့။ မောင်ဝင်းတင်၊ ကျော်ကျော်လင်းနဲ့ မောင်သိန်းက ဘင်္ဂါလီတွေ မဟုတ်ဘူးတဲ့၊ စာရေးဆရာက ပြောတယ်။

ဒါဆို သူတို့က ဘာတွေလဲ၊ ခင်ဦးဇင် ပြန်မေးလိုက်တော့၊ မသိဘူး၊ ရခိုင်လား၊ ဗမာလား ငါလည်း မသိဘူးတဲ့။ စာရေးဆရာက ပြန်ဖြေတယ်။ ဒါဆို ဒါကို ဘာလို့ကျမက မှတ်ထားရမှာလဲ၊ ဘင်္ဂါလီတွေ မကောင်းကြောင်းမှ မဟုတ်ဘဲလို့ ခင်ဦးဇင် အံ့သြတဲ့ပုံနဲ့ ပြန်ပြောလိုက်ပေမဲ့ စာရေးဆရာက ပြန်မပြောဘူး။ အဲဒီနောက် ဇဝေဇဝါအတွေးနဲ့ပဲ စာရေးဆရာပြတဲ့ မှတ်စုတွေကို ခင်ဦးဇင်ဆက်ဖတ်တယ်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်တွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စု သောင်ပညာကျေးရွာ ချောင်းစပ်တွင် မူဟာမတ် အီဒရစ် (၂၅) နှစ်၊ အဘူဟိုက် (၁၈) နှစ် နှင့် ဟာမိတ်တူဆောင်း (၂၂) နှစ် တို့၏ ပုပ်ပွနေသည့် အလောင်းများကို လက်ပြန်ကြိုးတုပ်လျက် လည်ပင်းပြတ်ရှ ဒဏ်ရာတချက်စီဖြင့် သေဆုံးနေသည်ကိုတွေ့ရှိ တဲ့။ ဒါက ဘင်္ဂါလီတွေ အသတ်ခံရတဲ့အကြောင်း။ ဘာလဲ၊ ဘင်္ဂါလီမကောင်းကြောင်း မှတ်စုထင်နေတာ၊ ဘာလို့ ဘင်္ဂါလီတွေခံရတဲ့အကြောင်း ဖြစ်နေတာလဲ။

စက်တင်ဘာ ၂၂ ရက်၊ ၂၀၁၇၊ မောင်တောမြို့နယ်၊ နယ်မြေ ၁၀၊ မိကျောင်းဈေးကျေးရွာ ဗလီကြီးခြံဝန်းအတွင်း၌ ဗလီ၏အရှေ့ဘက် ပေ ၃၀ ခန့်အကွာ အုန်းပင်အခြေတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲပြီး ရှင်းလင်းရှာဖွေရာတွင် အရှည် ၈ လက်မ၊ အချင်း ၆ လက်မခန့်ရှိ ကားပင်စတင်နှင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းတစ်လုံးထပ်မံတွေ့ရှိ တဲ့။ ၂၀၁၇၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မောင်တောမြို့ မကျည်းချောင်း ဒုညောင်ပင်ကြီးတောင် တာဝန်ခံ ရှော်ဖိတ်အာမန် (၃၄) နှစ်အား လူနှစ်ဦးက သေနတ်ဖြင့်ပစ်၍ ဓားနှင့်ခုတ်ခဲ့ရာ အခင်းဖြစ်ပွားရာနေရာတွင်သေဆုံး တဲ့။ ခင်ဦးဇင် စာရေးဆရာပြတဲ့သတင်းတွေကို တခုပြီးတခုလိုက်ဖတ်တယ်။ သတင်းတွေက ဘင်္ဂါလီမဟုတ်တဲ့ နာမည်နဲ့ လူတွေနဲ့ မူးယစ်ဆေး မိတာတွေ၊ ပြီးတော့ ဘင်္ဂါလီနာမည်နဲ့ လူတွေ အသတ်ခံရတာတို့၊ အဲဒီကမှ ဗလီနားမှာ မိုင်းထောင်ခံရတာတို့တွေ။ အားလုံးက ဘင်္ဂါလီ မကောင်းကြောင်းမဟုတ်ဘဲ၊ ဘင်္ဂါလီတွေ ခံရတဲ့ အကြောင်းတွေ ဖြစ်နေတာ။ ဘာလဲ၊ ဘာလို့လဲ ။

တော်ပြီ၊ ဒီနေ့အတွက် ဒီလောက်ဆို ရပြီ၊ ညဆယ့်နှစ်နာရီလည်းထိုးပြီ၊ ငါ အိပ်ရတော့မယ်။ မနက်ဖြန်မှ ဆက်ရေးကြတာပေါ့။

စာရေးဆရာကို မေးခွန်းမေးဖို့ တွေးနေတုန်းမှာပဲ စာရေးဆရာက ခင်ဦးဇင်ကို မနေ့အတိုင်း အမှောင်ထုထဲမှာချန်ပြီး ထွက်သွားပြီ။ အမှောင်ထုကြီးထဲ အခိပ္ပါယ်မဲ့ စိုက်ကြည့်နေရင်းက ဘာလဲ၊ တိုးလို့တန်းလန်းနဲ့လို့ ခင်ဦးဇင်တွေးမိတယ်။ ပြီးတော့သူ့ကို အလင်းရောင်လေး ချန်ထားပေးပါလို့တောင် မပြောလိုက်ရဘူးပေါ့။ အဲဒီနောက် စာရေးဆရာ ပြောခဲ့တဲ့သူ့အကြောင်း၊ ပြီးတော့ စာရေးဆရာပြောတဲ့ သူ့ရဲ့ရေးလက်စဝတ္ထု၊ စတာတွေကို တစ်ခုချင်း ပြန်တွေးကြည့်မိတယ်။ သူ့အတွေးတွေကို စာရေးဆရာက သိနေတာ၊ ပြီးတော့ စာရေးဆရာနဲ့သူ အတွေးတွေ တူနေတာ။ နင်က စာရေးဆရာဇာတ်ကောင်လေ၊ အဲဒါကြောင့် စာရေးနည်းတွေကိုသိနေတာတဲ့။ စာရေးဆရာက သူ့ကို ပြန်ပြောခဲ့တာ။

နေပါဦး၊ သူက စာရေးဆရာ ဇာတ်ကောင်မို့ စာရေးနည်းတွေကို သိနေတယ်ထားပါတော့၊ အခြား ဟာတွေကိုရော။ ရခိုင်၊ ဘင်္ဂါလီ၊ မူစလင်၊ အစွန်းရောက်အမျိုးသားရေး ဝါဒီ၊ စာရေးဆရာပြောခဲ့တဲ့ စကားလုံးတွေ၊ နာမည်တွေကို ခင်ဦးဇင် တခုချင်း ပြန်တွေးကြည့်တယ်။ စာရေးဆရာပြောတုန်းက အလိုအလျောက် သိနေသလိုလိုပေမဲ့ အခု ပြန်တွေးကြည့်တော့ ဒါတွေကို အရင်ကတည်းက သိခဲ့သလား၊ ဒါမှမဟုတ် အခု စာရေးဆရာကပြောမှ သိသလားဆိုတာ မသေချာတော့ဘူး။ ရုပ်ရှင်ပိတ်ကားတွေလို တဖျတ်ဖျတ် ပေါ်လာနေတဲ့ ပုံရိပ်တွေကို အာရုံရောက်ပြီး စကားလုံးတွေကို သတိမထားမိခဲ့တာ။ အဲဒီကိစ္စ နောက်ကို သတိထားရမယ်၊ ခင်ဦးဇင် သူ့ကိုယ်သူ သတိပေးတယ်။ ပြီးတော့ သူ့ကို ဒီလိုအမှောင်တိုက်ကြီးထဲမှာထားခဲ့တာကို မကြိုက်ဘူး၊ ခုနကလို တခုခုကို တိုးလိုးတန်းလန်းထားခဲ့တာကိုလည်း မကြိုက်ဘူးဆိုတာ စာရေးဆရာကိုပြောရမယ်၊ အဲဒါတွေအကုန် စာရေးဆရာ ပြန်လာရင် ပြောရမယ်လို့ ခင်ဦးဇင် သူ့ကိုယ်သူ သတိပေးတယ်။

အပိုင်း (၅)

ဒီတခါ ခင်ဦးဇင် ဝတ္ထုထဲကိုရောက်တာက မနက်ခင်းရှစ်နာရီတဲ့။ အမှန်တော့ ခင်ဦးဇင်က ဝတ္ထုထဲကိုရောက်တယ် ဆိုတာထက် စာရေးဆရာက ဝတ္ထုထဲကိုရောက်လာတာလို့ ဆိုရမယ်။ တစ်ညလုံး အမှောင်ပြင်ကြီးထဲမှာ အတွေးတွေတသီတတန်းနဲ့ မငြိမ်မသက်ဖြစ်နေခဲ့တဲ့ ခင်ဦးဇင်ဆီကို စာရေးဆရာက ရောက်လာတာ။ ပြီးတော့ သူ့ဝသီအတိုင်း ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ကဲ ဝတ္ထု ပြန်စကြစို့၊ အခုက မနက်ခင်း အချိန်ပေါ့တဲ့။စာရေးဆရာ ရောက်လာပြီးတဲ့နောက် ခင်ဦးဇင်ရဲ့ဝတ္ထုကမ္ဘာက မှောင်မိုက်တဲ့အခြေအနေကနေ သာယာတဲ့မနက်ခင်းတစ်ခုကို ရုတ်တရက် ပြောင်းလဲသွားတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးက နွေးထွေးလင်းလက်တဲ့နေရောင်ခြည်တွေ ဖြာကျစပြုနေတယ်။ တေးဆိုတတ်တဲ့ငှက်တွေက တကျိကျိအော်ပြီးတော့ ဟိုကဒီကို လူးလာတုံ့ခေါက် ပျံနေကြတယ်။ ရေချိုးပြီးစလူတစ်ယောက်လိုလန်းဆန်းနေတဲ့ သစ်ရွက်စိမ်းပုပ်ပုပ်တွေက သူတို့ရဲ့ထိပ်ဖြားမှာ တွဲခိုနေတဲ့ရေစက်တွေရဲ့အလေးချိန်ကြောင့် အောက်ကို စိုက်ကျနေကြတယ်။ ကြည့်ရတာ ညက မိုးရွာထားတဲ့ သဘောပဲ။ ရေကွက်လေးတွေ ကျိုးတိုးကျဲတဲရှိနေတဲ့ နက်ပြောင်ပြောင် ကတ္တရာလမ်း၊ အဲဒီလမ်းပေါ်မှာ ဖြတ်သန်းသွားလာနေကြတဲ့လူတွေ၊ ပြီးတော့ ခင်ဦးဇင်တို့ရဲ့အိမ်ဝကနေ နီညိုရောင်သက်န်းဖားဖားနဲ့ တရွေ့ရွေ့ထွက်သွားတဲ့ရဟန်းတစ်ပါးနဲ့ အဲဒီရဟန်းရဲ့နောက်ကနေ ယိမ်းယိမ်းထိုးထိုးနဲ့ ထက်ကြပ်မကွာပါသွားတဲ့ အရိပ်ရှည်မျှော့မျှော့။ မြင်ကွင်းတွေက ရှင်းရှင်းလင်းလင်းပဲ။ အဲဒီ မြင်ကွင်းကိုကြည့်ရင်း ခင်ဦးဇင်ရဲ့ စိတ်ထဲ သာယာလိုက်တာ၊ ဒီလိုဆိုတော့လည်း စာရေးဆရာကကျေးဇူးတင်စရာပဲလို့ တွေးမိတယ်။ အဲဒီနောက်တော့ချက်ချင်းပဲ ညတုန်းက စာရေးဆရာကိုပြောမယ်လို့ တေးထားတဲ့စကားတွေကို ခင်ဦးဇင် သတိရတယ်။

ကျမရှင့်ကို ပြောစရာနှစ်ခုရှိတယ်၊ ပထမတစ်ခုက ရှင်ထွက်သွားတဲ့အချိန် ကျမကို အမှောင်ထဲမှာ ချန်ထားခဲ့တာက ကျမအတွက် အဆင်မပြေဘူး။ အဲဒါအတွက် အဆင်ပြေအောင်က ငါလုပ်ပေးလို့ရပါတယ်။ စာရေးဆရာက ခင်ဦးဇင် စကားကိုဆုံးအောင်မပြောလိုက်ရခင်မှာပဲ ချက်ချင်းသဘောတူလိုက်တယ်။ ဒီလိုဆိုတော့လည်း စာရေးဆရာက မဆိုးပါလားလို့တွေးရင်း၊ နောက်တစ်ခုက မနေ့တုန်းကလို တိုးလိုးတန်းလန်းကြီး ထားခဲ့တာကလည်း ကျမအတွက် အဆင်မပြေဘူးလို့ ခင်ဦးဇင် ထပ်ပြောလိုက်တယ်။ အဲဒါတော့ ငါ လုပ်ပေးလို့မရဘူး တဲ့။ စာရေးဆရာက ခင်ဦးဇင်ကို စက္ကန့်မဆိုင်းဘဲပြန်ငြင်းတယ်။ ဝတ္ထုတစ်ပုဒ်

အခန်းဖြတ်တယ်ဆိုတာ ဖတ်တဲ့သူကို ဆွဲဆောင်နေမယ့်နေရာ၊ ဘာဖြစ်သွားတာပါလိမ့်၊ ဘာဆက် ဖြစ်မှာပါလိမ့်လို့ စိတ်ဝင်စားမှုမြင့်တက်တဲ့နေရာမှာ ဖြတ်ရတာ၊ နင်လည်း စာရေးဆရာ၊ နင် သိတာပဲ တဲ့။ စာရေးဆရာရဲ့စကားကမှန်နေတော့ ခင်ဦးဇင် ရုတ်တရက် ဘာပြန်ပြောရမယ်မသိဘူး။ ဒါပေမဲ့ ပြောမိတဲ့စကားကို မလျှော့ချင်တဲ့ စိတ်ကလည်းရှိနေတော့၊ ဒါဆိုရင်လည်း အဲဒီကိစ္စကို ထားပါတော့၊ ဒါပေမဲ့ တစ်ခုထပ်မေးစရာရှိသေးတယ်၊ အဲဒါက သိမ်းထားတဲ့ မှတ်စုတွေက ဘာလို့ ကပြောင်းကပြန်တွေ ဖြစ်နေတာလဲလို့ အထွန့်တက်လိုက်တယ်။ စာရေးဆရာက ခပ်အေးအေးပဲ၊ ဇာတ်လမ်းအရလေ လို့ပြန်ပြောတယ်။

အဲဒီဇာတ်လမ်းကို ကျမကို ပြောပြရမယ်။ ပြောလို့ မရဘူး။ ဘာလို့လဲ၊ ရှင် ဖန်တီးထားတဲ့ ဇာတ်ကောင်စရိုက်အရ စာအုပ်ထဲက ပထမမှတ်စုတွေကို မှတ်တာက ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဖုန်းထဲကမှတ်စုတွေကို မှတ်ထားဖို့ကကျ ဖြစ်မှမဖြစ်နိုင်တာ၊ ကျမက အဲဒီ မဖြစ်နိုင်တဲ့ ဇာတ်ကောင်စရိုက်ထဲ ဆက်နေနေရမှာလား။ ဟုတ်တယ်၊ ဇာတ်ကောင်စရိုက်အရ အဲဒီ မှတ်စုတွေကို မှတ်ထားတာက မဖြစ်နိုင်ဘူး၊ အဲဒီအတွက် ငါကလည်း မှတ်ထားတယ်လို့ မပြောဘူး၊ မှတ်ထားပြီးမှ ပြောင်းသွားတယ်လို့ပဲပြောမှာ။ အဲဒါက ပိုပြီးတော့တောင် မဖြစ်နိုင်ဘူး။မှတ်ထားတဲ့ မှတ်စုတွေ၊အကြောင်းအရာ ပြောင်းပြန်ဖြစ်သွားဖို့ ဆိုတာက။ အဲဒါက မဖြစ်နိုင်ဘူး မဟုတ်လား၊ ဟုတ်တယ်၊ တကယ့် ပြင်ပကမ္ဘာအရတော့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ နင်ရောက်နေတဲ့ ဇာတ်လမ်းရဲ့ ကမ္ဘာအရကတော့ အဲဒါက ဖြစ်သွားပြီ။ စာရေးဆရာရဲ့စကားကို ကြားပြီး ပြန်ငြင်းဖို့တွေးနေတုန်းမှာပဲ ခင်ဦးဇင်ရဲ့ ခေါင်းထဲကို အတွေးတစ်ခုရောက်လာတယ်။ ဝတ္ထုတစ်ပုဒ် ရေးကြတဲ့အခါ ဇာတ်ကောင်တစ်ယောက်ရှိတယ် ဆိုပါစို့၊ အဲဒီဇာတ်ကောင်က ပုံမှန်အားဖြင့်တော့ ဇာတ်လမ်းကို ရှေ့တွန်းမပို့တဲ့၊ ပြီးတော့ ဇာတ်လမ်းနဲ့တိုက်ရိုက် မသက်ဆိုင်လှတဲ့ သူ့ရဲ့ နိစ္စဓူဝ လုပ်ရိုးလုပ်စဉ်တွေကို လှုပ်ရှားနေ၊ပြုမူနေတာ။ အဲဒါကိုမှ ဇာတ်ကောင်ကို အတွေးတစ်ခုဖြစ်ပြီး အပြုအမူတွေ၊ လှုပ်ရှားမှုတွေ၊ ခံစားချက်တွေဆက်ဖြစ်၊ ဇာတ်လမ်းကို ရှေ့ဆက်ပြီး သွားစေဖို့၊ အချိုးအကွေ့တစ်ခု ဖြစ်စေဖို့ ဇာတ်လမ်းထဲက အခြားဇာတ်ကောင်တစ်ကောင်ကနေပဲ ဖြစ်ဖြစ်၊ စာရေးဆရာရဲ့လုပ်ပိုင်ခွင့်ဘောင်အရ ပြင်ပကနေ သီးသန့်ပဲ ဖြစ်ဖြစ် လှုံ့ဆော်မှုတစ်ခုခု ထည့်ပေးရတာမျိုး။ အဲဒါမှ ဇာတ်ကောင်က စာရေးဆရာ အတင်းခိုင်းလို့ အရုပ်ဆန်ဆန် လှုပ်ရှားရတာမျိုးမဟုတ်ဘဲ လူသားဆန်ဆန် ယုတ္တိကျကျ လှုပ်ရှားပြီး၊ ဝတ္ထုက ပိုဆွဲဆောင်မှုရှိပြီး ပီပြင်ရတာ။ ဒါကို စာရေးဆရာဇာတ်ကောင်ဖြစ်တဲ့ ခင်ဦးဇင် သိတယ်။ သိတော့ စဉ်းစားတယ်။ အခု စာရေးဆရာက သူ့ကို ဘာတွေ လုပ်စေချင်လို့ အချက်အလက်တွေ အဲဒီလို ပြောင်းလဲလိုက်သလဲပေါ့။ စာရေးဆရာက သူ့ကို ဘာဖြစ်စေချင်တာလဲ၊

စာရေးဆရာက သူ့ကို ဘာတွေ တွေးစေချင်နေတာလဲ၊ စာရေးဆရာက သူ့ကို ဘာတွေ ခံစားစေချင်နေတာလဲပေါ့။ ခင်ဦးဇင်ရဲ့စိတ်ထဲမှာ သင်္ချာမကင်းစရာကောင်းတဲ့ အာရုံတစ်ခု ရနေသလို ခံစားရတယ်။ ဒါဆို ဇာတ်လမ်းအကုန် ပြောလို့မရရင်တောင် ဘာဆက်ဖြစ်မယ်ဆိုတာ ကျမကို နည်းနည်းကြိုပြောထားလို့ ရမလား။ ခင်ဦးဇင် စာရေးဆရာကို ထပ်မေးလိုက်တယ်။ မရဘူး၊ စာရေးဆရာက ချက်ချင်းပဲ ပြန်ငြင်းတယ်။ ဘာလို့လဲဆိုတော့ တကယ့်လူ့ဘဝမှာ မနက်ဖြန်ဘာဖြစ်မယ် ဆိုတာကို ကြိုသိလို့လား၊နင်က ဝတ္ထုဇာတ်ကောင်ဆိုပေမဲ့ လူသားဇာတ်ကောင်လေ တဲ့။ ပြီးတော့ အဲဒါတွေ ထားလိုက်ပါတော့၊ အခု နင် မီးဖိုချောင်ထဲ သွားပြီး နင့်အမေ ထမင်းဟင်းချက်နေတာကို ကူရမယ် တဲ့။ ခင်ဦးဇင်က ဘာလဲ၊ ဘာကြောင့်လဲ ဆိုတဲ့မေးခွန်းတွေနဲ့ ဇဝေဇဝါ စိတ်ရှုပ်ထွေးနေတုန်းမှာပဲ စာရေးဆရာက နောက်ထပ် အလုပ်တစ်ခုကို ထပ်ခိုင်းတယ်။ ဒါနဲ့ ခင်ဦးဇင် မီးဖိုချောင်ကို ရောက်သွားခဲ့တယ်။

နင်က ရခိုင်၊ နင့်မိသားစုကလည်း ရခိုင်၊ ဒီတော့ ရခိုင်စာ ချက်ရမယ်၊ ငါးပိနံ့ သင်းသင်း၊ ငရုတ်သီး များများ၊ ပြီးတော့ ငရုတ်ကောင်းတွေ။ စာရေးဆရာက သူ စားဖူးပုံရတဲ့ ရခိုင်အစားအသောက် ဆိုတာတွေကို တတွတ်တွတ် ရွတ်နေတယ်။ ငါးနီတူကို ကြက်သွန်နီများများနဲ့ သုပ်တာ၊ ငါးဆုပ်ကို ငါးပိနဲ့သုပ်တာ၊ အဲဒါတွေက ငါ တွေ့ဖူးတဲ့ ဆိုင်တွေမှာ ချက်ကြတာပေါ့၊ ရွာက ရခိုင်အိမ်တွေမှာ ဆိုရင်တော့ ဘာတွေချက်မလဲ၊ ကတက်ဥခြောက်သုပ်၊ ပိန္နဲသီးမှျင်ပုစွန်ချက်၊ မရွတ်စိသုပ်၊ မြို့မြိုသီးပုစွန်အစာသွပ်၊ ငရုတ်သီးနုအိုးကပ် တဲ့၊ ငါ ရှာဖတ်ထားတဲ့ ရခိုင်ဟင်းတွေ၊ အဲဒါတွေ ဆိုင်မှာချက်ကြသလား၊ အိမ်မှာချက်ကြသလား၊ ငါ သေချာမသိဘူး။ ပြီးတော့ ကိုတံငါဟင်းတို့ ဘာတို့များ ချက်မလား၊ အဲဒါက ပင်လယ်နားနီးတဲ့ တံငါရွာတွေမှာပဲ ချက်မယ် ထင်တယ်၊ ဒီဝတ္ထုထဲမှာ အသေးစိတ်တော့ မလိုပါဘူး၊ နည်းနည်းပါးပါးပေါ့။ ကြည့်ရတာ ယောကျ်ားတစ်ယောက် ဆိုတော့ စာရေးဆရာက ဟင်းချက်နည်းတွေကို သိပ်သိပုံမရဘူးလို့ ခင်ဦးဇင် တွေးမိတယ်။ နင်တို့က ရခိုင်က ထွက်လာတာ ကြာပြီ၊ ဒီတော့ ရခိုင်စာဆိုပေမဲ့ ရခိုင်ချက်နည်းအတိုင်း တသွေမတိမ်းဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ဘာဖြစ်ဖြစ် အဆင်ပြေတယ်တဲ့။ စာရေးဆရာက အကြောင်းပြတယ်။ ဒါနဲ့ ရခိုင်မိတ်ဆွေ တစ်ယောက်ကို မေးကြည့်တော့ ငှက်ပျောအူတိုင်လား အဲဒါလည်း သုပ်စားကြတယ်ဆိုလား။ ခင်ဦးဇင် စိတ်မရှည်တော့ဘူး၊ ဒါနဲ့ ထားလိုက်ပါတော့၊ မီးဖိုချောင်ကိုသာ သေချာပြပါတော့လို့ စိတ်ထဲက ပြောမိတယ်။

မြေပြင်ပေါ်မှာဒီအတိုင်းဖွဲ့ထားတဲ့ မီးဖိုခန်းဟာ ဆံပင်ရှည်ကို နောက်တွဲထုံးထားတဲ့ မိန်းမတစ်ယောက်ရဲ့ဆံထုံးက ဦးခေါင်းနောက်မှာ ပုံ့ပုံ့လေး ကပ်ပြီးရှိနေသလို၊ အိမ်မကြီးရဲ့ နောက်မှာ ပုံ့ပုံ့လေး ကပ်ပြီး ရှိနေတယ်။ ရှစ်ပေပတ်လည်မို့ အခန်းကကျဉ်းတယ်မဆိုနိုင်ဘူး၊ ဒါပေမဲ့ အနီရောင်ကြွေအိုး

နှစ်အိုး၊ ထမင်းပေါင်းအိုး တစ်အိုးနဲ့ ရေနွေးကျိုတဲ့ အိုးတစ်အိုး ချောင်ချောင်ကြီးတင်ထားတဲ့ သစ်သားစားပွဲခုံ တစ်ခုံ၊ အဲဒီဘေးမှာက အဆင့်သုံးဆင့်ပါပြီး အပေါ်ဆုံးအဆင့်မှာ ပန်းကန်ခွက်ယောက်တွေနဲ့ အောက်ဆင့်တွေမှာတော့ စဉ်းတီတုံး၊ ငရုတ်ဆုံ၊ ကျည်ပွေ့၊ အိုးလွတ်တချို့ စတဲ့ ထွေလီကာလီတွေ တင်ထားတဲ့ သစ်သားစင်၊ အဲဒီစင်ရဲ့ ဘေးမှာက လေးပေလောက်မြင့်ပြီး နှစ်ပေလောက်ဖြက်ကျယ်တဲ့ သစ်သားကြောင်အိမ်၊ ပြီးတော့ ဆား၊ အချိုမှုန့်၊ ငါးပိ၊ ငရုတ်မှုန့် အစရှိတဲ့ ဟင်းခတ်ပစ္စည်းတွေ တင်ထားတဲ့ နှစ်ပေပတ်လည်လောက်ရှိမယ့် သစ်သားစားပွဲခုံ နောက်တစ်လုံးရယ်ဆိုတော့ ကျယ်တယ်လို့လည်း မပြောနိုင်တော့ဘူး။ မီးဖိုချောင်က ရခိုင်ရွာတွေမှာ တွေ့ရတဲ့ မီးဖိုချောင်နဲ့ တူသလား၊ မတူသလား ငါမသိဘူး၊ အမှန် ဒါမျိုးမီးဖိုချောင်က မြို့မကျ၊ တောမကျ ဆင်ခြေဖုံး ရပ်ကွက်လို နေရာမျိုးက အိမ်တွေမှာ တွေ့ရတတ်တဲ့ မီးဖိုချောင်မျိုး တဲ့။ စာရေးဆရာ ပြောနေတုန်းမှာပဲ ဆိုင်းဝိုင်းတစ်ခုလို စီပြီးချထားတဲ့ ပစ္စည်းတွေကြားမှာ မတ်တပ်ရပ်ပြီးအလုပ်ရှုပ်နေတဲ့ အသက်ကြီးကြီး မိန်းမတစ်ယောက် ပေါ်လာတယ်။

ဘယ်လို ပြောရမလဲ၊ ရုပ်ရှင်ရုံတွေမှာ စပြီးပြပြချင်း မီးထိုးလိုက်တဲ့အချိန် အစပိုင်းမှာ ခပ်ဝါးဝါး၊ နောက်တော့ တဖြည်းဖြည်း ထင်ရှားလာတဲ့ ပိတ်ကားပေါ်ကရုပ်ပုံလိုမျိုးလို့ ပြောရမလား။ အဲဒါ နင့်အမေပဲ၊ နင် သူ့ကိုကူလိုက်။ စာရေးဆရာက ခင်ဦးဇင်ကို ထပ်ပြီးပြောတယ်။ ခင်ဦးဇင် ဟုတ်ကဲ့ လို့ ပြန်ပြောပြီး အမေဆိုတဲ့မိန်းမကြီးနားကို ကပ်လိုက်တယ်။ ကျမ ဘာလုပ်ရမလဲ၊ ဟင်းရည် နည်းနည်းမြည်းကြည့်စမ်း။ တပွက်ပွက် ဆူနေတဲ့ဟင်းရည်အိုး၊ ပြီးတော့ ခင်ဦးဇင်ရဲ့နှာခေါင်းထဲ ထိုးဝင်လာတဲ့ ဟင်းခတ်အမွှေးအကြိုင်နံ့ပြင်းပြင်းနဲ့ ရောပါလာတဲ့အမဲသားပြုတ်နံ့၊ မွှေလိုက်တဲ့အချိန်မှာ မြင်လိုက်ရတဲ့ ဝါပျစ်ပျစ်ပဲဟင်းရည်ထဲက အာလူး၊ ခရမ်းသီး၊ ပျဉ်းတော်သိမ်ရွက်နဲ့ ထိုးထိုးထောင်ထောင် အမဲသားဖြတ်စတွေ။ ဒါ ပဲကုလားဟင်းပဲပေါ့။ ခင်ဦးဇင် ကျန်တဲ့ဟင်းအိုးတွေကို တအိုးပြီးတအိုးဖွင့်ကြည့်တယ်။ ဟင်းတွေက အဝါရောင်ကဲပြီး စူးရှတဲ့ဟင်းခတ်အမွှေးအကြိုင်နံ့တွေ ဖုံးနေတယ်။ တချို့က အနံ့နဲ့တင် အချိုလွန်ကဲနေပုံရတဲ့ အစားအသောက်တွေ။ ဘာလဲ၊ ဒါ ဘာလဲ၊ တစ်ခုခု မှားနေသလား။ မဟုတ်သေးပါဘူးလို့တွေးပေမဲ့ ခင်ဦးဇင်စိတ်ထဲ တခုခုဖြစ်သလိုမျိုးထင်နေတယ်။ တခုခုဖြစ်နေတယ်၊ တခုခု ဖြစ်နေတာသေချာတယ်ပေါ့။ ဒါပေမဲ့ ဘာမှားနေမှန်းလည်း မသိဘူး။ နောက်တော့ ခင်ဦးဇင် ပိတ်ထားတဲ့ကြောင်အိမ်ကို ဆွဲဖွင့်လိုက်တယ်။ ကြောင်အိမ်ရဲ့ အပေါ်ဆင့်မှာက နွားနို့၊ သကြားများများနဲ့လုပ်ထားပုံရပြီး အနံ့နဲ့တင် ချိုအီနေတဲ့ မုန့်တွေ။ အဲဒီနောက်တော့ ခင်ဦးဇင် ဖျတ်ခနဲ သတိရသွားတယ်။ စာရေးဆရာ သူ့ကို ရခိုင်ဟင်းတွေအကြောင်း ပြောခဲ့တုန်းက မုန့်တွေအကြောင်းမှ မပါတာပဲပေါ့။ ပြီး တချိန်တည်းမှာပဲ ငါးမိန့်သင်းသင်း၊ ငရုတ်သီးနဲ့ ငရုတ်ကောင်းများများ

ဆိုတဲ့စကားတွေကိုလည်း သတိရသွားတယ်။ ဒါပဲ၊ သူ့စိတ်ထဲ တခုခု မှားသလို ခံစားနေရတာ ဒါပဲပေါ့။ သူ မြင်နေရတာတွေက စာရေးဆရာ ပြောခဲ့တဲ့ ရခိုင်ဟင်းဆိုတာတွေနဲ့ တူမှမတူနေတာပဲပေါ့။ ပြောတာတမျိုး၊ ပြထားတာ တမျိုးနဲ့ စာရေးဆရာက ဘာဖြစ်ချင်နေတာ လဲပေါ့။

တွေးနေတုန်းမှာပဲ ခင်ဦးဇင်ရဲ့ မျက်လုံးရှေ့တည့်တည့် ကြောင်အိမ်ရဲ့အောက်ဆင့်မှာ နီးနဲ့ တွဲချည်ထားတဲ့ အမဲသားစိမ်းတတွဲ ရုတ်တရက်ပေါ်လာပြီး အဲဒီအသားစိမ်းရဲ့အနံ့စူးစူးက ခင်ဦးဇင်ရဲ့ နှာခေါင်းထဲ ဝုန်းခနဲ ဆောင့်ဝင်လာတယ်။ ပြီး ဘာကြောင့်မှန်းမသိ ခင်ဦးဇင်စိတ်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ ဘာလဲ၊ ဘာလဲပေါ့။ ဘာကြောင့် မြင်နေရသမျှအားလုံးက စာရေးဆရာ ပြောခဲ့တဲ့ ရခိုင်းဟင်းတွေနဲ့ တစက်ကလေးတောင်မတူနေတာလဲပေါ့။ ခင်ဦးဇင် အမေဆိုတဲ့အမျိုးသမီးကို ချက်ချင်းဆိုသလို ကြည့်လိုက်မိတယ်။ နေလောင်ထားတဲ့ အသားညိုမည်းမည်းမှာ ကျိုးတိုးကျဲတဲ ဖြူနေပြီဖြစ်တဲ့ဆံပင်တွေပေါ်က တဘက်ခြုံထားတာ၊ ပြီးတော့ ခပ်ချွန်ချွန်နှာတံနဲ့ ဆေးနက်ခြယ်ထားသလို ခပ်မည်းမည်းမျက်လုံး တွေ၊ အမေ့ရဲ့မျက်နှာက စာရေးဆရာပြဖူးတဲ့ ဓာတ်ပုံတွေထဲက ဘင်္ဂါလီ အမျိုးသမီးရုပ် ထွက်နေတယ်။ ရခိုင်နဲ့ ဘင်္ဂါလီက ရုပ်ရည်အရ အတူတူပဲလား၊ နင့်အမေနဲ့ အဖေက ရခိုင်စစ်စစ်လို့ စာရေးဆရာပြောခဲ့ဖူးတဲ့စကားကို ခင်ဦးဇင် နားထဲ ပြန်ကြားတယ်။ တခုခု ဖြစ်နေတယ်။ တခုခုတော့ ဖြစ်နေတယ်။ အဲဒါ ဘာလဲ။ အဲဒါ ဘာဖြစ်နေတာလဲ။ အဲဒီတုန်းမှာပဲ ဖုန်းထဲက ပြောင်းပြန်ဖြစ်သွား တယ် ဆိုတဲ့ မှတ်စုတွေကို ခင်ဦးဇင် ဖျတ်ခနဲ သတိရတယ်။

ကျမအမေ ချက်နေတာတွေက ရှင် ပြောခဲ့တဲ့ ရခိုင်အစား အသောက် ဆိုတာတွေနဲ့လည်းမတူ၊ ဘယ်လို ဖြစ်တာလဲ။ စာရေးဆရာက ခင်ဦးဇင်ရဲ့ မေးခွန်းကို တဟားဟား ရယ်တယ်။ ပြီး အချိန်နည်းနည်း ကြာတော့မှ အဲတာက ကုလားဟင်းတွေလို့ ဖြေတယ်။ ကုလားဟင်း...။ ကုလား...။ ကုလားဆိုတာ ဘာလဲ။ ကုလားဆိုတာလား။ စာရေးဆရာက မေးခွန်းကို ရုတ်တရက် မဖြေဘူး။ ကုလားဆိုတာလို့ သံရှည်ဆွဲ စဉ်းစားသလိုလုပ်နေပြီး နည်းနည်းလောက် ကြာတော့မှ ပြည်တွင်းနေ အစ္စလာမ်ဘာသာနဲ့ ဟိန္ဒူဘာသာ ကိုးကွယ်သူတွေ၊ ရိုဟင်ဂျာဘင်္ဂါလီတွေ၊ ပြီးတော့ ဗမာပြည်အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နဲ့အိန္ဒိယက ဆင်းသက်လာတဲ့ လူမျိုးစုတွေ၊ အဲဒီလူတွေကို ခေါ်တဲ့ ဗမာစကားလုံးတဲ့။ အရင်တုန်းကတော့ အဓိပ္ပါယ်အမျိုးမျိုးနဲ့ သုံးကြပေမဲ့ လတ်တလောကတော့ နှိမ်ပြီး၊ စော်ကားပြီး ခေါ်တဲ့အသုံးလို့ သတ်မှတ်ထားကြတယ်တဲ့။ ရှင်လည်း အခု သုံးလိုက်တယ်နော်။ ပြင်ဖို့ကြိုးစားပေမဲ့ ငယ်ကတည်းက အကျင့်လိုဖြစ်နေတော့ သတိမထားမိဖြစ်သွားလိုပါ။ ထားပါတော့၊ ဒါနဲ့ အခု ရှင်က ဘာဖြစ်ချင်နေတာလဲ၊ ရှင် ဘာလုပ်ဖို့ ကြံနေတာလဲ။ ဘာမှ မလုပ်ပါဘူး၊ ဘာ မလုပ်ရမှာလဲ။ ရှင် ကျမကို

ရခိုင်ဟင်းတွေအကြောင်းပြောပြီး ရခိုင်ဟင်းတွေအစား အခုဟာတွေ ပြတယ်လေ။ အဲဒါ ဘာလို့လဲ။ အဲဒါတွေအားလုံးက နင့်စိတ်ထဲထင်နေတာတွေ။ ကျမစိတ်ထဲ ထင်နေတာ၊ မဟုတ်ပါဘူး၊ ကျမမျက်စိနဲ့ တကယ်မြင်နေရတာပဲ။ နင် မြင်နေတာတွေက အမှန်မဟုတ်ဘူး၊ အမှန်တကယ် နင့်အမေက ငါးပိန့်သင်းတဲ့ ရခိုင်ဟင်းကို ချက်နေတာ၊ အဲဒါကို နင်ကစိတ်ထဲ လျှောက်ထင်နေတာ။ မဟုတ်ဘူး၊ မဟုတ်သေးပါဘူး။ နင်က ရိုဟင်ဂျာ တွေကိုတအားမုန်းတာလေ၊ အဲဒီအတွက် ရိုဟင်ဂျာတွေကြောင့် ရခိုင်တွေ ဒုက္ခရောက်ရတဲ့အကြောင်း ဝတ္ထုတစ်ပုဒ်ရေးနေတာ၊ နင် မှတ်မိတယ်မဟုတ်လား၊ မနေ့ညက နင် စာရေးနေတုန်း နင့်အမေ လာခေါ်ပြီးနောက်ပိုင်း မှတ်စုတွေပြောင်းသွားတာ၊ အခုလည်း အဲဒီလို ပြောင်းသွားတာပဲ၊ နင် စဉ်းစားကြည့်စမ်း၊ ရိုဟင်ဂျာတွေကို မုန်းနေတဲ့ ရခိုင်မတစ်ယောက်က ရိုဟင်ဂျာတွေကြားထဲသာ ရောက်သွားခဲ့ရင် ဘယ်လိုဖြစ်သွားမလဲ ဆိုတာကို။ ရှင် ဘာကို ဆိုလိုချင်တာလဲ။ ဒီတခါတော့ စာရေးဆရာက ခင်ဦးဇင်ရဲ့ စကားကို ပြန်မဖြေတော့ဘူး။ ဒီကိစ္စကို ထားလိုက်ပါတော့၊ အခု နောက်တစ်ခန်းကို ဆက်သွားစို့ လို့ပဲ ပြန်ပြောတယ်။ ပြီးတော့ အခု ညရှစ်နာရီထိုးပြီ၊ မနေ့က နင် စာရေးတဲ့အချိန်ပေါ့တဲ့။ အဲဒီနောက်တော့ မနက်ခင်းအလင်းနဲ့ တောက်ပနေတဲ့ ခင်ဦးဇင်ရဲ့ ကမ္ဘာက အနက်ရောင်ကန့်လန့်ကာ ဆွဲချ လိုက်သလို ရုတ်တရက်မှောင်ကျသွားပြီး မနေ့က ပြတင်းပေါက်နဲ့ စာရေးစားပွဲက ခင်ဦးဇင်အရှေ့မှာ ဘွားခနဲ ပေါ်လာတယ်။

အပိုင်း (၆)

မနေ့ကအတိုင်းပဲ၊ နင် စာမရေးခင် အချက်အလက်တွေ တစ်ချက်ပြန်ကြည့်ရမယ်၊ ဒီတစ်ခါတော့ အွန်လိုင်းကနေယူပြီး ဖုန်းထဲသိမ်းထားတဲ့ စာတွေပဲ ကြည့်ပေါ့။ စာရေးဆရာရဲ့စကားနဲ့အတူ ခင်ဦးဇင်ရဲ့လက်ထဲကို ဖုန်းတစ်လုံး ဖျတ်ခနဲရောက်လာတယ်။ ပြီးတော့ ဖုန်းမျက်နှာပြင်မှာက စာရေးဆရာပြချင်တဲ့မှတ်စုတွေ။ ကွင်းပြင်ထဲ ကျနော့်မိဘတွေကို သတ်လိုက်တာကိုမြင်တော့ ကျနော် အိမ်ကိုပြေးသွားခဲ့တယ်၊ ကျနော့်ရဲ့ ခုနစ်လသားညီမလေးကို ပုခက်ထဲကထုတ်တယ်၊ ပြီးတော့ ထွက်ပြေးခဲ့တယ်၊ ဆာနေတာတောင် ကျနော် မငိုဘူး၊ ဒါပေမဲ့ ကျနော့်ညီမလေးကတော့ တအားဆာနေပြီး နို့အတွက် အီတယ်လို့ သူ သတင်းထောက်တစ်ယောက်နဲ့ တွေ့တဲ့အချိန် ဟိန္ဒူကောင်လေးက ပြောခဲ့တယ် တဲ့။ စာက ဓာတ်ပုံတစ်ပုံပေါ်မှာ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတာ။ အဲဒီဓာတ်ပုံထဲမှာက လသားကလေးကို ပွေ့ထားတဲ့ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ကောင်လေးနဲ့ သူ့ရဲ့ဘေးမှာတော့ သဲသဲကွဲကွဲ ဖတ်မရတဲ့ တံဆိပ်နဲ့အင်္ကျီကို ဝတ်ထားတဲ့၊ သတင်းထောက် လို့ ယူဆရတဲ့လူတစ်ယောက်။ ပြီးတော့ ဓာတ်ပုံရဲ့ အောက်ခြေမှာစာတစ်ကြောင်း ရှိနေသေးတယ်။ အဲဒါက ဒီကလေးနှစ်ယောက်က ရိုဟင်ဂျာအမည်ခံ အကြမ်းဖက်တွေရဲ့ သနားစရာသားကောင်တွေပါ၊ တဲ့။ ပြီးတော့ အဲဒါအပြင်ကိုမှ ပုံရဲ့အောက်မှာ ထပ်ရေးထားတဲ့မှတ်စုက နာမည်ရစာရေးဆရာတစ်ဦးမှ ဖေ့ဘုတ်စ်တွင် မျှဝေထား၊ တဲ့။ လူသတ် အကြမ်းဖက်တာ၊ ဘယ်လောက်တောင်ဆိုးတဲ့ ရိုဟင်ဂျာ တွေလဲလို့ ခင်ဦးဇင် တွေးမိတယ်။ လူ့လောကကြီးမှာ မရှိသင့်တဲ့ကောင်တွေပေါ့။ တွေးနေတုန်းမှာပဲ ခင်ဦးဇင်ရဲ့လက်ထဲက ဖုန်း မျက်နှာပြင်ပေါ်က မှတ်စုက ဖျတ်ခနဲ နောက်တစ်ခု ပြောင်းသွားတယ်။ စာတွေက တစ်ပုဒ်ပြီး တစ်ပုဒ်ပဲ။ ဘင်္ဂါလီယောကျ်ားတွေက ဓားကောက်တွေသုံးပြီး လည်လှီးတဲ့ အကြောင်းတွေ၊ ဘင်္ဂါလီမိန်းမတွေက တိရစ္ဆာန်တွေသားဖောက်သလို တစ်နှစ်တစ်သား ပုံမှန်ကျပြီး လူဦးရေအရ အုပ်စိုးဖို့ကြိုးစားတဲ့ အကြောင်းတွေ၊ အဲဒီကမှ မထွက်ပြေးခင် ကိုယ့်ရွာကိုကိုယ် ရွာလုံးကျွတ်မီးရှို့ထားခဲ့ပြီး စစ်တပ်ကိုစွပ်စွဲတယ် ဆိုတာတွေ၊ ပြီးတော့ ကမ္ဘာ့မျက်နှာစာမှာ မျက်ရည်လည့်ရွဲ ဟန်ဆောင်ငိုပြတာ တွေ။ စာရေးဆရာက ခင်ဦးဇင်ကို တတွတ်တွတ်ပြောပြနေတယ်။ စာရေးဆရာရဲ့ အသံစူးစူးက ခင်ဦးဇင်ရဲ့နားထဲမှာ အပူငွေ့တွေ ဖြတ်သွားသလိုပဲ။ လိပ်ပြာတွေဝတ်မှုန်ကူးသလိုပဲလို့ ပြောရမလား၊ ဒါမှမဟုတ် မီးတောက်တွေက နီးစပ်ရာလောင်စာတွေဆီကို ခုန်ကူးလိုက်သလိုလို့ ပြောရမလား မသိဘူး။

စာတွေထဲက ရန်လိုမှုတွေ၊ အမုန်းတွေ၊ ကြောက်ရွံ့စိတ်တွေက စာရေးဆရာရဲ့ အသံတွေကတဆင့် ခင်ဦးဇင်ဆီကို ကူးလာတော့မလိုပဲ။

ခင်ဦးဇင်ရဲ့လက်ထဲကို မနေ့တုန်းက ရေးလက်စစာမူ ရောက်လာတယ်။ ညနေ၊ ကောင်းကင်၊ လမ်းဘေးအပင်တွေ၊ ပြီးတော့ အပြန်လမ်းနဲ့ အမှောင်ထဲက ထိုးထွက်လာတဲ့ ဘင်္ဂါလီသုံးယောက်။ အမှောင်ထဲကထွက်လာတဲ့ အရိပ်မည်းမည်းတွေ၊ ယိမ်းထိုးပြီး ဇာတ်ကောင်မိန်းကလေး စောလှနုရဲ့အနားကို ကပ်သွားကြတာ၊ ဘယ်သူလဲ ဆိုပြီး စောလှနုက မေးတယ်၊ ဒါပေမဲ့ ပြန်မဖြေဘူး။ အဲဒီလူတွေက ဘယ်သူတွေလဲ၊ ဝတ္ထုကိုတွေးနေရင်းနဲ့ပဲ ခင်ဦးဇင်လည်း စိတ်ထဲကမေးမိတယ်။ စောလှနုအနေနဲ့ အဲဒီလူသုံးယောက်ကို အခုမှ တွေ့လို့၊ အမှောင်ထဲက ထွက်လာကြတာကြောင့် သဲသဲကွဲကွဲ မမြင်ရလို့၊ ဇာတ်လမ်းရဲ့အသွားအရ မသိတာ ဖြစ်နိုင်ပေမဲ့၊ ခင်ဦးဇင်အနေနဲ့ကကျ စာရေးဆရာဆိုတာ ကိုယ့်ဇာတ်ကောင် တစ်ယောက်ချင်းစီကို သိနေရမှာမျိုး၊ ပြီးမှသာ ဒီဇာတ်ကောင်ရဲ့ အဲဒီအကြောင်းကတော့ ဝတ္ထုအတွက်မလိုလို့ ထည့်မရေးဘူးဆိုပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ဖြတ်တောက် ချန်ရစ်ခဲ့တာမျိုး ဖြစ်ရမှာမလား။ ဒါပေမဲ့ အခုတော့ သူ့ဝတ္ထုထဲက ဇာတ်ကောင်တွေကို ခင်ဦးဇင်သိမနေဘူး။ သူက သူ့ဇာတ်ကောင်တွေကို ဘာလို့သိမနေရတာလဲ။ ခင်ဦးဇင် စိတ်ထဲကနေ ရေရွတ်မိတယ်။ နင် သိဖို့မလိုလို့ မသိတာ ပေါ့။ ခင်ဦးဇင်ကို အနောက်ကနေ တတွတ်တွတ်ခိုင်းနေတဲ့ စာရေးဆရာက ချက်ချင်းတုံ့ပြန်တယ်။ ဒါပေမဲ့ ရှင် စဉ်းစားကြည့်၊ စာရေးဆရာက သူ့ဇာတ်ကောင်ကို သေချာ မသိဘူးဆိုတာ ဖြစ်သင့်ရဲ့လား။ မသိလည်း ဝတ္ထုက ရေးလို့ ရနေတာပဲ။ ဒါပေမဲ့ ကျမ သိချင်တယ် လေ။ တော်ပြီ၊ ဒီည နင် စာမရေးတော့ဘဲ အနားယူလိုက်တော့။ မဟုတ်သေးဘူးလေ၊ ရှင် အဲဒီလို ရှောင်ပြေးလို့ ဘယ်ရမလဲ၊ ကျမက ရှင့်ဇာတ်ကောင်ဆိုပေမဲ့ ဒါကကျတော့ ကျမရဲ့ဝတ္ထု၊ ဒီတော့ အချက်အလက်တစ်ခု ထည့်သင့်၊ မထည့်သင့်ကို ကျမပဲ ဆုံးဖြတ်သင့်တယ် မဟုတ်ဘူးလား။

ခင်ဦးဇင်ပြောနေပေမဲ့ စာရေးဆရာက မရှိတော့ဘူး။ ခင်ဦးဇင် စကားပြောနေတုန်းမှာပဲ ရုတ်တရက်ဆိုသလို ထွက်သွားခဲ့ပြီ။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ စာရေးဆရာ ဖန်တီးပြထားတဲ့ ခင်ဦးဇင်ရဲ့ကမ္ဘာက ရုပ်သေပုံရိပ်တစ်ခု ဖြစ်သွားခဲ့ပြီ။ ဒါက ဘာလဲ၊ ခင်ဦးဇင် ပုံရိပ်သေတွေကိုကြည့်ရင်း ရုတ်တရက်ကြောင်သွားတယ်။ ပြီးတော့ချက်ချင်းပဲ သူ့ကို အမှောင်တွေထဲ မချန်ထားခဲ့ဖို့ စာရေးဆရာကို ပြောခဲ့တဲ့အကြောင်းကို သတိရတယ်။ သြော် ဒါကြောင့်ပဲပေါ့။ ဒါပေမဲ့ အဲဒီကိစ္စကြောင့် စာရေးဆရာအပေါ် ခင်ဦးဇင် ဖြစ်နေတဲ့မကျေနပ်စိတ်က ပျောက်မသွားဘူး။ ဒါ ဖြစ်သင့်ရဲ့လား။ ခင်ဦးဇင် မကျေမချမ်းနဲ့ ရေရွတ်မိတယ်။ စာရေးဆရာက သူ့ကိုယ်သူ ခင်ဦးဇင်ရဲ့ဖန်ဆင်းသူ ဆိုပြီး ပစ်စလက်ခတ်လုပ်သွားတာ၊ အနိုင်နဲ့ ပိုင်းသွားတာ၊ ပြီးတော့ ခင်ဦးဇင်ကို

ဘာတွေဖြစ်နေတယ် ဆိုတာကိုလည်း ပွင့်ပွင့်လင်းလင်း မပြောပြဘူး၊ ဒါ ဖြစ်သင့်ရဲ့လား။ အိပ်လို့မရဘဲ ငုတ်တုတ်ကြီး ကျန်နေခဲ့တဲ့ခင်ဦးဇင်ရဲ့စိတ်ထဲ စောလှနုရဲ့အနားကို ကပ်သွားနေကြတဲ့ ယောက်ျားသုံးယောက်ရဲ့ မှုန်ဝါးဝါး ပုံရိပ်သေတွေကို ကြည့်နေရင်းကပဲ စာရေးဆရာအပေါ် မကျေနပ်တဲ့ ဒေါသက ပိုပြီး ဗလောင်ဆူလာတယ်။

စာရေးဆရာ သူ့ဆီကို စတုတ္ထအကြိမ်မြောက် ရောက်လာတော့ သူ့ကိုယ် သူ မသိခြင်းအတွက် ကြောက်တဲ့ စိတ်အခံအပေါ်မှာမှ သူ့အနေနဲ့ ဘယ်လိုဇာတ်လမ်းထဲမှာ ပါဝင် အသုံးတော်ခံနေရသလဲဆိုတဲ့ မရေရာမှုတစ်ခု၊ ပြီးတော့ သူ့အပေါ် အထက်စီးဆန်လွန်းတဲ့ စာရေးဆရာရဲ့အပြုအမူကို မကျေနပ်တဲ့စိတ်တစ်ခု၊ အဲဒီနှစ်ခုက ခင်ဦးဇင်ဆီမှာ ခိုဝင်နေပြီ။ စာရေးဆရာက သူ့ကို ရခိုင်လို့ပြောတယ်၊ ဒါပေမဲ့ သူ့အမေက ဘင်္ဂါလီရုပ်ပေါက်နေတယ်။ စာရေးဆရာက သူ့ကို သူ့အမေ ရခိုင်အစားအသောက်တွေ ချက်ပြုတ်နေတဲ့ နေရာမှာ ကူဖို့ ပြောတယ်၊ ဒါပေမဲ့ သူ့အမေ ချက်နေတာက ရခိုင်အစားအသောက်တွေ မဟုတ်ဘဲ အခြားအစားအသောက်တွေ ဖြစ်နေတယ်။ စာရေးဆရာက သူ့ကို ရိုဟင်ဂျာမကောင်းကြောင်း ဝတ္ထုရေးမယ့်စာရေးဆရာမတဲ့၊ ဒါပေမဲ့ သူ တွေ့နေရတဲ့ မှတ်စုတချို့က ဘင်္ဂါလီတွေဘက်က ခံနေရတဲ့အကြောင်းတွေ ဖြစ်နေတာ။ ပြောရရင် စာရေးဆရာ ပြောတာတွေနဲ့ သူ ကြုံနေရတာတွေက အကုန်နီးပါး ဖီလာဆန့်ကျင်တွေ။ ဘာလဲ၊ ဘာကြောင့်လဲ၊ သူ ဘယ်လိုဇာတ်လမ်းထဲမှာ ပါနေရသလဲပေါ့။ ဒါနဲ့ပဲ စာရေးဆရာ သူ့ဆီရောက်လာတယ်ဆိုရင်ပဲ ခင်ဦးဇင် မေးခွန်းတွေ မေးတယ်။ မေးတာက ဒေါသတကြီးတော့ မဟုတ်ဘူး၊ ဘယ်လို ပြောရမလဲ၊ ပေါက်ကွဲချင်နေတဲ့ စိတ်ကို လျှော့ချထားတဲ့ ပုံစံ၊ စိတ် ကျေနပ်တဲ့အဖြေတစ်ခုမရရင်တော့ ပေါက်ကွဲမှာပဲလို့ အသင့်ဖြစ်နေတဲ့ အခြေအနေမျိုး၊ အဲလိုပုံမျိုး မေးတာ။ ကျမပါဝင်နေတာ ဘယ်လို ဇာတ်လမ်းမျိုးလဲ၊ ကျမကို အစအဆုံး အသေးစိတ် မဟုတ်ရင်တောင် အပေါ်ယံပြောထားလို့မရဘူးလားပေါ့။ မရဘူး၊ အချိန်တန်ရင် သိရမှာပါ။ စာရေးဆရာက ပြတ်ပြတ်ပဲ၊ ချက်ချင်း ဘူးခံတယ်။ စာရေးဆရာရဲ့ စကားကို ကြားတော့ ခင်ဦးဇင် စိတ်က ပေါက်ကွဲခါနီးမီးတောင်လိုပဲ။ ဒါပေမဲ့ ချက်ချင်း ပြန်ထိန်းလိုက်တယ်။ ပြီးတော့ တိုလုလုစိတ်ကို ဆွဲဆန့်ပြီး ဇာတ်လမ်းကို ကျမသိလို့မရဘူးဆိုရင်လည်း ထားပါ၊ ဒါပေမဲ့ ဇာတ်ကွက်တစ်ခု ရောက်တဲ့အချိန် ကျမအနေနဲ့ အဲဒီဇာတ်ကွက်နဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံသိအောင် ပြောပြ ပေးလို့ရမလား။ အခုလည်း ပြောပြတာပဲလေ။ ဒီတခါတော့ ခင်ဦးဇင် မရတော့ဘူး၊ ထိန်းနေတဲ့ကြားက လေသံက မာစပြုတယ်။ ဒါပေမဲ့ အခု ကျမက ရှင်ပြောသလောက်ပဲသိပြီး၊ ရှင်ခိုင်းတာကိုပဲ လုပ်နေ ရတာဆိုတော့ အဲဒါကြီးက…။ မင်းက ဇာတ်ကောင်တစ်ကောင်ပဲလေ။ ဒါပေမဲ့ ကျမကို စာရေးဆရာမဇာတ်ကောင်အဖြစ် ရှင် ဖန်တီးထားတယ်လေ၊ ဒီတော့ စာ

ဘယ်လိုရေးရတယ်၊ ဘယ်နေရာ ဘာလိုတယ်၊ ဘာကို ဘယ်လိုဇာတ်လမ်းဆင်မယ် ဆိုတာကို ကျမကသိနေတော့ အဆင်မပြေဘူး၊ ဥပမာပြရရင် ရှင်က ကျမကို ဘင်္ဂါလီတွေကို မုန်းနေတယ်လို့ ပြောတယ်၊ ဒါပေမဲ့ ဘာကြောင့် မုန်းရမယ်ဆိုတဲ့ အသေးစိတ်ကျတဲ့ အချက်အလက်ကျတော့ ရှင်က ပြည့်ပြည့်စုံစုံမပေးဘူး၊ ဘင်္ဂါလီတွေက အကြမ်းဖက်တာကိုပြသလို၊ သူတို့ အကြမ်းဖက်ခံရတာတွေကိုလည်း ရှင် ပြန်ပြထားတယ်၊ ဒီတော့ ကျမ ဒီဇာတ်လမ်းကို သဘာဝကျကျနဲ့ ဘယ်လို ရှေ့ဆက်မလဲ၊ ပြောချင်တာက ရှင်ခိုင်းတာကို ကျမ လိုက်လုပ်ဖို့ လုံလောက်တဲ့အကြောင်းပြချက်လိုတာ ရှင်လည်းသိတာပဲ။ ခင်ဦးဇင် အဲဒီလိုမရပ်မနားပြောလိုက်တော့ စာရေးဆရာက အချိန်အတိုင်းအတာတစ်ခုလောက်ကြာတဲ့အထိ ဘာမှ ပြန်မပြောပြန်ဘူး။

ကျမက ဘင်္ဂါလီတွေကို မုန်းရမယ်၊ ဘာကြောင့် မုန်းရမလဲ။ သူတို့က ကျမကို ဘာလုပ်ခဲ့သလဲ၊ သူတို့က လူတွေကို ဘာဒုက္ခတွေ ပေးနေလို့လဲ၊ ပြောချင်တာက ကျမ သူတို့ကို မုန်းဖို့ အချက်အလက် လုံလုံလောက်လောက် ရဖို့ လိုတယ်၊ အခု ရှင်ပြောခဲ့သမျှက မလုံလောက်ဘူး။ တိတိကျကျဆိုရရင် ကျမအတွက် မလုံလောက်ဘူး။

စာရေးဆရာကို ခင်ဦးဇင် အဆက်မပြတ်ပြောတယ်။ ရေတံလျှောက်ကနေ ထွက်ကျနေတဲ့ရေတွေလိုလို့ ပြောရမလား၊ စကားတွေက အဆက်မပြတ်၊ မရပ်မနားပဲ။ အဲဒီအတွက် ခင်ဦးဇင် သူ့ကိုယ်သူလည်းအံ့သြတယ်။ သူ နှုတ်သွက်လှချည်လား၊ သူ ပြောရဲလှချည်လားပေါ့။ အသံမဲ့ ပုံရိပ်သေကမ္ဘာကြီးထဲ တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေခဲ့ရတုန်း တွေးခဲ့တဲ့အတွေးတွေက နောက်ကနေ ပြောသာ ပြော၊ ပြောချ လိုက်စမ်းလို့ အားပေးနေကြလို့များ လူက ပိုပြီးနှုတ်စ၊လျှာစရှိနေသလားပေါ့။ ဒါပေမဲ့ ပြောခဲ့တဲ့ အတိုင်းပဲ၊ စာရေးဆရာက ကနဦး ဘာစကားမှ ပြန်မပြောတော့ ခင်ဦးဇင်စိတ်ထဲ သင်း ပါးစပ်မှရှိသေးရဲ့လား တွေးမိတယ်။ အဲဒီလို တွေးနေတုန်းမှာပဲ စာရေးဆရာက ပြောနေကျ သူ့ရဲ့ လေသံစူးစူးနဲ့ ဟုတ်ပါပြီလို့ ပြန်ပြောတယ်။ ပြီးတော့ အဲဒါတွေကိုပြောရရင် ရှည်တယ်၊ ဒါပေမဲ့ အကျဉ်းချုံးတော့ ပြောရမှာ ပေါ့တဲ့။ စာရေးဆရာ ပြောတဲ့စကားကို နားထောင်နေတုန်းမှာပဲ ခင်ဦးဇင်ရဲ့ နံဘေးမှာ ရှိနေတဲ့မြင်ကွင်းက ရုတ်ချည်းဆိုသလို ပြောင်းလဲသွားတယ်။ နေရာက ကွင်းပြင်ကျယ်ကြီးတစ်ခု၊ ပြီးတော့ လူတွေအများကြီးက မြက်ခင်းပြင်ပေါ်မှာထိုင်လို့၊ အရှေ့မှာတော့ ပန်းတွေ၊ မီးတွေနဲ့ အလှဆင်ထားတဲ့ စင်မြင့်တစ်ခု။ ဒါ တရားပွဲတစ်ခုပဲ တဲ့၊ စာရေးဆရာက ခင်ဦးဇင်ကို ပြောတယ်။ တရားပွဲ၊ ခင်ဦးဇင် စာရေးဆရာရဲ့ စကားကို သံယောင်လိုက်မိတယ်။ အဲဒီ အချိန်မှာပဲ ခပ်အေးအေး အသံအောင်အောင်နဲ့ ပြောဟောနေတဲ့ အသံတစ်သံကို ကြားလိုက်ရတယ်။ ဈေးချင်းယှဥ်ရင် ဗမာဆိုင်က ဈေးနည်းနည်းကြီးပြီး ကုလားဆိုင်က ဈေးပေါ့ကောင်း ပေါ့မယ်၊ ဒါပေမဲ့

သေချာတွေးကြည့်ရင် ဗမာဆိုင်မှာ ဝယ်လိုက်တဲ့ပိုက်ဆံက ဘုန်းကြီးတွေကို လှူတဲ့ဆီ၊ ဒီလိုတရားပွဲတွေ လုပ်တဲ့ဆီ၊ ဘုရားတည် ကျောင်းဆောက်တဲ့ဆီ ပြန်ရောက်မှာ၊ ကုလားဆိုင်မှာ ဝယ်လိုက်ရင်တော့ အဲဒီပိုက်ဆံတွေက လုံးဝ သွားပြီ၊ ဗုဒ္ဓဘာသာကို ဖျက်ဆီးမဲ့ငွေတွေ ဖြစ်သွားပြီတဲ့။ ဒါက ဘာလဲပေါ့၊ မေးခွန်းတစ်ခုက ခင်ဦးဇင် ခေါင်းထဲကို ရောက်လာတယ်။ အဲဒီတုန်းမှာပဲ ခင်ဦးဇင်ရဲ့နံဘေးက မြင်ကွင်းက ရုတ်တရက်ပြောင်းသွားပြီး တရားပွဲနောက်တစ်ခုကို ထပ်ရောက်သွားပြန်တယ်။ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းသင်းမယ့်ယောကျ်ားတွေ ပေါ်တာ၊ မရှိဘူးဆို ပြော၊ သံဃာတွေ လွှတ်ပေးမယ်၊ အသောက်အစားလည်း ကင်း၊ အဲဒါကို ကုလား သွားရွေးတယ်ဗျာ၊ အဲတော့ အဲလိုမိန်းမတွေကို ပြောချင်တာက၊ အဲဒီဆန္ဒ တစ်ခုတည်းနဲ့တော့ ကုလား မယူပါနဲ့ဟာ၊ ကုလားယူမယ့်အစား ခွေးယူပါ တဲ့။ တရားဟောနေတာကို နားထောင်ရင်း မြင်ရကြားရတာတွေက ခင်ဦးဇင်အတွက် အထူးအဆန်းတွေ ဖြစ်နေတယ်။ တရားဟောနေတဲ့ ဘုန်းကြီးက စနေသလားလို့ ခင်ဦးဇင် တွေးမိတယ်။ ဒါပေမဲ့ ဘုန်းကြီးကိုကြည့်ရတာ စနေတာနဲ့ မတူဘူး၊ အတည်ပေါက်ကြီး ပြောနေတာ။ ပြီးတော့ တရားနာနေတဲ့ လူတွေကို ကြည့်ရတာလည်း အတည်ပေါက်ကြီးနာနေကြတာ။ ဘုန်းကြီးရဲ့ ပြတ်တောင်း ပြတ်တောင်း တရားသံအောက်မှာ အဆူခံရတဲ့ကလေးတွေလို တိတ်ဆိတ်နေတာတွေ၊ ပြီးတော့ တိတ်နေတဲ့ကြားက တစ်ချက်တစ်ချက် မထိန်းနိုင်ဟန်နဲ့ ခွိခနဲ ထွက်လာတဲ့ ရယ်သံသဲ့သဲ့။ ဒါက...။ နင် ငယ်တုန်းက သွားခဲ့ဖူးတဲ့ တရားပွဲတွေတဲ့။ ကျမ တရားပွဲတွေကို မသွားဖူးဘူး ထင်တယ်လို့ ခင်ဦးဇင် စိတ်ထဲကပြန်ပြောမိတယ်။ အဲဒီလို ပြောနေတာမဆုံးခင်မှာပဲ တရားပွဲမြင်ကွင်းက ခင်ဦးဇင် ဘေးကနေပျောက်သွားတယ်။ ပြီးတော့ စာသင်ခန်းတစ်ခုရဲ့ အခင်းအကျင်းတွေ ပေါ်လာတယ်။ မြေမျိုလို့ လူမျိုးမပြုတ်၊ လူမျိုမှလူမျိုးပြုတ်မယ်၊ အဲဒါ ဘာကို ဆိုသလဲ၊ သိကြသလား။ အဖြူနဲ့အစိမ်းဝတ်ထားတဲ့ ခပ်ပိန်ပိန် ဆရာမတစ်ယောက်က အာပေါင်အာရင်းသန်သန်နဲ့ စကားတွေ ပြောနေတယ်။ ကျောင်းသား၊ ကျောင်းသူတွေကတော့ ဆရာမ ပြောနေတာကို ငေးပြီးနားထောင်လို့။

မြေမျိုရင် တစ်ယောက်ပဲ မျိုတာ၊ လူမျိုရင်ကျ...၊ ဒီမှာ လူမျိုတယ် ဆိုတာက ဘာသာခြားနဲ့ ယူ၊ ကပြားလေးတွေ မွေး၊ သူတို့ရဲ့ ဘာသာထဲကို ဆွဲသွင်း၊ အဲဒီမှာ ကိုယ့်အမျိုးဘာသာ ပျောက်၊ တွေးကြည့်၊ နောက်ဆိုရင်...။ ဘာတွေလဲ။ သူတို့ မူစလင်ကို ယူပြီဆိုတာနဲ့ အဲဒီမိန်းမက မူစလင်ဘာသာထဲဝင်ရသတဲ့၊ ပြီးတော့ ရွှေတိဂုံလို၊ မဟာမြတ်မုနိလို တန်ခိုးကြီးဘုရားရဲ့ ရုပ်ပုံတွေကို ခြေထောက်နဲ့နင်းပြရသတဲ့၊ ပြီးတော့ ကန်တော့ ကန်တော့ ဟယ်၊ ဘုရားဆင်းတုတွေ ဘာတွေကိုဆိုရင်လည်း လုံချည်နဲ့အုပ်တာမျိုး ညစ်ညစ်ပတ်ပတ်တွေလုပ်ပြရသတဲ့။ ကြောက်စရာကြီးနော်၊ တော်တော်ကို

ဆိုးတာပဲ။ တွေးကြည့်ရင် နွားတွေဆိုတာ ငါတို့ကို စပါးရအောင်
ကူညီပေးတဲ့တိရစ္ဆာန်တွေ၊ ကျေးဇူးရှင်တွေလေ၊ အဲဒါကို သူတို့ရဲ့ အဓိကစားတဲ့
အသားဆိုတော့၊ ဘယ်လို ပြောရမလဲ...။ စာသင်ခန်းမြင်ကွင်းတွေကနေ
စကားဝိုင်းဖွဲ့ပြီး ပြောနေတဲ့ မိန်းမကြီးတွေရဲ့စကားဝိုင်းအဖြစ်
ထပ်ပြောင်းသွားတယ်။ အဲဒီနောက်တော့ လှလှပပ ဝတ်ဆင်ထားတဲ့
ခပ်ဝဝအမျိုးသမီးတစ်ယောက် အာပေါင်အာရင်းသန်သန်နဲ့ ဟောပြောနေတဲ့
ပွဲမြင်ကွင်းဆီ ရောက်သွားပြန်ရော။ အဲဒီမိန်းမရဲ့နောက်က ပိတ်ကားပေါ်မှာ
စာပေဟောပြောပွဲ ဆိုတဲ့ စာတန်းတစ်ခုချိတ်ထားတာကို မြင်ရတော့ သူမြင်နေရတာ
စာပေဟောပြောပွဲ တစ်ခုပါလားလို့ ခင်ဦးဇင် ချက်ချင်းသိလိုက်တယ်။
အဲဒီစာရေးဆရာမ ပြောနေတာတွေက ခုနတုန်းက ခင်ဦးဇင် ကြားခဲ့တာတွေနဲ့
မခြားနားဘူး။ အမျိုးကို သိဖို့၊ ဘာသာကို ကာကွယ်ဖို့၊ သာသနာကို စောင့်ရှောက်ဖို့၊
အဲဒီကမှ အပူမီးတောက်တွေတောင် တဖွားဖွားလွင့်စင်ကျလာမလား ထင်ရတဲ့
ကုလားကို မုန်းဖို့စကားတွေ။ ပြီးတော့ မူစလင်၊ မဟာမြတ်မုနိ၊ ရွှေတိဂုံ၊ အစရှိတဲ့
ခင်ဦးဇင် မသိတဲ့ နာမည်တွေ။ ခင်ဦးဇင်အဖြစ်က ဘယ်တုန်းကမှ မသွားခဲ့ဖူးတဲ့
ခရီးရှည်တစ်ခုကို ဝရုန်းသုန်းကား သွားနေရသလိုပဲ။

အပိုင်း (၇)

အဲဒါတွေက နင့်ငယ်ဘဝတစ်လျှောက် ကြားနာခဲ့ရ၊ သင်ယူခဲ့ရတာတွေပဲတဲ့။ ဘယ်လိုပြောရမလဲ၊ အမုန်းတွေက နင့်စိတ်အတွင်းတစ်နေရာမှာ သစ်သားထဲ ရိုက်ထည့်ထားတဲ့ သံချောင်းလို ရိုက်သွင်းခံထားရတာ၊ ဒါကြောင့် နင်က အကြောင်းပြချက်မလိုဘဲကို မူစလင်တွေကို ကြောက်နေတာ၊ ပြီးတော့ မုန်းနေတာ၊ ကုလားဆိုတာနဲ့တင် နင်က အခြားဘာကိုမှမသိတော့ဘဲ ကြောက်နေတာ၊ အဲဒီက မှ ရိုဟင်ဂျာတွေကိုပါ မုန်းကြောက်ကြီး ဖြစ်နေတာတဲ့။ ပြီးတော့ ဒါကိုကြည့် ဆိုပြီး စာရေးဆရာက ခင်ဦးဇင်ရဲ့ရှေ့မှာ ဖုန်းမျက်နှာပြင် ကို အကျယ်ချဲ့ထားတာနဲ့ ဆင်တူတဲ့ ကန့်လန့်ကာတစ်ခုကို ပေါ်အောင် လုပ်လိုက်တယ်။ အဲဒီမှာ ပေါ်လာတာက အမျိုးသမီးတစ်ယောက် ရေးတင်ထားတဲ့ စာအရှည်ကြီး။ ခင်ဦးဇင် စာကို ခပ်မြန်မြန်ကျော်ဖတ် လိုက်တယ်။ အဲဒီစာအရ သိရတာကတော့၊ သူက ရိုဟင်ဂျာတွေနေတဲ့ရွာကို အစိုးရအဖွဲ့၊ အစိုးရမဟုတ်တဲ့ အကူအညီပေးရေး အဖွဲ့တွေနဲ့ရောက်သွားတဲ့ သူပါတဲ့။ အဲဒီလို ရောက်သွားတဲ့သူတို့အုပ်စုကို အဲဒီ ရိုဟင်ဂျာဆိုတဲ့ ဘင်္ဂါလီတွေက မကြိုဆိုကြပါဘူးတဲ့၊ ရန်လိုတဲ့ အကြည့်၊ မုန်းတီးတဲ့အကြည့်နဲ့တောင် ကြည့်ကြပါသေးသတဲ့။ အဲဒီရိုဟင်ဂျာတွေ ဘယ်လောက်တောင် သွေးဆာသလဲ ဆိုတာကိုဥပမာပြရရင် ငါးနှစ်အရွယ် ကောင်လေးတစ်ယောက်က သူတို့အုပ်စု အိမ်ထဲဝင်လာတာကို မြင်တာနဲ့ တုတ်တစ်ချောင်းကို မနိုင်မနင်းဆွဲပြီး ရန်မူတော့မလို ကြည့်တယ်တဲ့။ ပြောချင်တာက အဲဒီ လူအုပ်စုတွေဟာ သွေးဆာနေတဲ့သူတွေ၊ အကြမ်းဖက်ဖို့ အသင့်ရှိနေတဲ့ သူတွေပေါ့။ စာရေးဆရာက အဲဒီလောက်နဲ့ မရပ်သွားဘူး၊ ခင်ဦးဇင်ကို အဲဒီပို့စ်ရဲ့အောက်က မှတ်ချက်ပေးထားတဲ့ စာတွေအထိ ခေါ်သွားတယ်။ အကြမ်းဖက်ကောင်တွေ၊ မွေးကတည်းက သန္ဓေပါလာတာပဲ၊ စောက်ကလေး ဝက်သားကျွေးလိုက်။ စောက်ကုလားတွေ နင်တို့အကုန် ဗမာပြည်ကထွက်သွား။ ခင်ဦးဇင် မှတ်ချက်တွေ ဖတ်နေတုန်းမှာပဲ အဲဒါတွေပျောက်သွားပြီး နောက်ထပ် စာအရှည်ကြီးတစ်ခု ပေါ်လာတယ်။ စာက အင်ဒင်းဆိုတဲ့ရွာမှာ ဖြစ်ခဲ့တဲ့ ဘင်္ဂါလီတွေ အသတ်ခံရတဲ့ကိစ္စကို သတင်းရေးခဲ့တာကြောင့် သတင်းထောက်နှစ်ယောက်ကို ဆုချီးမြှင့်တဲ့ အကြောင်းသတင်း။ စာရေးဆရာက မြန်မြန်ပဲ ခင်ဦးဇင်ကို မှတ်ချက်တွေဆီ ခေါ်သွားတယ်။ နိုင်ငံ့သစ္စာဖောက်တွေ၊ နိုင်ငံကိုဒေါ်လာနဲ့ရောင်းစားတဲ့ သူတွေ၊ မင်းတို့ရတဲ့ဆုကို လီးတောင် ဂုဏ်မယူဘူး၊ မျိုးချစ်စိတ် မရှိတဲ့ ခွေးတွေ။ မှတ်ချက်တစ်ခုစီတိုင်းက ဒေါသတွေအပြည့်ထည့်ထားတဲ့ အိုးတွေလိုပဲ။ တစ်ခုချင်းစီကို ဖတ်နေရင်းကပဲ

ဘာကိုပြောချင်တာလဲလို့ ခင်ဦးဇင် စာရေးဆရာကို မေးလိုက်တယ်။ အဲဒီမှာ စာရေးဆရာက နင်က အဲဒီလိုလူတွေထဲကတစ်ယောက်ပဲ တဲ့။ ငါပြောတာကို နင်နားလည်သလား၊ နင်က အဲဒီလိုသင်ကြားခံခဲ့ရပြီး၊ အဲဒီလူတွေလို မုန်းနေတာ၊ မုန်းတာဆိုတာတောင် ကြောက်စိတ်ကနေလာတဲ့ အမုန်း၊ အခွင့်အရေးရရင် လူမဆန်ဖို့ဝန်မလေးတဲ့ အမုန်းမျိုး၊ အဲဒီအတွက် နင်ကလည်း ဝတ္ထုရေးဖို့ ကြိုးစားတာ၊ ပြောချင်တာက အဲဒီလူမျိုးတွေကို တိုက်ထုတ်၊ ဖယ်ရှားဖို့ကို တာဝန်တစ်ခုလို့သတ်မှတ်ပြီး နင်နိုင်တဲ့ ဝန်ကို ဝင်ထမ်းတာမျိုးပဲ တဲ့။

နင် ဒီလောက်ဆို ကျေနပ်ပြီလား၊ ရိုဟင်ဂျာတွေကို မုန်းလို့ ရပြီလား။ စာရေးဆရာ ခေါ်တဲ့နောက်ကို မြားဦးချွန်နောက်ကမြားတံလို အဆက်မပြတ်လိုက်နေရတဲ့ ခင်ဦးဇင်၊ စာရေးဆရာမေးတဲ့ မေးခွန်းကို ရုတ်တရက် ဘာပြန်ဖြေရမယ်မသိဘူး။ စာရေးဆရာ ပြသမျှကို အဆောတလျင် လိုက်ကြည့်ရင်း လူက အတွေးတွေ ဗလောင်ဆူပြီး ဆွံ့အ,သလို ဖြစ်နေခဲ့တာ။ ခဏက ပေါက်ကွဲလုလုမီးတောင်လို ဒေါသကလည်း မီးတောင်သေတစ်ခုလို ငြိမ်သွားပြီ။ အဲဒီမှာ စာရေးဆရာက ခင်ဦးဇင်ရဲ့တုံ့ပြန်စကားကို စောင့်မနေဘူး၊ ချက်ချင်း လိုဒါဆို အခုတော့ ငါတို့ ရှေ့ဆက်ဘာဆက်ဖြစ်မယ် ဆိုတာကိုပဲ သွားလိုက်ကြမယ်လေလို့ ပြောတယ်။ ပြီးတော့ ခင်ဦးဇင် ဘာတစ်ခုမှပြန်မပြောနိုင်ခင်မှာပဲ အခု ဖြစ်သွားမှာက သုံးရက်တာကာလအတွင်း ဆိုပါတော့လို့ စကားဆက်တယ်။ စာရေးဆရာရဲ့စကားကို ခင်ဦးဇင် နားထောင်နေတုန်းမှာပဲ ရုပ်ရှင်တွေထဲ အချိန်တွေအလျင်အမြန်ကုန်ဆုံးသွားတာကို ပြတဲ့ ပြကွက်တွေလိုမျိုး အလင်းနဲ့အမှောင်က တစ်လှည့်စီ ခုန်ပေါက်သွားကြတယ်။ နင့်အမေက ဒါတွေဝတ်နေပြီ တဲ့။ ခင်ဦးဇင်မျက်စိရှေ့ လျှပ်ပြက်သလို ပေါ်လာတဲ့ အမေက အပေါ်အင်္ကျီ ခါးရှည်ရင်စေ့ကိုမှ ခေါင်းကိုက ပုံတွေထဲတွေ့ရတဲ့ ဘင်္ဂါလီအမျိုးသမီးတွေလိုမျိုး ပဝါခြုံထားတာ။ စာရေးဆရာက ဘာကို ပြောချင်နေတာလဲ။ ခင်ဦးဇင်ရဲ့အမေကို ဘင်္ဂါလီဖြစ်သွားပြီလို့ ဆိုလို ချင်တာလား။

နင် ကြောက်ရမှာ၊ အခု နင်ဖြစ်ရမဲ့ ခံစားချက်က ကြောက်ရမှာ တဲ့။ ဘင်္ဂါလီတွေကို ကြောက်တဲ့၊ မုန်းတဲ့ အမျိုးသမီးတစ်ယောက်၊ ဘင်္ဂါလီတွေ မုန်းစရာကောင်းတဲ့ အကြောင်း ဝတ္ထုရေးဖို့ ပြင်နေရင်း၊ သူ့ကိုယ်သူ ဘင်္ဂါလီအိမ်မှာ ရောက်နေတယ်လို့ ခံစားနေရတာ၊ ပြီးတော့ သူ့အမေကိုယ်တိုင်ကို ဘင်္ဂါလီတစ်ယောက်လို့ သံသယဝင်နေတာ။ ဟုတ်တာပေါ့၊ သူ အခု ကြောက်ရမှာပေါ့လို့ ခင်ဦးဇင် တွေးတယ်။ ပြီးတော့ ဆက်တွေးမိတာက လူတစ်ယောက် ကြောက်ရင် ဘာတွေဖြစ်မလဲပေါ့။ နင် ညဘက် အိပ်မပျော်ဘူး၊ အိပ်ပျော်ရင်လည်း အိပ်မက်ဆိုးတွေ၊ ပြီးတော့ အူကြောင်ကြောင် အိပ်မက်တွေ မက်ပြီး နိုးလာမယ်၊ ရင်တွေ တလှပ်လှပ်တုန်နေမယ်၊ လူက အန်ချင်နေသလိုပဲ၊ အဲဒါတွေအပြင် နင် ဖြစ်နေတဲ့စိတ်က မသေချာတာ၊ ဘာဖြစ်နေတယ်ဆိုတာ

မသေချာတာ၊ နင့်မှာ သံသယတွေ ရှိနေတာ၊ ဒီတော့ အဲဒီသံသယကခိုင်းတဲ့အတိုင်း နင် လိုက်လုပ်နေရမှာ တဲ့။ သံသယတဲ့၊ လူတစ်ယောက် သံသယဝင်ရင် ဘာတွေလုပ်မလဲ၊ စာရေးဆရာရဲ့စကားကို ကြားပြီး ခင်ဦးဇင် စဉ်းစားတယ်။ သူ မသင်္ကာတဲ့လူနောက်ကို ဘာလုပ်နေသလဲ ဆိုပြီးလိုက်ချောင်းမယ်၊ ပြီးတော့ အဲဒီလူတွေ ဘာပြောနေသလဲခိုးနားထောင်မယ်၊ ပြီးရင် အဲဒီလူတွေနေတဲ့ နေရာတွေကိုခိုးဝင်ပြီး တစ်ခုခုတွေ့လိုတွေ့ငြား ဟိုဟိုဒီဒီလိုက်ရှာမယ်။ ဟုတ်တယ်၊ နင် အဲဒါတွေ လုပ်ရမယ်။ ကျမက အဲဒါတွေ လုပ်ပြီ ထားပါးတော့၊ ဒါဆို ဘာတွေ တွေ့ သလဲ။ ကအ်ဘာကျောင်းတော်ပုံ၊ နင့်အမေအခန်းထဲက နံရံမှာ ချိတ်ထားတဲ့ ကအ်ဘာကျောင်းတော်ပုံ။ ကအ်ဘာကျောင်းတော် ဆိုတာက...။ ဟုတ်တယ်၊ အစ္စလာမ်ဘာသာဝင်တွေ ဘုရားဖူး သွားကြတဲ့နေရာလေ၊ သူတို့ ပြောကြတယ်မလား၊ ဟာဂျ် သွားတယ် လို့ အဲဒီနေရာပေါ့။ ကျမ မသိဘူး။

အချိန်တွေကတအိအိနဲ့ ဘယ်လိုကုန်သွားမှန်း မသိဘူး၊ စာရေးဆရာ ခိုင်းတဲ့အတိုင်း ကြောက်လိုက်ရ၊ မုန်းလိုက်ရ၊ အံ့ဩလိုက်ရနဲ့ လိုက်လုပ်နေခဲ့ရတဲ့ ခင်ဦးဇင်၊ စာရေးဆရာက ဒီနေ့ဒီလောက် ပဲ၊ နောက်နေ့မှ ဆက်တာပေါ့လို့ ပြောတော့ တော်တော်ကြီး ဖလက် ပြနေပြီး နားလိုက်ဖို့ပဲ။ ဒါပေမဲ့ တစ်ယောက်တည်း ကျန်ခဲ့တဲ့နောက် ဘာမှ လုပ်မရတဲ့အဆုံး ခင်ဦးဇင်ရဲ့စိတ်က ဆက်တွေးနေရတယ်။ သူပါဝင်အသုံးတော်ခံနေရတဲ့ ဝတ္ထုကို မြန်မြန်ပြီးသွား အေးတာပဲလို့ တွေးမိသလို၊ စာရေးဆရာက ဘာကိုရေးချင်လို့ ငါ့ကို ဒီလိုဇာတ်လမ်း ဆင်ရတာလဲ၊ ဝတ္ထုရဲ့ အာဘော်က ဘာလဲ ဆိုတဲ့မေးခွန်းက တိမ် ကင်းစင်တဲ့ လပြည့်ညမှာ မြင်ရတတ်တဲ့ လမင်းကြီးလို ခေါင်းထဲ ထင်ထင်ရှားရှား ပေါ်နေတယ်။ ပြီးတော့ သူက ဘယ်သူလဲ၊ ဘယ်ကနေ လာသလဲ၊ ဘယ်လို လုပ်ပြီး စာရေးဆရာရဲ့ ဝတ္ထုထဲကို ရောက်လာရသလဲ ဆိုတဲ့ မေးခွန်းတွေကောပဲ။ ခင်ဦးဇင်က စာရေးဆရာ ဇာတ်ကောင်ဖြစ်နေလို့ စာရေးဆရာတွေ တွေးသလို တွေးနေတာဆိုပြီး စာရေးဆရာက ပြောတယ်။ ဒါပေမဲ့ တရားပွဲတွေ၊ မဟာမြတ်မုနိတွေ၊ ရွှေတိဂုံတွေ၊ ပြီးတော့ ကအ်ဘာကျောင်းတွေကို မသိတာကျတော့ရော ဘာကြောင့်လဲ၊ အဲဒါတွေက ဝတ္ထုကမ္ဘာထဲက အဆောက်အဦတွေမို့ မသိတာလား။ ဒါဆိုရင် စာရေးပုံ ရေးနည်း၊ တွေးပုံတွေးနည်းတွေကိုကျ သူက ဘာလို့ သိနေတာလဲ။ သူက တကယ်ပဲ စာရေးဆရာ အစစ်လား။ တကယ်ဆို သူက စာရေးဆရာဇာတ်ကောင်မို့ စာရေးပုံ ရေးနည်းတွေကို သိနေရမယ်ဆိုရင် ဝတ္ထုကမ္ဘာထဲမှာ ပါနေတဲ့ အဲဒီ နာမည်တွေကိုလည်း သိနေသင့်တယ် မဟုတ်ဘူးလား။ ဘာလဲ၊ သူက ဘာလဲ၊ သူက ဘယ်က လာခဲ့တာလဲ၊ ပြီးတော့ သူ ဘယ်လို စာရေးဆရာရဲ့ ဝတ္ထုထဲကို ရောက်လာရတာလဲ။

နင် အခု အိမ်မှာ မဟုတ်တော့ဘူး၊ နင် ရခိုင်ပြည် မြောက်ပိုင်းကို ရောက်နေပြီ တဲ့။

ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းလိုက်သလိုပဲ။ စာရေးဆရာက ခင်ဦးဇင်ကို ပြောတယ်။ ဒီမှာကြည့်၊ ဒါက နတ်မြစ်၊ ရိုဟင်ဂျာတွေက မြန်မာပြည်ဘက်ခြမ်းမှာ အသတ်ခံရလို့ ဒီမြစ်ကြီးကိုဖြတ်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်ကို ပြေးကြတာ တဲ့။ စာရေးဆရာ ပြတဲ့ ဖုန်းမျက်နှာပြင်မှာ Naf River ဆိုပြီး အင်္ဂလိပ်လိုရေးထားတဲ့ စာတချို့ကို မြင်ရတယ်၊ ဘင်္ဂလားတောင်ပိုင်းနဲ့ မြန်မာပြည်ကြားက နယ်ခြား မြစ်တစ်စင်းတဲ့။ ပြီးတော့ ငါးဖမ်းသမားတွေ၊ ဒုက္ခသည်တွေနဲ့ ဆက်စပ်ပြီး နတ်မြစ်ထဲမှာ ဖြစ်ပျက်ခဲ့တဲ့အချို့အဖြစ်အပျက် အကျဉ်းချုပ်တွေ။ နင် ဒါတွေ သိပ်သိစရာတော့ မလိုပါဘူး၊ ဒါတွေကြည့် တဲ့။ ပြောရင်း ပုံရိပ်များဆိုတဲ့ နေရာကို နှိပ်လိုက်တော့ နတ်မြစ်ရဲ့ လှပတဲ့ ရှုခင်းပုံတွေတစုတဝေး ပေါ်လာတယ်။ အဲဒီပုံတွေကို ကြည့်ပြီး ဘယ်လောက်တောင် လှတဲ့မြစ်လဲလို့ ခင်ဦးဇင် ပြောမိတယ်။ စင်ရော် တွေ ပျံနေတာ၊ ပြီးတော့ နေဝင်ဆည်းဆာချိန် နီဝါရောင်အလင်းတွေ ဖြာဆင်းနေတဲ့ရေပြင်နဲ့ အဲဒီ ရေပြင်ပေါ်က ငါးဖမ်းလှေတစ်စီး။ ခင်ဦးဇင် ကြည့်နေတုန်းမှာပဲ ပုံတွေက ရုတ်တရက်ပြောင်းသွားပြီးတော့ ဘင်္ဂါလီတွေ နတ်မြစ်ကို ဖြတ်လို့ ဘင်္ဂလားဒေ့ရှ်ဘက် သွားနေတဲ့ပုံတွေ ပေါ်လာတယ်။ မြစ်ကမ်းစပ် ရွှံ့နွံတောထဲမှာ၊ ပြီးတော့ ကမ်းပါးစောက်ကို ဆင်းနေ၊ တက်နေကြတဲ့ အဘွားအို၊ အဘိုးအို၊ အချင်းချင်း လက်တွဲထားတဲ့ ကလေးငယ်တွေ၊ အဝတ်ထုပ်ကို ရွက် ထားတဲ့ ကိုယ်ဝန်သည်တွေ၊ ပြီးတော့ ပစ္စည်းတွေကို ချိုမထမ်းပိုးထားတဲ့ ပိန်လှီလှီ၊ မည်းမည်းသည်းသည်း ယောကျ်ားတွေ။ အချို့ပုံတွေက အရင်တခါ ပြဖူးတဲ့ပုံတွေ ဆိုတာကို ခင်ဦးဇင် မှတ်မိနေတယ်။ ကြည့်နေတုန်းမှာပဲ စာရေးဆရာက မောင်တောဆိုတဲ့ စကားလုံးကို ရှာဖွေသေတ္တာထဲ ရေးပြီးတော့ နံဘေးက ရှာဖွေဆိုတဲ့စကားလုံးကို နှိပ်လိုက်တယ်။ အဲဒီမှာ မောင်တောရဲ့ မြို့ပြမြေပုံ အသေးစိတ်နီးပါးက ခင်ဦးဇင်ရှေ့မှာ ဖျတ်ခနဲပေါ်လာတယ်။ ဈေး၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဗလီနဲ့ လမ်းတွေရဲ့ အချိုးအကွေ့တွေ။ မောင်တောရဲ့ အနောက်ဘက်မှာတော့ ခုနက ခင်ဦးဇင် ဓာတ်ပုံတွေထဲ မြင်ခဲ့ရတဲ့ နတ်မြစ်၊ ပြီး နတ်မြစ်ရဲ့ ဟိုဘက်ကမ်းမှာ အနီးဆုံးတွေ့ရတာက Nayapara Refugee Campဆိုတဲ့ ဒုက္ခသည်စခန်း။ နာရာပရာလို့ အသံထွက်မယ် ထင်တယ်လို့ စာရေးဆရာက ခင်ဦးဇင်ကို ပြောတယ်။ ပြီးတော့ လီဒဒုက္ခသည်စခန်း (Leda Refugee Camp) ၊ အန်ချိပရန် ရိုဟင်ဂျာဒုက္ခသည်စခန်း (Unchiprang Rohingya Refugee Camp)၊ ကူတူပါလောင်ဒုက္ခသည်စခန်း (Kutupalong Refugee Camp) တွေကို စီကာစဉ်ကာ တွေ့ရတယ်။ အဲဒါတွေ အားလုံးက ကော့ဘဇား-တီနက်ခ် အဝေးပြေးလမ်းတစ်လျှောက်ပေါ်မှာ ဆိုပါတော့။

စာရေးဆရာမ မိုးမိုး-အင်းလျားက သူ့ရဲ့ နာမကျန်းသည် အိုနှင်းဆီ ဝတ္ထုထဲမှာ ရန်ကုန်မြို့မြေပုံကို ခဲတံနဲ့ ဝိုင်းပြီး ဘယ်နေရာမှာဘာဖြစ်နေတယ်လို့ စာရေးဖို့ ပြင်ဆင်နေတဲ့ အမျိုးသမီးဇာတ်ကောင်ကို ရေးခဲ့တာ၊

သူတို့ခေတ်တုန်းကတော့ မြေပုံပေါ့၊ အခု ငါတို့ကျတော့ ရိုးရိုးမြေပုံ ရှာစရာမလိုတော့ဘူး၊ ဖုန်းဖွင့်ပြီး ဂူဂဲလ်မြေပုံမှာ ရှာလိုက် ရုံပဲ၊ အခု ဒါတွေကလည်း ဒီဝတ္ထုကို ရေးဖို့ ရှာထားတာ၊ အမှန်တော့ နင် သိဖို့မလိုဘူး၊ ငါ သိရင် ရပြီ၊ ဒါပေမဲ့ နင် အကုန်သိချင်တယ်ဆိုလို့ ငါက ပြလိုက်တာ တဲ့။ ကဲ အခု ငါတို့ ဝတ္ထုထဲကိုသွားရအောင်၊ ပြောခဲ့ပြီးသလိုပဲ နင်က ရခိုင်ပြည် မြောက်ပိုင်းကနေ နတ်မြစ်ကို ဖြတ်ပြီး ဘင်္ဂလားဘက် ပြေးနေတဲ့လူတန်းကြီးထဲ ရောက်နေပြီ၊ ရိုဟင်ဂျာတွေ ကြားထဲမှာပေါ့၊ နင့်ကိုယ်နင်က ရခိုင်မှန်း သိတယ်၊ ဒါပေမဲ့ သူတို့က မသိဘူး၊ နင့်ကို ဘင်္ဂါလီလို့ပဲ သိထားတာ၊ အဲဒီ အတွက် နင့်စိတ်ထဲမှာ စိုးရိမ်တာတွေ ဖြစ်နေတယ်၊ သူတို့က နင့်ကို ရခိုင်အမျိုးသမီးတစ်ယောက်မှန်း သိသွားမှာ၊ ပြီးတော့ နင့်အသက်ကို ရန်ရှာမှာ၊ နင် စိုးရိမ်နေတယ်။ အဲဒီအတွက် နင် အဲဒီလူတန်းကနေ ထွက်ပြေးဖို့ အခွင့်သာမဲ့ အချိန်ကို ချောင်းနေတာ၊ အဲဒါ နင် လတ်တလော ဖြစ်နေတဲ့ အခြေအနေပဲ။ အခု ငါတို့ စလိုက်ကြရအောင် တဲ့။

အပိုင်း (၈)

စာရေးဆရာကပြောနေတုန်းမှာပဲ ခင်ဦးဇင်နံဘေးက မြင်ကွင်းတွေက ရုတ်ချည်းဆိုသလို ပြောင်းလဲသွားတယ်။ ရေစပ် မတိမ်မနက်နေရာမှာ ဆိုက်ထားတဲ့ လှေတစ်စင်း၊ ပြီးတော့ လှေပေါ်ကနေဆင်းလို့ ကမ်းစပ်ဘက်ကို ဦးတည်ပြီး ရေထဲ ယိမ်းယိမ်းထိုးထိုးလျှောက်နေကြတဲ့ လူတန်းကြီး၊ ခင်ဦးဇင်ရဲ့အရှေ့မှာက အထုပ်တစ်ထုပ်ကို ရွက်ထားတဲ့ ဗိုက်ကြီးသည် မိန်းမတစ်ယောက်၊ အဲဒီမိန်းမရဲ့ ရှေ့မှာက အဘွားအိုတစ်ယောက်ကို ပွေ့ချီထားတဲ့ ကျောပြောင်ယောကျ်ားတစ်ဦး။ ခင်ဦးဇင် အနောက်ကို လှည့်ကြည့်လိုက်တယ်။ ညှိုးငယ်နေ၊ ထိတ်လန့် နေတဲ့ မျက်နှာတွေနဲ့ မိန်းမတွေ၊ ယောကျ်ားတွေ၊ ကလေးတွေ။ လှေပေါ် ကနေ ရေထဲကို စွပ်ခနဲခုန်ဆင်းလာတာ၊ ရေစိုလုံချည်တွေတုပ်နှောင်ထားတဲ့ကြားက အားတင်းရုန်းကန်ပြီး ကမ်းစပ်ဘက်ကို လာနေကြတာ၊ မြစ်ကမ်းရဲ့ ဟိုဘက်မှာတော့ ပုရွက်ဆိတ်အုံလို စုစုဖြစ်နေတဲ့ လူတွေ၊ ဒီဘက်ကမ်းကို ကူးဖို့ လှေစောင့်နေတဲ့ လူတွေ။ နယ်မြေ ရှင်းလင်းရေးလုပ်တဲ့ ဗမာစစ်တပ်ကြောင့် ထွက်ပြေးလာခဲ့ကြတာတဲ့။ စာရေးဆရာက ပြောတယ်။ သနားစရာပဲ၊ သနားစရာ လူသတ္တဝါတွေပဲလို့ ခင်ဦးဇင် တွေးလိုက်မိတယ်။ သူတို့တွေ ဘယ်လောက်တောင် ထိတ်လန့်နေမလဲပေါ့။ ဒါပေမဲ့ စာရေးဆရာရဲ့ အပြောအရ သူတို့တွေက အကြမ်းဖက်တွေတဲ့။ ရဲစခန်းတွေကို မီးရှို့ခဲ့တာ၊ ပြီးတော့ သူတို့နဲ့မတူတဲ့ အခြားလူမျိုးစုတွေကို သတ်ဖြတ်ခဲ့တာ၊ သီတာထွေးကို မုဒိမ်း ကျင့်ခဲ့တာ။ မဟုတ်သေးပါဘူး၊ အဲဒါတွေကို ဗိုက်ကြီးသည်မိန်းမက လုပ်ခဲ့တာလား၊ ပြီးတော့ ပွေ့ချီပြီးအခေါ်ခံလာရတဲ့ အဘွားအိုက လုပ်ခဲ့တာလား၊ ပြီးတော့ အမေရဲ့ရင်ခွင်ထဲက ငါးနှစ်တောင်မပြည့်သေးတဲ့ကလေးက လုပ်ခဲ့တာလား။ နင် အဲဒါတွေ မတွေးနေနဲ့၊ နင် သူတို့ကို မသနားရဘူး၊ နင် ကြောက်ရမှာ တဲ့။ စာရေးဆရာက ခင်ဦးဇင်ရဲ့ အတွေးတွေကို ချက်ချင်း ကန့်ကွက်တယ်။ ပြီးတော့ နင် နင့်ခံစားချက်ကို သေချာ ပြန်တွေးကြည့်စမ်း၊ နင့်ရဲ့ အမှန်တကယ်စိတ်က ကြောက်နေတာ၊ အခု သနားတယ်ဆိုတာက နင် ကျိုးကြောင်းဆင်ခြင်မှုအရ ဖြစ်သင့်တာကိုတွေးပြီး တည်ဆောက်ထားတာ၊ အမှန်က နင့်စိတ်ထဲမှာ ကြောက်ရမှာ၊ ဇာတ်ကောင်စရိုက်အရ ကြောက်နေရမှာ ဆိုပြီး စကားဆက်တယ်။ အဲဒီမှာ ခင်ဦးဇင် သူ့ ခံစားချက် အစစ်အမှန်ကဘာလဲဆိုပြီး ပြန်တွေးကြည့်တယ်၊ အနုလုံ ပဋိလုံ သုံးသပ်ကြည့်တယ်။ အဲဒီမှာ စာရေးဆရာရဲ့အပြောအရ တမင် တည်ဆောက်ထားတယ် ဆိုတဲ့ လူလူချင်းသနားစိတ်ရဲ့ နောက်မှာ ပုန်းလျှိုးကွယ်လျှိုး ရှိနေတဲ့ ကြောက်စိတ်မွှားမွှားလေးကို သွားတွေ့ တယ်။ ဒါနဲ့ ဟုတ်တယ်၊ ကျမ နည်းနည်းတော့ ကြောက်နေတယ်လို့ စာရေးဆရာကို

ပြန်ပြောတယ်။ ဟုတ်တယ်၊ နင် ကြောက်ရမှာ၊ နင်က ရခိုင်၊ သူတို့က ရိုဟင်ဂျာတွေ၊ မတူဘူး၊ နင့်ရှေ့က ဗိုက်ကြီးသည် အမျိုးသမီးက နင့်ကို အချိန်မရွေးအသက်အန္တရာယ် ပေးနိုင်တယ်၊ အဲဒီလိုပဲ နင့်နှစ်ယောက်ခြားက ငါးနှစ်သားကလေး၊ အဲဒီကလေး ကလည်း နင် ရခိုင်မှန်းသိသွားတာနဲ့ အချိန်မရွေး ဒုက္ခပေးမှာ၊ နင် မှတ်မိတယ်မလား၊ နင့်ကို ငါ ပြဖူးတယ်လေ၊ ရိုဟင်ဂျာရွာတွေကို ကူညီဖို့ သွားတဲ့အဖွဲ့ကို ငါးနှစ်သားကလေးကတုတ်ဆွဲပြီး ရန်လိုတဲ့အကြည့်နဲ့ ကြိုဆိုတယ် ဆိုတာ၊ နင် မှတ်မိပါတယ်၊ အဲဒါတွေက နင့်ခေါင်းထဲ ရောက်နေတာ၊ အဲဒီအတွက် နင် ကြောက်နေရမှာ၊ ပြီးတော့ နင် ထွက်ပြေးဖို့ကြိုးစားနေရမှာ၊ နင် ရွတ်ကြည့်စမ်း၊ ငါ ဒီက ထွက်ပြေးရမယ်၊ ငါ အန္တရာယ်ရှိတယ်၊ ငါ ထွက်ပြေးရမယ်၊ ငါ အန္တရာယ် ရှိတယ်၊ အဲဒါကို အဆက်မပြတ် ရွတ်စမ်း တဲ့။ စာရေးဆရာက ခိုင်းတယ်။ ပထမတော့ မရွတ်ချင်ဘူးလို့ ခင်ဦးဇင် တွေးတယ်။ ဒါပေမဲ့ တစီစီနဲ့ အဆက်မပြတ်ကြားနေရတဲ့ စာရေးဆရာရဲ့ အသံစူးစူးထဲမှာ ကြောက်စရာအရိပ်တွေပါနေတယ်လို့ ခင်ဦးဇင် ခံစားနေရတယ်၊ ငါ့ဝတ္ထု၊ ငါ့ဇာတ်ကောင်၊ ငါ ခိုင်းတဲ့အတိုင်း လုပ်ရမယ်၊ ငါ ခိုင်းတာ မလုပ်ရင်တော့...ဆိုတဲ့ ပိုင်စိုးပိုင်နင်း အငွေ့အသက်မျိုးလို့ ပြောရမလား၊ ဒါမှမဟုတ် ငါ့ဝတ္ထုကလွဲရင် ကျန်တာ ငါဘာကိုမှမျက်လုံးထဲမထားဘူး ဆိုတဲ့ ဝတ္ထုဖြန်တီးသူတစ်ယောက်ရဲ့အတ္တလို့ ပြောရမလား။ အမှန် ခင်ဦးဇင် ခံစားမိနေတာက အဲဒါတွေထက် ဆိုးတဲ့ အငွေ့အသက်မျိုး၊ ကြောက်လန့်စရာ၊ ရွံ့စရာ၊ ပြီးတော့ ခိုင်းတာကို မလုပ်ဘဲမနေနိုင်ရဲအောင် တစ်စုံတစ်ခု စီးပိုးပါဝင်နေတဲ့ ဟန်ပန်အသံ၊ ဒါနဲ့ ခင်ဦးဇင် စာရေးဆရာ ခိုင်းတဲ့အတိုင်း ရွတ်ရတယ်။ ငါ ဒီက ထွက်ပြေးရမယ်၊ ငါ အန္တရာယ်ရှိတယ်၊ ငါ ထွက်ပြေးရမယ်၊ ငါ အန္တရာယ် ရှိတယ်လို့ပေါ့။ ပြီးတော့တစ်ချိန်တည်းမှာ သူ ထွက်ပြေးရမှာက စာရေးဆရာရဲ့လက်ထဲကနေ ဆိုတဲ့ အတွေးကိုမတွေးမိအောင် အာရုံလွှဲရတယ်။ မဟုတ်ရင် အဲဒီ အတွေးကို စာရေးဆရာ ဖတ်မိသွားရင် သူ့အတွက် ဒုက္ခများနိုင်တယ် မဟုတ်လား။

သမီး တစ်ယောက်တည်းတတွတ်တွတ်နဲ့ ဘာတွေရွတ်နေ တာလဲ။ ခင်ဦးဇင်ရဲ့ နားထဲကို စာရေးဆရာရဲ့ အသံစူးစူး လေယူလေသိမ်းနဲ့မတူတဲ့ မိန်းမသံတစ်သံ ဝင်လာတယ်။ တချိန်တည်းမှာပဲ ခင်ဦးဇင်ရဲ့ပတ်ပတ်လည်က လူတွေ၊ မြစ်ပြင်၊ လှေ၊ စတဲ့ အရာတွေ အားလုံး ရုတ်တရက် ပျောက်သွားပြီးတော့ ခင်ဦးဇင်ရဲ့ အိမ်ဆိုတဲ့နေရာနဲ့ အမေဆိုတဲ့အမျိုးသမီးကို တွေ့လိုက်ရတယ်။ ကန့်လန့်ကာ ဖျတ်ခနဲချလိုက်တဲ့အချိန် ဇာတ်စင်ပေါ်မှာရှိတဲ့ အရာတွေ အကုန်ပျောက်သွားပြီး ဇာတ်ဝင်ခန်းအသစ် ပြောင်းသွား သလိုမျိုးလို့ ပြောရမလားပဲ။ အမေဆိုတဲ့အမျိုးသမီးက ခင်ဦးဇင်ကို ကရုဏာသက်သလို ကြည့်နေတယ်။ သမီး ဘာတွေ ပြောနေတာလဲ တဲ့။ ထပ်မေးပြီး တစ်စုံတစ်ခုကို စူးစမ်းသလိုမျက်နှာနဲ့ ခင်ဦးဇင်ရဲ့အနားကို ကပ်လာတယ်။ သူ ဘာဖြေရမှာလဲ၊

ခင်ဦးဇင်တွေးတယ်။ ခင်ဦးဇင်ရဲ့ နှာခေါင်းထဲမှာ ခပ်စူးစူးပေါင်ဒါနံ့က စူးခနဲဝင်လာတယ်။ ပြီးတော့ အမေရဲ့မျက်လုံးမှာ ချယ်ထားတဲ့ အနက်ရောင်တွေ။ အမေက တာကယ်ပဲ ရခိုင်လား။ နောက်ခံ အခင်းအကျင်းက ဘာကြောင့် ရုတ်တရက်ပြောင်းသွားတာလဲ။ ဟန်ကိုယ့်ဖို့ထိန်းပြီး ဘာမှမဖြစ်ပါဘူးလို့ဖြေလိုက်ဖို့ ခင်ဦးဇင် တွေးတယ်။ နင့်အမေကို မောင်းထုတ်လိုက်။ စာရေးဆရာရဲ့ အသံစူးစူးက ခင်ဦးဇင်နားထဲဝင်လာတယ်။ အနားမကပ်နဲ့။ ခင်ဦးဇင် အမေဆိုတဲ့အမျိုးသမီးကို ပြောလိုက်တယ်။ သမီး။ အမေ ဆိုတဲ့အမျိုးသမီးက ပိုပြီးစိုးရိမ်တဲ့ပုံ ပေါက်လာတယ်။ ပြီးတော့ ခင်ဦးဇင်ရဲ့အနားကို တစ်ယောက်ယောက် တွန်းပို့လိုက်သလို ဝရုန်းသုန်းကားကပ်လာတယ်။ သွား၊ ထွက်သွား၊ စောက်ဘင်္ဂါလီမ။ နားထဲကြားရတဲ့ စာရေးဆရာပြောနေတဲ့အတိုင်း ခင်ဦးဇင်အော်လိုက်တယ်။ အဲဒီတုန်းမှာ အမေက ရုပ်သေကားချပ်တစ်ခုလို ခဏ ငြိမ်ကျသွားတယ်။ ခင်ဦးဇင်ရဲ့ နှာခေါင်းထဲမှာ သူ့အမေရဲ့အနံ့လို့ သတ်မှတ်ထားတဲ့ ပေါင်ဒါနံ့ စူးစူးကတော့ ပျံ့နေတုန်း။ ပြီးတော့ ဘယ်သူပြောနေမှန်းမသိတဲ့ သူ သိသွားပြီ၊ သူ သိသွားပြီ ဆိုတဲ့ စကားပြောသံကိုလည်း အဆက်မပြတ် ကြားနေရတယ်။

စာရေးဆရာက ငါ့ကိုဘာလုပ်ချင်နေတာလဲ၊ ဝတ္ထုတစ်ပုဒ်မှာ ဆက်တင်တွေက အဲဒီလိုခုန်ကူးလို့ရသလား၊ အတွေးတွေက ခင်ဦးဇင်ရဲ့ခေါင်းထဲမှာဗလောင်ဆူနေတယ်။ အခုတင် အိမ်မှာရှိနေရင်းက အခုတင်မှာပဲ နတ်မြစ်ကမ်းရဲ့နံဘေးကို ပြန်ရောက်သွားတယ်။ ပြီးတော့ ချက်ချင်းပဲ အိမ်ကို ပြန်ရောက်လာတယ်။ နံဘေး ပတ်ပတ်လည်မှာကလည်း ဘင်္ဂါလီစကားသံတွေကို အဆက်မပြတ် ကြားနေရတယ်။ သမီး ဆိုပြီး အမေက ခေါ်လိုက်တာ၊ ငါ့ညီမ အဆင်ပြေရဲ့လား ဆိုပြီး ကိုယ်တိုင်ကိုက ငိုသံလိုအသံမျိုးနဲ့ နတ်မြစ်ဘေးက မိန်းမ တစ်ယောက်က မေးလိုက်တာ၊ ပြီးတော့ နင် ကြောက်ရမယ်၊ နင် သံသယဝင်ရမယ် ဆိုပြီး စာရေးဆရာက နံဘေးကနေ အဆက်မပြတ် တတွတ်တွတ် ပြောနေတာ။ အဖြစ်အပျက်တွေက မြန်မြန် ရစ်လိုက်တဲ့ ရုပ်ရှင်ပိတ်ကားပေါ်က အရုပ်တွေလိုပဲ၊ တလှုပ်လှုပ်နဲ့ ရွေ့လျားပြီးပြောင်းနေကြတယ်။ နောက်တော့ ရုတ်တရက်ကြီး အမှောင်ကျသွားပြီး နင် ထွက်ပြေးရမယ်လို့ စာရေးဆရာက ပြောတယ်။ နင် ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းကနေ မြန်မာပြည်ဘက်ကို ထွက်ပြေးရမယ် တဲ့။ သူ နတ်မြစ် ကို တစ်ယောက်တည်းဖြတ်ရမှာလား၊ ခင်ဦးဇင် သူ့ကိုယ်သူ မေးခွန်းမေးလိုက်တယ်။ ဒီတခါတော့ စာရေးဆရာက ခင်ဦးဇင်ရဲ့မေးခွန်းကို ဝင်မဖြေဘူး။ ခင်ဦးဇင် ရေးနေတယ်ဆိုတဲ့ ဝတ္ထုရဲ့အစက ဇာတ်ကောင်မိန်းကလေး စောလှနု မုဒိန်းကျင့်ခံရတဲ့နေရာကြီး ရုတ်တရက် ပေါ်လာတယ်။ ညနေခင်း အမှောင်ပျိုးစအချိန်၊ လမ်းဘေးဝဲယာက ယိမ်းထိုးနေတဲ့မြက်ပင်ရှည်တွေ၊ ကျင်းချိုင့်တွေနဲ့မြေလမ်း၊ ပြီးတော့ လမ်းဘေးချုံပုတ်တွေထဲက ရုတ်တရက်ထွက်လာတဲ့ လူသုံးယောက်။ ဘယ်သူတွေလဲ။ ခင်ဦးဇင် အလန့်တကြား

မေးလိုက်တယ်။ ဒါပေမဲ့ ခင်ဦးဇင်ကို ပြန်ဖြေတဲ့သူ ရှိမနေဘူး။ ခင်ဦးဇင်ရဲ့အနားကို ကပ်လာတဲ့လူသုံးယောက်က ပြန်မဖြေသလို စာရေးဆရာကလည်း ပြန်မဖြေဘူး။ ဒါနဲ့ အဲဒီလူသုံးယောက်က ဘယ်သူတွေလဲ ဆိုတာကို သူကိုယ်တိုင် ကြည့်မယ်လို့ ခင်ဦးဇင်တွေးလိုက်တယ်။ နင် ကြောက်ရမယ်၊ နင် အော်ရမယ်၊ နင် ငိုရမယ်လို့ စာရေးဆရာက တတွတ်တွတ် ပြောနေတဲ့ကြားက သူ ကိုယ်တိုင်ကြည့်မယ်ပေါ့။ အဲဒီအချိန်မှာပဲ ကနဦးက မှောင်စပျိုးနေတဲ့ အနေအထားက အလင်းတစ်စ ကင်းမဲ့တဲ့အနေအထားအထိ၊ ရုတ်တရက် အမှောင်အတိကျသွားပြီး ဘာကိုမှမမြင်ရ တော့ဘူး။ ဒါပေမဲ့ ခင်ဦးဇင်ကတော့ ဝတ္ထုထဲမှာ ရှိနေတုန်းပဲ။ အမှောင်ထဲက အေးစက်စက် လက်တွေက သူ့ကိုလှမ်းဆွဲလိုက်တာ၊ မြေကြီးပေါ် တွန်းလှဲပြီး ဝိုင်းချုပ်လိုက်တာ၊ ပြီးတော့ သူ့ရဲ့ အဝတ်အစားတွေကို ဆွဲဖြဲလိုက်တာ။ ဖုန်တွေနဲ့ ငန်ကျိနေတဲ့ လက်ကြမ်းကြမ်းတစ်ခုက သူ့ရဲ့ ပါးစပ်ကို ပိတ်လိုက်တာ၊ ပြီးတော့ တံတွေးတွေနဲ့ စိုစွတ်ပြီး ရွံ့စရာအနံ့အသက်ရှိနေတဲ့ ပါးစပ်တွေက သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ လူးလာတုံ့ခေါက် ပြေးနေတာ။ သူ့ခြေထောက်တွေကို ဆွဲဖြဲလိုက်တာ၊ ပြီးတော့ သူ့ကိုယ်ပေါ်ကို တအိအိပြိုဆင်းလာတဲ့ ကိုယ်အလေးချိန်၊ မင်းပြီးရင် ငါ့အလှည့်၊ မြန်မြန်လုပ်ကွာ တဲ့။ အားကိုးတကြီး ဆွဲဆုပ်လိုက်တဲ့ မြက်ပင်တွေကပြတ်ပြီး ခင်ဦးဇင်ရဲ့လက်တွေ ခိုးကိုးရာ မဲ့သွားတယ်။ သူတို့ ပြောနေတာ ဘာစကားလဲ၊ ဘင်္ဂါလီလား၊ ရခိုင်လား၊ ဒါမှမဟုတ် ဗမာစကားလား။ စာရေးဆရာ တစ်ခါ ပြောဖူးတဲ့ ရိုဟင်ဂျာတွေကို နယ်မြေရှင်းလင်းရေးလုပ်တဲ့ ဗမာစစ်သားတွေအကြောင်းက ခင်ဦးဇင်ရဲ့စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်လာတယ်။ အသက်ရှူလို့ မဝတော့ဘူး၊ ပြီးတော့ အဖြစ်အပျက်တွေက ရုပ်ရှင်တွေထဲက အနှေး ပြကွက်တွေလို။ အို တစ်ကိုယ်လုံးဆုတ်ဖြဲလိုက်သလိုပဲ၊ ဒဏ်ရာတွေကနာလိုက်တာ။ စပ်ဖျဉ်းဖျဉ်း ခံစားရတဲ့ ပွန်းပဲ့ဒဏ်ရာတွေ၊ အဲဒီ ဒဏ်ရာတွေက သူ့ဘဝတစ်လျှောက်လုံး ပျောက်ကောပျောက်ပါဦးမလား။

မုဒိမ်းကျင့်ခံရတဲ့ မိန်းမတစ်ယောက်က သူ့ရဲ့နောက်ပိုင်းကာလတွေမှာ ဘာတွေခံစားရမလဲ တဲ့။ စာရေးဆရာက ခင်ဦးဇင်ကို ရုတ်တရက်မေးတယ်။ ကျမ မသိဘူး၊ ဝမ်းနည်းမယ်၊ နာကျင်မယ်၊ သူ့ကိုယ်သူ မသတီသလို ခံစားရမယ်၊ ပြီးတော့ စိတ်မလုံခြုံတာမျိုး၊ လူတောမတိုးရဲတော့တာမျိုး၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတော့တာမျိုး၊ ညဘက် အိပ်မပျော်တာ၊ စိတ်ဖိစီးစရာတစ်ခုခုကြုံတိုင်း အဲဒီအဖြစ်အပျက်တွေက သူ့အိပ်မက်ထဲကို ပြန်ပြန်ရောက်လာတာ၊ ပြီးတော့ အမုန်းတွေ၊ အကြောက်တွေ၊ ပြီးတော့...။ အဲဒါတွေက ဘယ်လောက် ကြာမလဲ။ တစ်လ၊ နှစ်လ၊ တစ်နှစ်၊ ငါးနှစ်၊ ဆယ်နှစ်...၊ ဘဝ တစ်လျှောက်လုံး ဘယ်တော့မှမပျောက်တဲ့ အနာတစ်ခု၊ စိတ်ဖိစီးစရာတစ်ခုပေါ်တိုင်း ပြန်ပြီး ဒဏ်ရာအသစ်ဖြစ်သလို။ တကယ်လို့ အဲဒီလို မုဒိမ်းကျင့်ခံရတာကနေ ဗိုက်ထဲမှာ ကလေးတစ်ယောက် ကျန်ခဲ့တယ် ဆိုရင်ကော...၊ အဲဒီအမျိုးသမီး ဘယ်လိုဖြစ်မလဲ တဲ့။ ဘာလဲ၊ မေးခွန်း တွေက ဘာတွေလဲ။ စာရေးဆရာရဲ့ မေးခွန်းတွေက

ခင်ဦးဇင်ကို အရှိန်ပြင်းပြင်းနဲ့အထိုးခံလိုက်ရတဲ့ ခေါင်းလောင်းတစ်လုံးလို တုန်ခါသွားစေတယ်။ သူ့ဗိုက်ထဲမှာ ကလေးတစ်ယောက်ရှိနေပြီလို့ စာရေးဆရာက ပြောချင်တာလား။ အဲဒါတွေ ထားလိုက်ပါတော့၊ အခု မင်း အော်ပြီး ငိုရမယ်။ ရှင်ပဲ ကျမကို မုဒိမ်းကျင့်တဲ့ အဲဒီ ယောကျ်ားသုံးယောက်ကို ကျမရဲ့ ပါးစပ်ကိုပိတ်ဖို့ ခိုင်းထားတာပဲ၊ ကျမ ဘယ်လို အော်မလဲ။ ရတယ်၊ အော်လိုက်၊ အလန့်တကြား အသံနဲ့၊ ပြီးတော့ ငယ်သံပါတဲ့အထိ၊ ဝရုန်းသုန်းကားနဲ့ ရုန်းရမယ်။ စာရေးဆရာ ပြောနေ၊ ခိုင်းနေတာတွေကို နားထောင်ရင်း ခင်ဦးဇင် ရုန်းကန် အော်ဟစ်ဖို့ သတိရသွားတယ်။ ပြီးတော့ လည်ချောင်းကွဲ လုမတတ် အသံမျိုးနဲ့ အမေရေ၊ အမေ...လို့ အော်မိတယ်။ အမေ သမီးကို ကယ်ပါဦးပေါ့။

သမီး၊ သမီး၊ ဘာဖြစ်တာလဲ။

နေရာအခင်းအကျင်းတွေက ရုတ်တရက် ပြောင်းသွားပြန်ပြီ။ ခင်ဦးဇင် အခု ခုနကမုဒိမ်းကျင့်ခံရတဲ့ လမ်းဘေးတစ်နေရာမှာ မဟုတ်ပြန်တော့ဘူး။ အိမ်မှာ၊ ခင်ဦးဇင်ရဲ့အိပ်ရာပေါ်မှာ ဖြစ်နေပြန်ပြီ။ အချိန်က ညအချိန်၊ မှောင်မိုက်နေတဲ့ အချိန်ပဲ။ ခင်ဦးဇင်ရဲ့ဘေးမှာတော့ ခင်ဦးဇင်ရဲ့အမေဆိုတဲ့အမျိုးသမီးက စိုးရိမ်တကြီးဟန်ပန်နဲ့ ရှိနေတယ်။ ငိုလိုက်၊ နင့်အမေကို နင် ငိုပြလိုက်၊ ပြီးတော့ ပြောလိုက်၊ နင် မုဒိမ်းကျင့်ခံရတယ်၊ အခု နင့်ဗိုက်ထဲမှာ ကလေးရှိနေပြီလို့ ပြောလိုက်တဲ့။ စာရေးဆရာက ခင်ဦးဇင်ကို ခိုင်းတယ်။ အမေ ကျမ အဓမ္မအကျင့်ခံရတာ၊ အခု ဗိုက်ထဲမှာ ကလေးရှိနေပြီ။ ဘာ...။ အမေက စနစ်တကျလေ့ကျင့်ထားတဲ့ သရုပ်ဆောင်တစ်ယောက်လို ခင်ဦးဇင်ကို အလန့်တကြားဟန်နဲ့ ပြန်ပြီးတုံ့ပြန်တယ်။ မျက်လုံးပြူး၊ မျက်ဆံပြူး၊ ပါးစပ်အဟောင်းသား၊ မယုံနိုင်သလို ထိတ်လန့်သွားတဲ့ ဟန်နဲ့၊ ပြီးတော့ ကိုယ်ကျိုးတော့ နည်းပါပြီ ဆိုတဲ့ ယူကျုံးမရဟန်မျိုးနဲ့။

ဒီနေ့တော့ ဒီလောက်ပဲ၊ မနက်ဖြန်မှ ဆက်ကြတာပေါ့ တဲ့။ အရင်နေ့တွေလိုပဲ စာရေးဆရာက ပြောပြီး ထွက်သွားတယ်။ အဲဒီအချိန် ခင်ဦးဇင်ရဲ့ဘေးမှာ အမေက ငိုတုန်း၊ ခင်ဦးဇင်ကလည်း ခုတင်ပေါ်မှာ ချွေးသံရွှဲရွှဲနဲ့ ရှိနေတုန်း။ ခံစားချက်တွေကို ရပ်ပဲ ရပ်လိုက်ရမလိုလို၊ ဒါမှမဟုတ် ဆက်ပြီးပဲ ငိုရမလိုလို။ အားလုံးက ရပ်တန့်ခလုပ် အနှိပ်ခံလိုက်ရတဲ့ တီဗွီဖန်သားပြင်ပေါ်က အရုပ်တွေလိုပဲလို့ ပြောရမလား။ ဟိုးအဝေးကိုမျှော်ကြည့်တော့ ခါတိုင်းလိုပဲ အမှောင်ပြင်ကြီးကို မြင်နေရတယ်။ စာရေးဆရာတော့ လုပ်ချသွားပြန်ပြီလို့ ခင်ဦးဇင်တွေးမိတယ်၊ သင်း ခိုင်းသမျှ လိုက်လုပ်နေရတာ လူကအရူးလို ဖြစ်နေပြီ၊ သင်း နိုင်တုန်း လုပ်ထားဦးပေါ့။ အခုတော့ သင်းရဲ့ ဝတ္ထုဇာတ်ကောင်ဆိုတော့...၊ သူ ဘယ်သူဆိုတာ မှတ်မိလာမှ သင်း သိမယ်ပေါ့။

အပိုင်း (၉)

အခုက မနက်ခင်းဆယ်နာရီလောက် ရှိပြီ၊ နေရာက အိမ်မဟုတ်တော့ဘူး၊ ဆေးရုံမှာ၊ နင် အခု စိတ်ကျန်းမာရေးဆေးရုံကို ရောက်နေတာ တဲ့။ ခင်ဦးဇင်ဆီကို ရောက်ရောက်လာချင်း စာရေးဆရာက အဲဒီလို ပြောလိုက်တော့၊ ပြောမယ်၊ သင်းလာရင် တစ်ခုခုတော့ ပြောရမယ်ဆိုပြီး ကျန်ခဲ့တဲ့တစ်ချိန်လုံး တနှံ့နှံ့ ဖြစ်နေခဲ့တဲ့ ခင်ဦးဇင် ရုတ်တရက်ဘာပြောရမယ်မသိတော့ဘူး။ ဝတ္ထု စစချင်းက စာရေးစာပွဲမှာ၊ နောက်တော့ မီးဖိုချောင်မှာ၊ ပြီးတော့ နတ်မြစ်ရဲ့ ဟိုဘက်ကမ်းမှာ၊ အဲဒီကမှ ရေးလက်စဝတ္ထုထဲက ဇာတ်ကောင် အဓမ္မအကျင့်ခံရတဲ့ နေရာမှာ၊ ကြားထဲမှာ ရောက်သွားခဲ့တဲ့ တရားပွဲတွေ၊ စာသင်ကျောင်း တွေ၊ စာပေဟောပြောပွဲတွေ၊ အမျိုးသမီးတချို့ရဲ့ ညနေခင်း စကားဝိုင်းတွေ။ စာရေးဆရာ ဆွဲခေါ်သမျှ နေရာတွေကို လိုက်ပါခုန်ကူးခဲ့ရင်းက ဘာလဲ၊ ဘာတွေလဲလို့ မေးနေခဲ့တာ၊ ပြီးခဲ့တဲ့ ညကတောင် သူ တွေးမိခဲ့သေးတယ်၊ ငါ အရူးလိုဖြစ်နေပြီလို့၊ အခုတော့ နင်က စိတ်ကျန်းမာရေးဆေးရုံမှာ ဆိုပြီး စာရေးဆရာကပြောလိုက်တော့ တကယ်ပဲ ခင်ဦးဇင် ဘာပြောရမယ် မသိဘူး။

နင်က ငါ အန္တရာယ် ရှိတယ်၊ ငါ ထွက်ပြေးရမယ် ဆိုပြီး တစ်ယောက်တည်းစကားတွေပြောတယ်၊ အခု နင့်ဗိုက်ထဲမှာ ကလေးရှိနေပြီလို့ ပြောပြီး ကြောက်လန့်တကြား အော်တာတွေ၊ ရုန်းတာတွေ လုပ်တယ်၊ ညည ဆိုရင်လည်း မအိပ်ဘူး၊ ညရောက်တိုင်း မုဒိမ်းကျင့်ခံရတယ် ဆိုပြီး ထထ အော်တာ၊ အဲဒါကြောင့် နင့်အမေက နင့်ကို စိတ်ကျန်းမာရေးဆေးရုံကိုခေါ်ခဲ့တာ၊ နင်တို့နေတဲ့ ကုလားကြီးခြံ ရွာက စိတ်ကျန်းမာရေးဆေးရုံနဲ့ဆို တစ်မိုင်သာသာ၊ နှစ်မိုင်လောက် ရှိမလား၊ အဲဒီလောက်ပဲ ဝေးတာ။

စာရေးဆရာပြောနေတုန်းမှာပဲ ခင်ဦးဇင်ရဲ့ ပတ်ပတ်လည်က အခန်းတစ်ခန်း ဖြစ်သွားပြီး ခုတင်ခြောက်လုံး ပေါ်လာတယ်။ ခင်ဦးဇင် က ခုတင်တစ်လုံးပေါ်မှာ ငုတ်တုတ်ကလေး ထိုင်နေပြီး၊ ခင်ဦးဇင်ရဲ့အမေက ခုတင်ဘေးမှာမတ်တပ်ရပ်လို့။ ကျန်တဲ့ ခုတင်တွေကျ နှစ်လုံးကအလွတ်၊ သုံးလုံးပေါ်မှာက ပုံစံမတူတဲ့ မိန်းမတစ်ယောက်စီက အနေအထားမျိုးစုံနဲ့ထိုင်နေတာ။ အဲဒီခုတင်တွေဘေးမှာလည်း ပုံစံမတူတဲ့ မိန်းမတစ်ယောက်စီက အနေအထားမျိုးစုံနဲ့မတ်တပ်ရပ်လို့၊ အားလုံးက တိုင်းခန်းလှည့်လည်လာတဲ့ အကြီးအကဲကို ကြိုဆိုဖို့ ပုံစံချထားခံရသလိုမျိုး။ အဲဒီနောက်၊ ချက်ချင်းလိုပဲ ခုတင်တွေကြားမှာ မိုးတိုးမတ်တတ်နဲ့ လူအုပ်ကြီး ရောက်လာတယ်။ လူအုပ်က ဆယ်ယောက်လောက် ရှိမလားပဲ၊ ယောကျာ်းတွေရော၊ မိန်းမတွေရော၊ အများစုက ပုံမှန်အဝတ်အစားတွေကိုပဲ သပ်သပ်ရပ်ရပ်

ဝတ်ထားတာပေမဲ့ နှစ်ယောက်၊ သုံးယောက်စက သူနာပြုဝတ်စုံ အနီ၊ ဒါမှမဟုတ် အပြာတွေကိုဝတ်ထားတာ။ လူအုပ်ကြီးက မြင်လိုက်တာနဲ့ ပညာတတ် လူတန်းစားတွေပုံပေါက်တယ်။ ဒါပေမဲ့ မျက်နှာတွေက တစ်စုံတစ်ခုဖိစီးနေသလိုမျိုး၊ ပညာရဲ့မာန်တွေ ပျောက်နေတယ်လို့ ခံစားရတယ်။ ခင်ဦးဇင် လူ တစ်ယောက်ချင်းစီကို ကြည့်မိ၊ ငေးမိတယ်။ လူတွေရဲ့ လက်တွေလှုပ်ရှားတာ၊ ခြေလှမ်းတွေလှမ်းတာ။ တစ်ယောက်နဲ့ တစ်ယောက် လှမ်းကြည့်ပြီး မျက်ခုံးတွေတွန့်သွားတာ၊ တစ်ယောက်က လက်ထဲထည့်ပေးနေတဲ့ လူနာမှတ်တမ်းကို နောက်တစ်ယောက်ကမယူဘဲ လွှဲဖယ်လိုက်တာ။ သူ ဝတ္ထုထဲ နေခဲ့တဲ့တလျှောက်လုံး ဒီလောက်အသေးစိတ်တာ မမြင်ခဲ့ဖူးဘူး၊ ယုတ်စွအဆုံး သူ့အမေဆိုတဲ့ အမျိုးသမီးကိုတောင် သူ ဒီလောက်ကျကျနနမမြင်ခဲ့ဖူးဘူးလို့ ခင်ဦးဇင် တွေးမိတယ်။ စာရေးဆရာက ဘာလို့များ အခုမှ ဒီလောက် အသေးစိတ် ပြနေသလဲပေါ့။ အခု စိတ်ကျန်းမာဆရာဝန်တွေ လူနာလိုက်ကြည့်နေတာ တဲ့။ စာရေးဆရာက ပြောတယ်။ ဟုတ်ကဲ့လို့ ခင်ဦးဇင် ပြန်ပြောလိုက်တယ်။ သူတို့က နင့်ကို မေးခွန်းတွေ မေးလိမ့်တယ် တဲ့။ စာရေးဆရာ ပြောနေတုန်းမှာပဲ လူအုပ်ကြီးထဲက ဆရာဝန်ခေါင်းဆောင်ဖြစ်ပုံရပြီး မျက်နှာ အမာဆုံးလည်း ဖြစ်၊ ဖိစီးတဲ့မျက်နှာလည်းမရှိတဲ့ တစ်ဦးတည်းသော အမျိုးသမီးကြီးက အမေ့ကို မေးတယ်၊ အိမ်မှာ ဘာတွေ ဖြစ်ခဲ့တာလဲ တဲ့။

သူ့ဗိုက်ထဲမှာ ကလေးရှိနေပြီ ဆိုပြီး ပြောတယ်၊ ပြီးတော့ ညညဆို မအိပ်ဘဲ ထထငိုတယ်၊ ကျမကိုလည်း အနားကပ်မခံဘူး၊ ထွက်သွားလို့ မောင်းထုတ်တယ် တဲ့။ အမေက တွန့်ဆုတ် ထစ်အနေတဲ့ အသံနဲ့ အဲဒီအမျိုးသမီး မေးတာကို ပြန်ဖြေတယ်။ သူက အိမ်ထောင် ရှိသလား။ မရှိဘူး။ ရည်းစားကော။ ရည်းစားလည်း မရှိဘူး။ ဆီးစစ် ကြည့်သေးလား။ စစ်ကြည့်တယ်၊ ဘာမှ မပေါ်ဘူး။ မေးခွန်းတွေက မရပ်မနားပဲ။ တစ်ယောက်တည်း စကားပြောသလား၊ ပြောတယ်၊ ဘာတွေ ပြောတာ လဲ၊ နှုတ်ခမ်းလှုပ်တာပဲ မြင်ရတာ၊ မကြားရဘူး၊ အိမ်မှာ ဘာတွေ ထပ်ပြီး ပြောသေးလဲ၊ သူက မတော်မတရား အကျင့်ခံရတယ် တဲ့၊ ဘယ်တုန်းကတဲ့တုံး။ မပြောဘူး။ မေးသမျှ အဖြေတွေကလည်း မကုန်ဘူး။ ဘာအလုပ် လုပ်သလဲ။ တောင်သူ။ မဟုတ်ဘူး၊ ကျမက စာရေး ဆရာ။ ဒီမေးခွန်းအရောက်မှာ စာရေးဆရာက ခင်ဦးဇင်ကို ဝင်ဖြေ လိုက်၊ နင် စာရေးဆရာဆိုတာ ဝင်ဖြေလိုက်လို့ ပြောတယ်။ ဒါနဲ့ ခင်ဦးဇင်လည်း ခပ်သွက်သွက် ဝင်ဖြေလိုက်တယ်။ အဲဒီတော့ အမေက ခင်ဦးဇင်ကိုဟန့်တယ်။ အမျိုးသမီးကြီးက အမေ့ကို မဟန့်နဲ့၊ ပြောပါစေလို့ ပြောတယ်၊ ပြီးတော့ တစ်ချက် လှစ်ခနဲ ပြုံးပြီး ပြောစမ်းပါဦး၊ နင်က ဘာစာတွေများ ရေးတာလဲလို့ မေးတယ်။ ဝတ္ထုတွေ၊ ခင်ဦးဇင် ပြန်ဖြေလိုက်တယ်။ ဟဲ့ ငါလည်း ဝတ္ထု ကြိုက်တယ်၊ ကလောင်နာမည်က ဘာတုံး၊ ပြောစမ်းပါဦး။ ခင်ဦးဇင်။ ဩော် နာမည်ရင်းနဲ့ပဲ ရေးတာလား၊ အေးပါ၊ နောက်ကို တွေ့ရင် ဖတ်ပါ့မယ်၊ ဒါနဲ့ အခု နောက်ဆုံးက ဘာအကြောင်းရေးနေတာတုံး။ ဘဂ်ါလီ တွေ မကောင်းတဲ့

အကြောင်း။ ဟဲ့ ဘင်္ဂါလီတွေက ဘယ်လို မကောင်းတာတုန်း။ မုဒိမ်းကျင့်တယ်။ ဟဲ့ ဘယ်သူ့ကိုလဲ၊ နင့်ကိုလား။ မဟုတ်ဘူး။ ဒါဆို နင့်ဝတ္ထုထဲက ဇာတ်ကောင်ကိုပေါ့။ ခင်ဦးဇင် မဖြေချင်တော့ဘူး။ တော်တော် အဆင်မပြေတဲ့ မေးခွန်းတွေပဲလို့ တွေးမိတယ်။ ဒါနဲ့ နင့်ကို မတရားကျင့်တယ် ဆိုတာက ဘယ်သူတုံး။ ဆရာဂုန်ခေါင်းဆောင်အမျိုးသမီးက မေးခွန်းတွေ ဆက်ပြီးမေးနေတယ်။ အမေဆိုတဲ့ အမျိုးသမီးက ခင်ဦးဇင်ရဲ့ပခုံးကိုပုတ်ပြီး ဖြေလိုက်လေလို့ ဆိုတယ်။ မသိဘူးလို့ ဖြေလိုက်၊ စာရေးဆရာကလည်း ခင်ဦးဇင်ကို ပြောတယ်။ ဒါနဲ့ စကားဆက်မပြောတော့ဘူးလို့ တွေးနေရင်းနဲ့ပဲ မသိဘူးလို့ ခင်ဦးဇင် ဖြေလိုက်ရတယ်။ ဘယ့်နှယ် မသိရမှာတုန်း၊ ကိုလှဖြင့် ကိုလှ၊ ကိုမြဖြင့် ကိုမြ သိရမှာပေါ့၊ အဲဒီလူကို မမြင်လိုက်ဘူးလား၊ ထားပါတော့၊ ဒါဆို ဘယ်တုန်းကလဲ။ မသိဘူး။ ဟဲ့ ဘယ်လိုလုပ် မသိရမှာလဲ၊ အချိန်ကို မေးတာလေ၊ လွန်ခဲ့တဲ့ တစ်ရက်၊ နှစ်ရက်၊ တစ်လ၊ နှစ်လ၊ အဲဒီလောက်တော့ သိရမှာပေါ့ တဲ့။ ခင်ဦးဇင် ရဲ့ အဖြေကိုကြားတော့ မေးခွန်းတွေမေးနေတဲ့ အမျိုးသမီးကြီးက အော်တယ်။ ပြီးတော့ ချက်ချင်းပဲ လေသံကိုလျှော့လိုက်ပြီး ဒါဆို ဘယ်နေရာမှာ အကျင့်ခံရတာလဲလို့ ထပ်မေးတယ်။ ဝတ္ထုထဲက လမ်းဘေးမှာ။ ဝတ္ထုထဲမှာလို့ ပြောတာလား။ မဟုတ်ဘူး။ နင်က ဝတ္ထုထဲကို ရောက်သွားတာလား။ အခု အားလုံးက ဝတ္ထုထဲမှာပဲ မဟုတ်ဘူးလား။ ခင်ဦးဇင် စိတ်ထဲက ပြန်မေးလိုက်မိတယ်။ သူရော၊ သူ့ရဲ့ အမေရော၊ ပြီးတော့ ဒီ မေးခွန်းတွေမေးနေတဲ့ ဆရာဝန်မကြီးရော၊ ကျန်တဲ့လူတွေ အားလုံးရော ဝတ္ထုထဲရောက်နေကြတာ မဟုတ်ဘူးလား။

နင် နားထဲမှာ ပြောတဲ့လူမမြင်ရဘဲ အသံတွေ ကြားနေရတာ ရှိသလား။ စာရေးဆရာကတော့ ဘေးကနေ ပြောတတ်တာပဲ။ ခင်ဦးဇင် စိတ်ထဲကနေ ပြန်ဖြေလိုက်တယ်။ နင့်ကို လိုက်နှောက်ယှက်နေတဲ့သူတွေ ရှိသလား၊ ရှင်တို့ပဲလေ။ သူ အရက်တွေ ၊ မူးယစ်ဆေးဝါးတွေ သုံး သေးလား။ ခင်ဦးဇင်ကို မေးနေရင်းက ပြန်မဖြေတော့ ဆရာဂုန်ခေါင်းဆောင်အမျိုးသမီးကြီးက အမေ့ဘက်ကို လှည့်သွားတယ်။ ကျမတို့ရခိုင်တွေက အရက်၊ မူးယစ်ဆေး လုံးဝ မသုံးဘူးရှင့် တဲ့။ အမေက ပြန်ဖြေတယ်။ ဘာ ကျမတို့ ရခိုင်တွေကလဲ၊ ရှင့်သမီးအတွက်ပဲ ရှင်ဖြေ၊ မဟုတ်တာတွေ လျှောက်ဖြေနေတယ်၊ ရခိုင်က ငါးယောက်ဆယ်ယောက်ပဲ ရှိသလား၊ အဲဒီလို အာမခံရအောင်၊ ရခိုင်ဆိုတိုင်း တစ်ယောက်နဲ့တစ်ယောက် မတူဘူး၊ ဗမာဆိုတိုင်းလည်း တစ်ယောက်နဲ့တစ်ယောက် မတူဘူးတဲ့။ အမေ့ရဲ့ အဖြေကို အမျိုးသမီးကြီးက ချက်ချင်းပဲ ဒေါသတကြီးပုံစံနဲ့ ပြန်အော်တယ်။ ခင်ဦးဇင်စိတ်ထဲ ဆရာမကြီးကလည်း ဒေါသကြီးလိုက်တာလို့ ရုတ်တရက်တွေးမိတယ်၊ ပြီးတော့ ချက်ချင်းပဲ အမေ့အဖြေကလည်း ဒေါသထွက်ချင်စရာကိုးလို့ အတွေးကအမေ့ဆီရောက်သွားတယ်။ အဲဒီကမှ အဖြေကလည်း တစ်မျိုးကြီး၊ ပုံမှန်ဆို အဲဒီလိုဖြေပါ့မလားလို့ ဆက်စဉ်းစားမိရော၊ ပုံမှန်သာဆို သောက်တယ်၊ မသောက်ဘူးလို့ပဲ ဖြေမှာမျိုး၊ အခုက

တမျိုးကြီးဖြစ်နေတာ၊ ကြည့်ရတာ စာရေးဆရာ မသိမသာလေးထည့်ပြီး ထင်တယ်ပေါ့။ စာရေးဆရာတွေဆိုတာ အဲဒီလိုပဲ သူတို့ပြောချင်တဲ့စကားတွေကို ဒီလိုအပြန်အလှန် စကားပြောတွေကြားထဲ မသိမသာပုံစံနဲ့ တမင် ထည့်တတ်ကြတာမလား။ မဟုတ်ဘူး၊ ဒီမေးခွန်းနဲ့ ဒီအဖြေက အပြင်မှာ တကယ်မေးပြီး တကယ်ဖြေခဲ့တာ၊ နင်ပြောသလို ငါ တမင် ထည့်ထားတာမဟုတ်ဘူး တဲ့။ ခင်ဦးဇင် တွေးနေတုန်းမှာပဲ တိတ်ဆိတ်နေတဲ့ စာရေးဆရာက ရုတ်တရက် မဟုတ်ဘူးလို့ ဝင်ငြင်းတယ်။

အဲဒီနောက်တော့ ခင်ဦးဇင်ရဲ့နံဘေးက မြင်ကွင်းက ရုတ်တရက် ပြောင်းပြီး အဆောက်အဦတစ်ခုထဲက အခန်းတစ်ခုရဲ့တံခါးပေါက် အနီးနားကအပြင်အဆင် ဖြစ်သွားတယ်။ ပြီးတော့ ခင်ဦးဇင်က အဲဒီတံခါးပေါက်ကနေ အခန်းထဲကိုချောင်းပြီးကြည့်နေတာ။ အခန်းရဲ့ ခေါင်းရင်းနေရာမှာ ပလတ်စတစ်ခုံ၊ နှစ်ခုံ ချထားပြီး မိန်းမငယ်တစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် ခပ်ကျုံ့ကျုံ့ ထိုင်နေတယ်။ ပြီးတော့ အဲဒီခုံနှစ်ခုံကိုမျက်နှာမူပြီး ကျန်တဲ့ခုံတွေကို ခင်းကျင်းထားတာမှာ၊ ထိပ်ဆုံးက ဆက်တီခုံမှာတော့ ခုနက ခင်ဦးဇင်ရဲ့ခုတင်ဘေးမှာ မေးမြန်း အော်ဟစ်သွားတဲ့ ဆရာဝန်ခေါင်းဆောင်အမျိုးသမီးကြီးက ထိုင်နေတယ်။ အမျိုးသမီးကြီးရဲ့ နံဘေး၊ တစ်ခုံခြားမှာက ယောကျ်ားတစ်ယောက်ထိုင်ပြီး ကျန်တဲ့သူတွေကတော့ အနောက်တန်းကခုံတွေမှာ အသီးသီးထိုင်နေကြတယ်။ လူအရေအတွက်ကတော့ အယောက်နှစ်ဆယ်နဲ့သုံးဆယ်ကြား ရှိမယ်။ မြင်ကွင်းကိုမြင်လိုက်တယ်ဆိုရင်ပဲ အခန်းထိပ်မှာ ထိုင်နေတဲ့လူနှစ်ယောက်ကို ဝိုင်းထားတဲ့လူအုပ်က စစ်ဆေးမေးမြန်းနေတယ်ဆိုတာ ခင်ဦးဇင် ချက်ခြင်း သိလိုက် တယ်။ ဒါနဲ့ အဲဒီမြင်ကွင်းကို ခင်ဦးဇင် စူးစမ်းပြီး ကြည့်နေတုန်းမှာပဲ ဆရာဝန်ခေါင်းဆောင် အမျိုးသမီးကြီးရဲ့ ဘေးမှာထိုင်နေတဲ့ ယောကျ်ားက မေးခွန်းတစ်ခု မေးလိုက်တယ်။ မင်းရဲ့အကိုက အရက် တွေ၊ မူးယစ်ဆေးဝါးတွေ သောက်သလား၊ သုံးသလားတဲ့။ ကျမတို့ ရခိုင်တွေက အရက်လည်း လုံးဝ မသောက်ဘူး၊ မူးယစ်ဆေးလည်း လုံးဝ မသုံးဘူး။ ပလတ်စတစ်ခုံမှာ ထိုင်နေတဲ့ မိန်းမငယ်က အဲဒီယောကျ်ားရဲ့ မေးခွန်းကို ချက်ချင်းပဲပြန်ဖြေလိုက်တယ်။ အဲဒီနောက်တော့ ခုနတုန်းက ခင်ဦးဇင် မြင်ခဲ့ကြားခဲ့ရတဲ့ အတိုင်းပဲ၊ ဆရာဝန်ခေါင်းဆောင်အမျိုးသမီးကြီးက ဘာ ကျမတို့ ရခိုင်တွေကလဲ၊ နင့်အကိုအတွက်ပဲ နင်ဖြေ၊ မဟုတ်တာတွေ လျှောက်ဖြေမနေနဲ့၊ အဲဒီလို အာမခံရအောင် နင်တို့ရခိုင်က လေး၊ ငါး၊ ဆယ်ယောက်ပဲ ရှိတာ မဟုတ်ဘူး၊ လူဆိုတာ တစ်ယောက်နဲ့ တစ်ယောက်လည်း မတူဘူး ဆိုပြီး အော် တော့တာပဲ။

ပထမတော့ ခင်ဦးဇင် စိတ်ထဲ ဒါ ဘာလဲ၊ ဘာလို့ သူ့ကို စာရေးဆရာက ဒါတွေ လာပြနေတာလဲလို့ တွေးတယ်။ ဆရာဝန်ခေါင်းဆောင်အမျိုးသမီးကလည်း ခုနက အမျိုးသမီး၊ ပြီးတော့ ယောကျ်ား မိန်းမ လူအပြောင်းအလဲ ရှိပေမဲ့

စကားတွေကလည်း ခုနကစကားတွေ၊ ဘာလို့ ဒီပုံစံတူ ဇာတ်ဝင်ခန်းကို ထပ်တလဲလဲ ပြနေသလဲပေါ့။ နောက်တော့ ချက်ချင်းပဲ စာရေးဆရာပြောတဲ့၊ မဟုတ်ဘူး၊ ဒီမေးခွန်းနဲ့ ဒီအဖြေက အပြင်မှာတကယ်မေးပြီး၊ တကယ်ဖြေခဲ့တာ ဆိုတဲ့ စကားကို သွားသတိရတယ်။ ဒါနဲ့ ခင်ဦးဇင် သတိထားပြီးကြည့််လိုက်တယ်ဆိုရင်ပဲ အနောက်က ခုံတွေထဲကတစ်ခုံမှာ ခပ်ကုပ်ကုပ်ထိုင်နေတဲ့ စာရေးဆရာကို တွေ့တယ်။ ဒီတော့မှ အော် ရှင်က အရူးဆရာဝန်လားလို့ ခင်ဦးဇင်မေးလိုက်မိတယ်။ စိတ်ရောဂါကု ဆရာဝန်ပါ တဲ့။ စာရေးဆရာက ခင်ဦးဇင်ရဲ့အမေးကို ပြန်ဖြေတယ်။ ဒါကြောင့် ရှင်က ကျမကို စိတ်ရောဂါဆေးရုံပို့လိုက်တာပေါ့၊ ရှင် ကျွမ်းကျင်တဲ့နယ်ထဲကို ဆွဲထည့်လိုက်တာပေါ့။ ဒီတခါတော့ စာရေးဆရာက ခင်ဦးဇင်ရဲ့စကားကို မငြင်းဘူး။ ဒါနဲ့ ရှင် ငယ်ငယ်က အစ္စလာမ်တွေ၊ မူစလင်တွေကို ကြောက်တယ်လား။ ဘာလို့လဲ။ ရှင်ပြခဲ့တဲ့ အဖြစ်အပျက်တွေထဲမှာ အဲဒီလူတွေကို မုန်းအောင်၊ ကြောက်အောင် သင်ကြားခံခဲ့ရလို့ မုန်းကြောက်ကြီး ဖြစ်တယ် ဆိုပြီး ပြောလို့လေ။ ဝတ္ထုဇာတ်ကောင်နဲ့ စာရေးဆရာကို ဘာလို့ အတူတူတွဲမြင်နေကြတာလဲ။ ရှင် ကုလားဆိုတဲ့ စကားလုံးကိုလည်း သုံးခဲ့သေးတယ်လေ။ စာရေးဆရာရဲ့ တသီးပုဂ္ဂလ အတွေးအမြင်တွေခံစားချက်တွေမပါဘဲ လုံးဝလွတ်ထွက်နေတဲ့ ဝတ္ထုရှိတယ်လို့ ရှင်က ပြောချင်တာလား၊ ကျမကလည်း စာရေးဆရာနော်လို့ ခင်ဦးဇင် စာရေးဆရာကို ပြန်ပြောလိုက်တယ်။ ဝတ္ထုဆရာ ဖန်တီးတဲ့ ဇာတ်လမ်းတွေ၊ ဇာတ်ကောင်တွေထဲမှာ စာရေးဆရာကိုယ်တိုင်ရဲ့ အတွေးတွေ၊ ဘဝတွေ ပါတတ်တာကို သိတယ်ပေါ့။

အပိုင်း (၁၀)

နင် ဘယ်သူနဲ့စကားပြောနေတာလဲ။ ခင်ဦးဇင်ရဲ့ နားထဲကို ဆရာဝန်ခေါင်းဆောင် အမျိုးသမီးရဲ့အသံ ဝင်လာတယ်။ ပြီးတော့ လူနှစ်ယောက်ကို ဆရာဝန်တွေဝိုင်းပြီးမေးမြန်းနေတဲ့ အခန်းထဲကမြင်ကွင်းက ပျောက်သွားပြီး ခုတင်ခြောက်လုံးရှိတဲ့လူနာခန်း မြင်ကွင်းက ပြန်ပေါ်လာတယ်။ နင် ဘယ်သူ့ကိုစကားပြောနေတာလဲ တဲ့။ ဆရာဝန်ခေါင်းဆောင်အမျိုးသမီးက ခင်ဦးဇင်ကို ကြည့်ပြီး မေးနေတယ်။ ဘာလဲ၊ သူ ဘာပြောမိလို့လဲ။ ခင်ဦးဇင် တွေးတယ်။ ဘေးကို ကြည့်လိုက်တော့ အမေက ခင်ဦးဇင်ကို တစ်ခုခုဖြေလိုက်ဖို့ မျှော်လင့်တကြီးပုံစံနဲ့ ကြည့်နေတယ်။ စာရေးဆရာကို ဆရာဝန်တွေကြားထဲပါနေမလားလို့ ခင်ဦးဇင် ရှာကြည့်ပေမဲ့ မတွေ့ရဘူး။ ခင်ဦးဇင်ကို မေးခွန်းတွေ အဆက်မပြတ်မေးနေတဲ့အမျိုးသမီးကြီး၊ အဲဒီမေးခွန်းတွေကို ဖြေလိုက်ဖို့ မျှော်လင့်နေပုံရတဲ့အမေ၊ ပြီးတော့ တစ်ခုခုကို စိုးရိမ်ပုံရနေတဲ့အနောက်ကလူတွေ၊ ကိုယ့်ဇာတ်ရုပ်ကိုယ် သရုပ်ပါပါဝင်စားနေကြတဲ့ ဇာတ်ကောင်တွေအားလုံးကို ကြည့်ရင်း ခင်ဦးဇင်စိတ်ထဲ တော်တော်လေးကို ဇာတ်ကွက်စေ့တဲ့ စာရေးဆရာပဲလို့ တွေးမိတယ်။ နင့် နှုတ်ခမ်းတွေ လှုပ်သွားတယ်လေ၊ အဲဒါ ဘယ်သူနဲ့ စကားပြောတာလဲ။ ခင်ဦးဇင် ဘာဖြေရမယ် မသိတော့ဘူး။ တိတ်ဆိတ်နေမိတယ်။ ဘယ်သူနဲ့မှမပြောဘူးလို့ ဖြေလိုက် တဲ့။ ဇာတ်ဝင်ခန်းထဲမှာပါမနေတဲ့ စာရေးဆရာက သူ့ရဲ့ခပ်စူးစူး အသံနဲ့ ခင်ဦးဇင်ကိုလှမ်းပြီး ပြောတယ်။ ဒါနဲ့ ခင်ဦးဇင်လည်း စာရေးဆရာခိုင်းတဲ့အတိုင်း ဘယ်သူနဲ့မှ မပြောဘူးလို့ ပြောလိုက်တယ်။ အဲဒီ အဖြေကိုကြားတော့ အမျိုးသမီးကြီးက ဒါပဲ၊ ဒါပဲ လို့ ဆိုပြီးခေါင်းညိတ်တယ်။ သူက စာရေးတယ်လို့ ပြောတယ်မလား၊ ဘွဲ့လည်း ရတယ်လို့ ပြောတယ်၊ ဒီတော့ ပညာတတ်တာပေါ့၊ ပညာတတ်တော့ ရောဂါလက္ခဏာတွေကို ဖုံးတာပေါ့လို့ ဆက်ပြောတယ်။ ပြီးတော့ အဲဒီလိုပြောနေရင်းကပဲ ရုတ်တရက်ဆိုသလို သူ့နောက်နား ခပ်ကုပ်ကုပ်ရှိနေတဲ့ လူလတ်ပိုင်းယောကျ်ားဘက်ကို လှည့်ပြီး ပြောစမ်း၊ ဒါ ဘာလဲလို့ မေးလိုက်တယ်။

ဆရာဝန်ခေါင်းဆောင်အမျိုးသမီးကြီးက အော်လိုက်တာ၊ ပြီးတော့ မေးခွန်းအမေးခံရတဲ့ အနောက်ကလူအုပ်က ခေါင်းတွေငုံ့သွားတာ၊ အမျိုးသမီးကြီးရဲ့အော်သံတွေက ပိုပြီးတော့ ကျယ်လာတာ။ အဖြစ်အပျက်တွေက တစ်ခုပြီးတစ်ခု ဖြစ်ပျက်သွားတယ်။ ကနဦးက အသစ်အဆန်းသဘောမျိုးငေးနေကြည့်နေမိပေမဲ့ နည်းနည်းကြာလာတော့ မြင်ကွင်းတွေကို ခင်ဦးဇင်ရဲ့စိတ်ထဲ အီလာတယ်။ ပြီးတော့ စာရေးဆရာက သူ့ကို ဘာကြောင့်ဒီလို ဇာတ်လမ်းဆင်ရတာလဲ ဆိုတဲ့အတွေးက

ခေါင်းထဲရောက်လာတယ်။ စာရေးဆရာက သူ့အပေါ် ဆိုးရွားလှချည်လား၊ ရက်စက်လှချည်လားပေါ့။ ရှင် ဘာကို ရေးချင်လို့ ဒီလိုဇာတ်ကွက်ကို ခင်းနေတာလဲ၊ ရှင်ဝတ္ထုရဲ့ အာဘော်က ဘာလဲ။ ရှုပ်ထွေးနေတဲ့ စိတ်ကိုထိန်းပြီး ခင်ဦးဇင် စာရေးဆရာကို မေးလိုက်တယ်။ နင်လည်း စာရေးဆရာပဲ စဉ်းစားကြည့်ပေါ့ တဲ့၊ စာရေးဆရာက ခင်ဦးဇင်ကို ပြန်ဖြေတယ်။ ရှင်က ရခိုင်မုန်းတီးတဲ့ သူလား၊ ရှင် ရခိုင်မကောင်းကြောင်း ပြောချင်တာလား။ ခင်ဦးဇင် စာရေးဆရာကို ထပ်မေးလိုက်တယ်။ မဟုတ်ပါဘူး တဲ့။ စာရေးဆရာက ခင်ဦးဇင်ကို ပြန်ဖြေတယ်၊ ပြီးတော့ ဘာလို့ အဲဒီလိုထင်တာလဲ တဲ့။

ရှင်က ကျမကို ရခိုင်မဆိုပြီး ပြောတယ်၊ ပြီးတော့ အစွန်းရောက် အမျိုးသားရေးသမားလို့လည်း ဆိုတယ်လေလို့ ခင်ဦးဇင်ပြန်ပြောလိုက်တယ်။ ငါ့ဝတ္ထုထဲမှာ ပြထား၊ ပြောထားတာတွေ အများကြီးပဲလေ၊ နင်က အဲဒါပဲ တွေ့သလားတဲ့။ ရှင် ကျမကို ရခိုင်မလို့ပဲပြောထားတယ်၊ ရုပ်ရည် အသံ အသေးစိတ် အချက်အလက်တွေကို မပြထားဘူး၊ ဒီတော့ ကျမကို လူတစ်ဦးတစ်ယောက်အဖြစ် သီးသန့်ခွဲပြီးမြင်ကြမှာမဟုတ်ဘူး၊ ရှင် ကပ်ပေးထားတဲ့ တံဆိပ်ကိုပဲ မြင်ကြမှာ၊ ထင်ကြမှာပဲ၊ လူတိုင်းက အဲဒီလိုပဲ ထင်ကြမှာပဲလို့ ခင်ဦးဇင် ထပ်ပြောလိုက်တယ်။ မဟုတ်သေးဘူး တဲ့။ စာရေးဆရာက ပြောတယ်။ မဟုတ်သေးပါဘူး တဲ့၊ ငါ ဒီနေ့ နားမှ ဖြစ်မယ် တဲ့။

ရှင့်အကျင့်က ဒီလိုပဲလို့ ခင်ဦးဇင် ပြောလိုက်တယ်။ ဒါပေမဲ့ စာရေးဆရာက မရှိတော့ဘူး။ လျှပ်စီးလက်လိုက်သလိုပဲ၊ ပျောက် သွားပြီ။ မဟုတ်ဘူး၊ ထွက်ပြေးသွားပြီလို့ ပြောရမယ်။ စာရေးဆရာ ချန်ထားရစ်ခဲ့တဲ့ လူနာခန်းထဲကပုံရိပ်တွေကြားမှာ တစ်ယောက်တည်း စုန့်စုန့်ကြီး ရပ်ရင်း၊ သင်းက မေးခွန်းထုတ်ခံရတာတော့ ကြောက်တတ်သားပဲလို့ ခင်ဦးဇင် စိတ်ထဲကနေ ရယ်မိတယ်။ နောက်တစ်ခါ လာပါစေဦး၊ မေးခွန်းတွေ မေးပေးလိုက်ဦးမယ်။ ရှင် ကျမကို စိတ် ရောဂါသည်ဘဝကနေ ပြောင်းပြီး လှလှပပ ဖန်တီးပေးမလား၊ ရှင့်ဝတ္ထုပျက်အောင် ကျမ ကလန်ကဆန် လုပ်တာကို လိုချင်သလားပေါ့။

ရှင် တကယ်ပဲ ရခိုင်တွေကို အမျိုးသားရေး အစွန်းရောက်တွေလို့ ပြောချင်နေတာလား။ စာရေးဆရာ ရောက်လာတယ်ဆိုရင်ပဲ မေးဖို့တေးထားတဲ့ မေးခွန်းတွေထဲက တစ်ခုကို ခင်ဦးဇင် ချက်ချင်းမေးလိုက်တယ်။ မဟုတ်ပါဘူး။ စာရေးဆရာက ခင်ဦးဇင်ရဲ့အမေးကို ခပ်တုံ့တုံ့ ပြန်ဖြေတယ်။ ဒါပေမဲ့ အခုအခြေအနေကတော့ ရှင် အဲဒီလိုပြောချင်တဲ့ပုံ ပေါက်နေတာပဲ၊ ရှင်က ကျမကို တစ်သီးပုဂ္ဂလအနေနဲ့ မပြထားဘူး၊ အစုအဖွဲ့ ကိုယ်စားပြုသဘောနဲ့ ပြနေတာလေ။ အဲဒါက မခက်ပါဘူး။ နင် ဘယ်လိုပုံစံဆိုတာ ငါ သိပြီးသားပဲ၊ အချိန်မရွေး နင့်ရုပ်ကို ပြလို့ရတာပဲ တဲ့။ ပြောရင်း စာရေးဆရာက ရယ်တယ်။ အဲဒီ ရယ်နေတဲ့ အသံကို

နားထောင်ရင်းနဲ့ပဲ ခင်ဦးဇင်စိတ်ထဲ သင်း ရယ်ပုံက တစ်မျိုးပဲလို့ ထင်မိတယ်။ တခုခု ညစ်ပတ်တော့မယ့် တခုခု လူလည်ကျတော့မယ့်အသံမျိုးလို့ ပြောရမလား၊ တခုခုတော့ တခုခုပဲပေါ့။ နင့်ရုပ်ကို နင်တကယ်ကြည့်ချင်သလား တဲ့။ ကြည့်မယ်။ ခင်ဦးဇင် ချက်ချင်းတုံ့ပြန်လိုက်တယ်။ အဲဒီနောက်တော့ ခိခနဲ ရယ်သံနဲ့အတူ ခင်ဦးဇင် ရှေ့မှာ ပုံရိပ်တစ်ခု ဖြတ်ခနဲပေါ်လာတယ်။ မိန်းမရဲ့ ရုပ်က နှုတ်ခမ်းနီ ခပ်ရဲရဲကိုမှ မျက်မှန်ဝင်းဝင်းနဲ့။ အသားက ခပ်မည်းမည်း၊ ကိုယ်လုံးကိုယ်ထည် ပိန်ပိန်သွယ်သွယ်မှာ ပါးရိုးကားကား၊ နှာတံပြားပြားနဲ့၊ ခင်ဦးဇင်ကို ပြုံးပြလိုက်တယ် ဆိုရင်ပဲ ခပ်ပြဲပြဲ ပါးစပ်ထဲကနေ ထူထဲမို့မောက်နေတဲ့ သွားဖုံးနဲ့ အဲဒီသွားဖုံးပေါ်မှာ စီရရီရှိနေတဲ့သွားတွေက အုံလိုက် ပြုံထွက်လာတော့မလိုပဲ။ အဲဒါ ငါ့ရုပ်တဲ့၊ ရုပ်ဆိုးလိုက်တာ လို့ ခင်ဦးဇင် တွေးမိတယ်။ အဲဒီလို တွေးနေရင်းနဲ့ပဲ ဒီရုပ်ကို မြင်ဖူးသလိုပဲဆိုတဲ့ အတွေးတစ်စက ခေါင်းထဲကို ရောက်လာတယ်။ ဟုတ်တယ်၊ ဒီရုပ်ကို မြင်ဖူးသလိုပဲပေါ့။ နှုတ်ခမ်းနီ၊ မျက်မှန်၊ ပြီးတော့ သွားဖုံးတွေ၊ ပါးရိုးတွေ၊ နှာတံတွေ။ မဟုတ်သေးပါဘူး၊ နှုတ်ခမ်းနီ ဆိုးထားတာကို ဖယ်လိုက်မယ်ဆိုရင်၊ ပြီးတော့ နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးတွေ တပ်လိုက်မယ်ဆိုရင်။ ရှင်...ရှင်က။ စာရေးဆရာ ရယ်တယ်၊ တဟားဟားနဲ့ ဝါးလုံးကွဲမတတ် ရယ်တယ်။ ပြီးတော့မှ ရယ်ရှိန်မသေတဲ့ မျက်နှာနဲ့ ဟုတ်တယ်လေ၊ နင်ပဲ ဇာတ်ကောင်ဆိုတာက စာရေးဆရာရဲ့ကိုယ်ပွားဆို တဲ့၊ ပြန်ပြောတယ်။

စာရေးဆရာ ထုတ်ပြတဲ့ သူ့ရဲ့ ရုပ်ကို ကြည့်ရင်း ခင်ဦးဇင် ကြက်သေသေနေမိတယ်။ ရုတ်တရက် ဘာပြန်ပြောရမယ် မသိဘူး။ စိတ်ကူးထဲမှာ စီထားတဲ့ မေးခွန်းတွေကလည်း ကြိုးပြတ်သွားတဲ့ ပုလဲပုတီးကုံးလိုပဲ၊ တစစီ ဖြစ်ကုန်တယ်။ ပြီးတော့ စိတ်က သူအမှန်တကယ်ပဲ စာရေးဆရာရဲ့ကိုယ်ပွားလား၊ စာရေးဆရာ ဖန်တီးထားတဲ့ ဇာတ်ကောင်လားဆိုတဲ့ ဆီကို လုံးဝရောက်သွားတယ်။ အဲဒီနောက်တော့ ခင်ဦးဇင် တစ်ချက်ချင်းကို သေချာ တွေးကြည့်တယ်။ စာရေးဆရာကော၊ သူကော နှစ်ယောက်လုံးက စာရေးနည်းတွေကို သိနေတာ၊ ရုပ်တွေ တူနေတာ၊ ပြီးတော့ သူ့ရဲ့ အတွေးတွေကို စာရေးဆရာက အလိုလိုသိနေတာ။ ဒါပေမဲ့ မတူတာ တွေလည်း ရှိနေတာပဲ မဟုတ်လား။ စာရေးဆရာက မူစလင်တွေကို မုန်းတီးဖို့ သင်ကြားခံခဲ့ရတယ် ဆိုပေမဲ့ သူက အဲဒီအဖြစ်အပျက်တွေ မမှတ်မိတာ၊ သူက မိန်းမတစ်ယောက် ဖြစ်နေပြီး စာရေးဆရာက ယောကျ်ား တစ်ယောက် ဖြစ်နေတာ။ ခင်ဦးဇင် တွေးနေရင်း မေ့သလိုဖြစ်နေတဲ့ အဖြစ်အပျက်ကြီးကို ရုတ်တရက် ခေါင်းထဲ သတိရသွားတယ်။ အဲဒါက ရိုဟင်ဂျာတွေ နတ်မြစ်ကို ဖြတ်ပြီး ရခိုင်ကနေ ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်ပြေးကြတယ် ဆိုတဲ့ကိစ္စ။ အဲဒါကို တကယ့်အဖြစ်အပျက်ဆိုပြီး စာရေးဆရာက ပြောခဲ့တာမလား၊ ပုံတွေ၊ သတင်းအချက်အလက်တွေ၊ သက်သေအထောက်အထား တွေနဲ့ ပြောခဲ့တာမလား။ ဒါပေမဲ့ ခင်ဦးဇင်က ဘာလို့ အဲဒီအဖြစ်အပျက်ကို မသိရတာလဲ။ ဘာလို့ စာရေးဆရာပြောပြမှ သိရတာလဲ။ သူ ဘယ်က လာသလဲ၊

တစ်ခုပြီးတစ်ခုဆင့်လာနေတဲ့ မေးခွန်းတွေက ပိတ်ထားတဲ့တံခါးကို တစ်ချက်ပြီးတစ်ချက် ကန်ဆောင့်ဖွင့်နေသလို၊ အဲဒီကမှ နောက်ဆုံး ကန်ချက်တစ်ခုမှာ ဝုန်းခနဲ ပွင့်သွားသလိုလို့ ပြောရမလားပဲ။ မေးခွန်းတွေဆင့်ဆင့်မေးနေရင်းက ခင်ဦးဇင်ရဲ့ ခေါင်းထဲကို အတွေးတစ်ချက် လက်ခနဲ ရောက်လာတယ်။ သူက စာရေးဆရာရဲ့လက်ရှိကမ္ဘာက မဟုတ်ဘူးလားပေါ့။။ အဲဒီမှာ မတူညီတဲ့ကမ္ဘာ ဆိုတဲ့စကားလုံးကို ခင်ဦးဇင် ရုတ်တရက် သတိရတယ်။ မတူညီတဲ့ ကမ္ဘာ၊ အပြိုင်ကမ္ဘာ။ ခင်ဦးဇင်ရဲ့ နှလုံးက ရုတ်တရက်ဆိုသလိုပဲ တဒိတ်ဒိတ် အခုန်မြန်လာတယ်။ သူ သိသွားပြီ၊ နောက်ဆုံးတော့ သူ အကုန်လုံးကို သိသွားပြီ။ သူက စာရေးဆရာနေတဲ့ ကမ္ဘာနဲ့မတူတဲ့ အပြိုင်ကမ္ဘာတစ်ခုကနေ ရောက်လာခဲ့တာ။ ဘာသာတရားဆိုတာ မရှိတဲ့ကမ္ဘာ၊ ဘာသာတရားကြောင့် ဖြစ်တဲ့အမုန်းတွေ၊ အကြောက်တရားတွေနဲ့ အကြမ်းဖက်မှုတွေ မရှိတဲ့ ကမ္ဘာ၊ ဖန်ဆင်းရှင်ဘုရားကို ငြင်းဆန်တဲ့ ကမ္ဘာ၊ ဘာသာတရားကထိန်းညှိထားတဲ့ အကြောက်တရားနဲ့ မျှော်လင့်ချက်ကို စွန့်ပစ်ပြီး ကိုယ်ပိုင်တွေးတောဆင်ခြင်မှုနဲ့ အုပ်ထိန်းတဲ့ ကမ္ဘာ။ လူတွေအချင်းချင်း ရခိုင်၊ ကုလားတံဆိပ်တွေကြောင့် မုန်းတီးတာ၊ ချစ်ခင်ကြတာမျိုး မဟုတ်ဘဲ တစ်ယောက်ချင်းစီရဲ့အပြုအမူအရ ချစ်ခင်ကြ၊ မုန်းတီးကြတဲ့ ကမ္ဘာ။ ဒါကြောင့် သူ တရားပွဲဆိုတာကို မသိခဲ့တာ၊ ဒါကြောင့်ပဲ သူ ကအ်ဘာကျောင်းတော်ပုံကို မသိတာ၊ မဟာမြတ်မုနိနဲ့ ရွှေတိဂုံကို မသိတာ။ ပြီးတော့ ရိုဟင်ဂျာတွေ နတ်မြစ်ကို ဖြတ်ပြီး ရခိုင်ကနေ ဘင်္ဂလားဒေ့ရှ်ဘက်ပြေးရတဲ့ အဖြစ်ကို မသိတာ။ ဒါပေမဲ့ သူက ဟိုဘက်ကမ္ဘာမှာလည်း စာရေးဆရာပဲ၊ ဒါကြောင့် စာ ဘယ်လိုရေးရမယ်ဆိုတာကို သူ သိနေတာ။ သူ တွေးတောတတ်၊ခံစားတတ်နေတာ။ ဒါပေမဲ့ သူ့နာမည်က ခင်ဦးဇင်ပဲလား ဆိုတာတော့ မသေချာဘူး။ ပြီးတော့ သူ အခြားကမ္ဘာတစ်ခုကနေ စာရေးဆရာရဲ့ဝတ္ထုထဲကို ဘယ်လို ရောက်ပြီး ဇာတ်ကောင်ဖြစ်လာတယ် ဆိုတာလည်း မသိသေးဘူး။ အဲဒီအဖြေကို အသိနိုင်ဆုံးသူကတော့ စာရေးဆရာပဲ၊ သူ့ကို မေးရမှာပဲပေါ့။ အဲဒီ အချိန်မှာပဲ ရထားတစ်စင်း ခုတ်မောင်းသလို တဝုန်းဝုန်းနင်းခဲ့တဲ့ ခင်ဦးဇင်ရဲ့အတွေးစဉ်က နေရာတစ်ခုမှာ ရုတ်တရက် ထိုးရပ်သွားတယ်။ အဲဒါက သူ အခုတွေးနေတာတွေကို စာရေးဆရာသိသွားပြီလား ဆိုတာပဲ။ ဒါနဲ့ ခင်ဦးဇင် စာရေးဆရာကို မသိမသာအကဲခတ်လိုက်တယ်။ အဲဒီကမှ ရယ်ရှိန်မသေ ဖြစ်နေသေးတဲ့ စာရေးဆရာကို ကြည့်ပြီး မသိလောက်သေးပါဘူးလို့ ဆက်တွေးတယ်။ ပြီးတော့ စာရေးဆရာဆီကနေ သူ ဒီဝတ္ထုထဲကို ဘယ်လို ရောက်လာသလဲဆိုတဲ့ အဖြေကိုသိဖို့ ဘယ်လို လှည့်ပတ်မေးရမလဲ ဆိုတာကိုဆက်စဉ်းစားတယ်။ မေးရမယ်၊ စာရေးဆရာ မသိအောင် လှည့်ပတ်ပြီး မေးရမယ်၊ ဒါနဲ့ ဘာမေးရမလဲ၊ ဘယ်လိုမေးရမလဲပေါ့။ မေးခွန်းက သီးသီးသန့်သန့်ကြီးလည်း ဖြစ်နေလို့မရဘူး၊ လက်ရှိ အခြေအနေနဲ့လည်း ကိုက်ညီရမယ်၊ ပြီးတော့ ရှေ့ဆက်ပြီး မေးခွန်းတွေဆက်မေးလို့ရတဲ့

မေးခွန်းမျိုးလည်းဖြစ်ရမှာ။ စဉ်းစားနေတုန်းမှာပဲ စာရေးဆရာ ရောက်လာလာချင်း သူ မေးလိုက်တဲ့မေးခွန်းကို ခင်ဦးဇင် ပြန် သတိရတယ်။ အဲဒါက ရှင် တကယ်ပဲ ရခိုင်တွေကို အမျိုးသားရေး အစွန်းရောက်တွေလို့ ပြောချင်နေတာလား ဆိုတာပဲ။ ပြီးတော့ တစ်ချိန်တည်းမှာပဲ ခင်ဦးဇင်ရဲ့ နားထဲ နင်က ရခိုင်ကို မရောက်ဖူးဘူး ဆိုပြီး စာရေးဆရာ ပြောခဲ့ဖူးတဲ့ စကားကိုလည်း ပြန်ကြားယောင်တယ်။ အဲဒီမှာ ခင်ဦးဇင်ရဲ့ ဦးနှောက်ထဲ မေးခွန်းတစ်ခုလှစ်ခနဲပေါ်လာတယ်။

ရှင်က ရခိုင်လား။ မဟုတ်ဘူး၊ ဗမာ။ ခင်ဦးဇင်ရဲ့ မေးခွန်းကို စာရေးဆရာက ချက်ချင်းပြန်ဖြေတယ်။ ရှင် အခု ဝတ္ထုထဲကနေရာတွေကို မရောက်ဖူးဘူးမလား၊ ဒါကြောင့် ရှင်ကကျမကို အဲဒီနေရာတွေကိုမရောက်ဖူးတဲ့ဇာတ်ကောင် ဆိုပြီး လုပ်ထားတာမလား။ ဟုတ်တယ်။ဒါနဲ့ ကျမကို ဘာကြောင့် ရခိုင်လူမျိုးလို့ ဖန်တီးထားတာလဲ။ ဒီလိုပါပဲ။ ဒီလိုပါပဲဆိုတာက ဘာလဲ။ စာရေးဆရာက တစ်ခုခုဖြေဖို့ စကားလုံးရွေးချယ်နေတဲ့ပုံစံနဲ့ တိတ်နေတယ်။ ကျမစိတ် ထဲမှာ ရှင်က ရခိုင်တစ်ယောက်မို့လို့ ကိုယ့်ကိုယ်ကိုယ် မကောင်းတဲ့ နေရာထားရေးတယ် ထင်နေတာ၊ အခုတော့ မဟုတ်ဘူးပဲ၊ ဘာလို့လဲ၊ ဘာလို့ ဗမာ တစ်ယောက်က ရှင်တို့ သုံးသုံးနေကျ ဟိုအသုံး၊ ကုလားကို မုန်းတယ်ဆိုပြီး မရေးတာလဲ။ ရှင် ပြောခဲ့ ဖူးတယ်မဟုတ်လား၊ ဘင်္ဂါလီတွေ ဒီလိုထွက်ပြေးရတာရဲ့ လက်သည်တရားခံက ဗမာစစ်တပ်ရဲ့ နယ်မြေရှင်းလင်းရေးကြောင့်ဆို၊ ဒါဆို ဗမာနေရာက ပိုတောင် ရေးသင့်တာပဲ၊ ဘာလို့ မရေးတာလဲ။ တိတ်နေတဲ့ စာရေးဆရာက သက်ပြင်းချတယ်။ ပြီးတော့ ငါ့ မသိစိတ်ထဲ ရှိနေတဲ့ လူမျိုးရေးအမြင်ကြောင့်ဖြစ်မလားပဲလို့ မသက်မသာ အသံနဲ့ ဖြေတယ်။ စာရေးဆရာရဲ့အဖြေကို ကြားပေမဲ့ ခါတိုင်းလို ခင်ဦးဇင်ရပ်မသွားဘူး။ စာရေးဆရာက ရှေ့ကနေ ဖြတ်ပြီး အဲဒီလို ရေးတာက ရခိုင်တွေကို အစွန်းရောက်ဆိုပြီး စွပ်စွဲတဲ့ ဝတ္ထုဖြစ်သွားမှာ၊ ပြီးတော့ ရခိုင်တွေနဲ့ဗမာတွေကြား အဖုအထစ်တွေဖြစ်သွားမှာကို ရှင်မစိုးရိမ်ဘူးလားလို့ မေးလိုက်တယ်။ ပြီး ရှင် ပြခဲ့တဲ့ ကျမရဲ့ ဇာတ်ကောင်စရိုက် ဖွံ့ဖြိုးပုံအရဆိုရင် ဗုဒ္ဓဘာသာကလည်း အကြမ်းဖက်ဘာသာလို ဖြစ်နေတယ်လို့ မထင်ဘူးလား။ ဗုဒ္ဓဘာသာဝင်အားလုံးက တကယ်ပဲ အဲဒီလိုလား။ အဲတာက ဘယ်တံဆိပ်၊ ဘယ်အဖွဲ့အစည်း အောက်မှာပဲဖြစ်ဖြစ် တချို့ဆိုးတယ်၊ တချို့ ကောင်းတယ်ဆိုတဲ့ ရှင် အမုန်တကယ် ပြောချင်တာကို မပေါ်လွင်စေဘူး မဟုတ်ဘူးလား။ အဲတာတွေက ရှင့်ဝတ္ထုရဲ့ အာဘော်ကို ထိခိုက်စေမယ်လို့ မထင်ဘူးလား။ ခင်ဦးဇင် မေးခွန်းတွေကို တစ်ခုပြီးတစ်ခု ခပ်မြန်မြန် ဆက်မေးတယ်။ အွန်း အဲတာတွေကို ငါ ပြန်စစ်ရမယ်။ ဘယ်လောက်ပဲ ခင်ဦးဇင်ရဲ့ မေးခွန်းက ရှည်လျားပေမဲ့ စာရေးဆရာရဲ့ အဖြေက တိုတိုပြတ်ပြတ်ပဲ။ အဲဒီအဖြေကို နားထောင်ရင်း ခင်ဦးဇင် တွေးတယ်။ စာရေးဆရာ မရိပ်မိခင် အခု သူ ဝတ္ထုအစ ဘယ်လိုရတယ် ဆိုတဲ့ ကိစ္စကိုမေးရမလားပေါ့။ မေးလိုက်ရင် မေးခွန်းတွေက ဆက်စပ်မှုရှိပြီလား ပေါ့၊ ဒီဝတ္ထုကို၊ ဒီအာဘော်ကို ရှင် ဘယ်လို စ,ရသလဲ။ တွေးရင်းပဲ ခင်ဦးဇင် မသိမသာ သွေးတိုးစမ်းပြီး

မေးခွန်းထုတ်လိုက်တယ်။ ဒါပေမဲ့ အဲဒီမေးခွန်းကိုကြားတော့ စာရေးဆရာက အရှေ့က မေးခွန်းတွေလို မဖြေတော့ဘဲ ခိခနဲ ရယ်တယ်။ ပြီးတော့ သူ့အသံစူးစူးနဲ့ နင် ဘာတွေး နေသလဲ ဆိုတာ ငါ သိတယ်လို့ ပြောတယ်။

အပိုင်း (၁၁)

နင်က အခြားဘယ်ကမ္ဘာကမှမဟုတ်ဘူး၊ နင် တွေးနေတာက ငါ့ဦးနှောက်ထဲက အကန့်တစ်ခု၊ နင်လာတယ်ဆိုတဲ့နိုင်ငံက ငါ ဖြစ်ချင်တဲ့စိတ်ကူးနိုင်ငံ၊ နင်က ငါဖန်တီးထားတဲ့ ဇာတ်ကောင်၊ ဒါကြောင့် ဝတ္ထုထဲမှာမပါတဲ့ ငါ့စိတ်ကူးတွေကို နင် သိနေတာ၊ ပြီးတော့ နင် လာခဲ့တဲ့ကမ္ဘာလို့ ထင်နေတာ၊ အမှန်က ဘာမှ မဟုတ်ဘူး။ ပြောရင်း စာရေးဆရာက တဟားဟားနဲ့ လှောင်သလို အော်ကြီး ဟစ်ကျယ် ရယ်တယ်။ မယုံဘူး၊ ရှင် လိမ်နေတာ။ စာရေးဆရာ ရှင်းပြနေတာကို လက်မခံနိုင်ဘဲ ခင်ဦးဇင် ခပ်ဆတ်ဆတ် ပြန်ပြောမိတယ်။ ရှင့်ဝတ္ထုထဲကနေ ကျမ ထွက်သွားမှာစိုးလို့ ရှင်လိမ်နေတာ။ နင်က ငါ့ဇာတ်ကောင်၊ ငါ့ဝတ္ထုထဲကနေ ဘယ်မှ ထွက်သွားလို့ မရတဲ့ဟာ၊ လိမ်လိမ် မလိမ်လိမ် ငါ့အတွက် ဘာအကျိုး ထူးမလဲ။ စာရေးဆရာရဲ့ စကားတွေက ကျိုးကြောင်း ဆီလျော်နေသလို ပေမဲ့ မဟုတ်ဘူး ဆိုတာကို ခင်ဦးဇင်သိနေတယ်။ ဒါပေမဲ့ ဘာတွေ ပြန်ပြောရမယ် ဆိုတာကိုတော့ ခင်ဦးဇင်မသိပြန်ဘူး။ ဒီလို နှစ်ဦးနှစ်ဖက် တိုးလျှိုပေါက်ဖြစ်သွားတဲ့အခြေအနေမှာ ဘယ်လို စကားကို ဟန်မပျက်ဆက်ပြောရမလဲဆိုတာကိုလည်း ခင်ဦးဇင် စဉ်းစား မရဘူး။ အဲဒီတုန်းမှာ စာရေးဆရာက ထပ်ပြောတယ်။ နင် စိတ်တိုနေပြီ၊ ဒီနေ့တစ်ရက် နားကြတာပေါ့၊ ငါ ဒီနေ့ စာမရေးတော့ဘူး တဲ့။

နေဦး။ ခါတိုင်းလို စာရေးဆရာ ပျောက်မသွားခင် ခင်ဦးဇင် အမြန်အော်ပြီးတားလိုက်တယ်။ ဘာလဲ။ စာရေးဆရာက ခင်ဦးဇင်ကိုပြန်မေးတယ်။ ရှင်က ကျမကို ဘာလို့ဒုက္ခတွေနဲ့ချည်းပဲ တွေ့ခိုင်းရတာလဲ။ သံသယတွေနဲ့ ရှင်သန်ရတာ၊ ကြောက်စိတ်တွေနဲ့နေထိုင်ရတာ၊ စိတ်မလုံခြုံမှုတွေနဲ့ ထွက်ပြေးနေစေတာ၊ ထပ်တလဲလဲ အဓမ္မ ကျင့်ခံစေတာ၊ ပြီးတော့ နောက်ဆုံး စိတ်ကျန်းမာရေးဆေးရုံအထိပို့လိုက်တာ၊ ဘာကြောင့်လဲ၊ ဘာကြောင့် ဒီလောက်အထိ ရက်စက်ရတာလဲပေါ့။ ဒါက တကယ့်ဘဝပဲလေ တဲ့။ စာရေးဆရာက ခင်ဦးဇင် ရဲ့ မေးခွန်းကို မတုန်လှုပ်တဲ့ပုံစံနဲ့ပြန်ဖြေတယ်။ လူ့ဘဝမှာ မွေးဖွားလာပြီဆိုရင် ဒုက္ခ များများ၊ သုခ နည်းနည်းနဲ့ ပိုပြီး ပျော်ရနိုးနိုး မျှော်လင့်ရှင်သန်ကြရတာ မဟုတ်ဘူးလား တဲ့။ နင်ကသာ စိတ်ဆင်းရဲပူပန်စရာ တွေချည်းပဲ ပေးတယ်လို့ ဆိုပေမဲ့ အမှန်တော့ ငါနင့်ကို စိတ်ပျော်စရာတွေလည်း ပေးခဲ့တာပဲ၊ ကြည်နူးစရာ လသာညတွေ၊ သာယာပြီး အလင်းရောင်တောက်ပတဲ့မနက်ခင်းတွေ၊ နင့်ကို ချစ်ပြီး စိုးရိမ်ပူပန်ပေးမယ့် အမေ၊ အဲဒါတွေက စိတ်ပျော်စရာတွေ မဟုတ်ဘူးလား၊ ပြီးတော့ ငါ နင့်ကိုစိတ်ပျော်မွေ့နိုင်ဖို့ စာရေးခြင်းဝါသနာကိုလည်း ပေးထားတာပဲ၊ နင်က

ဒုက္ခတွေကိုပဲ ကွက်ပြီးမြင်နေလို့ပါ တဲ့။ မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ စာရေးဆရာပီပီ ရှင် စကားတတ်တိုင်း ပလီမနေနဲ့လို့ ခင်ဦးဇင်ပြန်ပြောမိတယ်။ စာရေးဆရာကတော့ ခင်ဦးဇင် အဲဒီလိုပြောတာကို ဘာမှပြန်မပြောဘူး၊ အရာရာတိုင်းကို သိနေပြီးတဲ့မျက်နှာပေး၊ ကိစ္စတိုင်းကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနိုင်ပြီဆိုတဲ့ မျက်နှာပေးမျိုးနဲ့ပဲ ပြုံးပြီးခင်ဦးဇင်ကိုကြည့်နေတယ်။ စာရေးဆရာရဲ့ မျက်နှာ၊ အဲဒီမျက်နှာကိုကြည့်ရင်းပဲ မုန်းလိုက်တာလို့ ခင်ဦးဇင် တွေးမိတယ်။ သင်းကို နုတ်နုတ်စင်းပစ်ချင်တယ်ပေါ့။ အဲဒီလို မုန်းမုန်းတီးတီး ဖြစ်နေတုန်းမှာပဲ ခင်ဦးဇင်ရဲ့ အတွေးထဲကို စိုးရိမ်စိတ်တစ်ခု ဝင်လာတယ်။ အဲဒါက သူပါနေတဲ့ ဒီဝတ္ထု အဆုံးသတ်ဖို့နီးနေပြီလား ဆိုတာပဲ။

ဝတ္ထုက ဘယ်တော့ပြီးမှာလဲ။ ခင်ဦးဇင်ရဲ့ မေးခွန်းကို ကြားတော့ ပြုံးနေတဲ့စာရေးဆရာ ဟားခနဲ တစ်ချက် ရယ်တယ်။ ပြီးတော့ ဘာလဲ၊ နင် ထွက်ပြေးဖို့ အချိန်မလောက်မှာစိုးလို့လား တဲ့၊ ခင်ဦးဇင်ကို ပြန်မေးတယ်။ မဟုတ်ပါဘူးဆိုပြီး ခင်ဦးဇင်က ခပ်မြန်မြန် ပြန်ငြင်းလိုက်တော့ စာရေးဆရာက ဆက်ပြီး ရယ်မလို လုပ်နေတာကို အရှိန်သတ်ပြီး တကယ်ဆို နင့်ကို ငါ မပြောဘူး၊ ဒါပေမဲ့ ဒီနေ့တော့ပြောလိုက်ပါမယ်၊ အမှန်တော့ ဒီနေ့က ဝတ္ထု အဆုံးသတ်မဲ့ နေ့ပဲ၊ ဒါပေမဲ့ နင်ထောက်ပြတဲ့ အချက်တချို့ကို ငါ စဉ်းစားစရာ ဖြစ်သွားတဲ့အတွက် ရက်ရွှေ့လိုက်ရတာ တဲ့။ ဒီနေ့ကနေ ရက်ရွှေ့လိုက်တယ် ဆိုတော့... မနက်ဖြန်လား၊ ဝတ္ထု အဆုံးသတ်မယ့်နေ့ကမနက်ဖြန်လား။ တွေးရင်း မနက်ဖြန်လားလို့ ခင်ဦးဇင် စာရေးဆရာကို အသံထွက်ပြီး မေးလိုက်တယ်။ ဒါပေမဲ့ စာရေးဆရာက သူ့ရဲ့ ပိုင်နိုင်တဲ့ အပြုံးကိုပဲပြုံးနေပြီး ဘာမှပြန်မပြောဘူး။ ခင်ဦးဇင်ရဲ့ စိတ်ထဲ စာရေးဆရာရဲ့ အပြုံးကို ကြည့်ရင်းက နင် ပြေးနိုင်ရင် ပြေးစမ်းဆိုတဲ့ စာရေးဆရာရဲ့အသံစူးစူးကို နားထဲကြားသလို ခံစားလာရတယ်။ ပြီးတော့ နင်က ငါ့လက်ခုပ်ထဲက ရေပါလို့ အဓိပ္ပာယ်ပေါက်တဲ့ တဟားဟား လှောင်ရယ်သံကို ရောပေါ့။ မဟုတ်ဘူး၊ မဟုတ်သေးပါဘူး၊ အခုက သူက စိတ်ကျန်းမာဆေးရုံမှာ ရောက်နေတုန်း ဆိုတော့၊ ဘယ်လို အဆုံးသတ်မှာလဲ၊ ဆေးသောက်ပြီး လူကောင်း ပြန်ဖြစ်သွားတာလား၊ ဒါမှမဟုတ်၊ အခြားတစ်ခုခုလား။

ကျမ ဘာဖြစ်သွားမှာလဲ။ ခင်ဦးဇင် ဒီမေးခွန်းကို ကြားတော့ ပြုံးနေတဲ့စာရေးဆရာရဲ့ မျက်နှာက တည်သွားတယ်။ ပြီးတော့ နင့်ကို ငါ တစ်ခါက ပြောဖူးပါတယ်၊ တကယ့်ကမ္ဘာမှာ နောက်ကို ဘာဆက်ဖြစ်မယ်ဆိုတာ ဘယ်သူမှကြိုမသိဘူးလို့၊ ဒီတော့ မသိချင်ပါနဲ့ တဲ့။ ကျမ သေမှာလား၊ စကားအရှည်ကြီး ကွေ့ဝိုက်ပြောပြီးငြင်းဖို့ပြင်နေတဲ့ စာရေးဆရာကို ခင်ဦးဇင် ဒဲ့ မေးလိုက်တယ်။ အဲဒီမေးခွန်းကို ကြားတော့ စာရေးဆရာက ခင်ဦးဇင် မြင်ဖူးသမျှထဲ အပွင့်လင်းဆုံးဆိုတဲ့အပြုံးကို ပြုံးတယ်၊ ပြီးတော့ သေတော့ရော ဘာဖြစ်သလဲ၊ ဒုက္ခတွေ အားလုံးအဆုံးသတ်သွားတာပဲ မဟုတ်ဘူးလားလို့ ပြန်ပြောတယ်။

စာရေးဆရာရဲ့စကားကိုကြားတော့ ခင်ဦးဇင် ရုတ်တရက် ဘာပြန်ပြောရမယ်မသိဘူး။ စာရေးဆရာက သူ့ကို မနက်ဖြန်သေမယ်လို့ အမှန်တကယ် ပြောနေတာလား၊ ဒါမှမဟုတ် သူ့ကို ရွဲ့ပြီးပြောနေတာလား ဆိုတာလည်း မကွဲဘူး။ သေတော့ရော ဘာဖြစ်သလဲ တဲ့၊ သင်းက သင်းအသက်မှမဟုတ်ဘဲလို့ ခင်ဦးဇင် စိတ်ထဲကနေ ရေရွတ်မိတယ်။ စာရေးဆရာကိုယ်တိုင်သာ မနက်ဖြန် သေမယ်ဆိုရင် ဒီလိုပြောနိုင်ဦးမှာလားပေါ့။ မနက်ဖြန် ကျမ တကယ်သေမှာလား။ မဟုတ်ပါဘူး၊ စနေတာပါလို့ စာရေးဆရာကများ ဖြေလိုက်မလားဆိုတဲ့အတွေးနဲ့ ခင်ဦးဇင် မေးခွန်းထပ်မေးလိုက်တယ်။ ဒါပေမဲ့ စာရေးဆရာက ခင်ဦးဇင်ရဲ့အရှေ့မှာ မရှိတော့ဘူး၊ သွားပြီ ဆိုတဲ့စကားကိုပြောပြီး ပျောက်သွားခဲ့ပြီ။ ခင်ဦးဇင်ရဲ့ ပတ်ပတ်လည်မှာ ကနဦးအစတွေတုန်းက စာရေးဆရာ ထွက်သွားတိုင်း ကျန်နေကျဖြစ်တဲ့ အမှောင်ထုကြီးပဲ ကျန်ခဲ့ပြီ။

မဟုတ်ဘူး၊ မဟုတ်သေးပါဘူး၊ ဒါက ဘယ်လို အဆုံးသတ်ကြီးလဲ။ ခင်ဦးဇင် ရုတ်တရက် ဘာလုပ်ရမယ် မသိတော့ဘူး။ သူ့ကို ပေယျာလကန် လုပ်သွားတဲ့ စာရေးဆရာကို မကျေချမ်းတဲ့အတွေးတွေနဲ့ ခေါင်းထဲ ထူပူနေတယ်။ သူ မနက်ဖြန် သေမှာတဲ့၊ စာရေးဆရာက သူ့ကိုသတ်ပြီး သူ့ဝတ္ထုကို အဆုံးသတ်မတဲ့၊ ဘာလုပ်ရမလဲ၊ သူ ဘာလုပ်ရမလဲပေါ့။ ခင်ဦးဇင်ရဲ့ အတွေးထဲမှာ သူ့ကို လှောင်ရယ်နေတဲ့ စာရေးဆရာရဲ့ပုံရိပ်ကို မြင်တယ်၊ ပြီးတော့ နားထဲမှာလည်း နင်က ငါ့ဇာတ်ကောင်၊ ငါ့ဝတ္ထုထဲကနေ ဘယ်မှထွက်သွားလို့မရတဲ့ဟာ ဆိုပြီး စာရေးဆရာ ပြောလိုက်တဲ့စကားကို ကြားတယ်။ မဟုတ်ဘူး၊ မဟုတ်သေးပါဘူး၊ သူက ဒီအတိုင်း စာရေးဆရာ လုပ်သမျှ လည်စင်းခံလိုက်ရတော့မှာလား။ မဟုတ်ဘူး၊ ဒါကြီးက မဟုတ်သေးဘူး၊ ဘယ်လို လုပ်ရမလဲ၊ သူ ဘယ်လို လုပ်ရမလဲ။ ထားရာနေ၊ စေရာသွား၊ တန်းစီနေတဲ့ ဒုက္ခတွေကို ခံစားခဲ့ပြီး နောက်ဆုံး သေသွားဖို့စောင့်နေရတာက ဖြစ်သင့်ရဲ့လား။ မဟုတ်ဘူး၊ သူ တစ်ခုခု လုပ်မှ ဖြစ်မယ်။ ဘာလုပ်မလဲ၊ ဘာလုပ်ရမလဲ။ အဆုံးမရှိတဲ့ အမှောင်ကို ကြံရာမရငေးနေရင်းက ခင်ဦးဇင်ရဲ့ ခေါင်းထဲမှာ သင်းအရင် ငါ... ဆိုတဲ့ အတွေးတစ်ခု လက်ခနဲပေါ်လာတယ်။ သင်းအလိုကျ နေပြီး သင်းအလိုကျ သေမဲ့အစား...။ ကိုယ်တိုင်ပဲ ရေးခဲ့ဖူးသလား၊ ဒါမှ မဟုတ် အခြားသူတစ်ယောက် ရေးခဲ့တဲ့ဝတ္ထုတစ်ပုဒ်လား မသေချာတဲ့၊ ပြီးတော့ ခင်ဦးဇင်လာခဲ့တဲ့ ကမ္ဘာက ရေးဟောင်းဝတ္ထု တစ်ပုဒ်ကတောင် ဖြစ်နိုင်တဲ့ ဇာတ်ကွက်တစ်ခုကို ခင်ဦးဇင် ရုတ်တရက်သတိရတယ်။ ဖန်ဆင်းရှင်ဘုရားရဲ့ စီမံခန့်ခွဲမှုကို ပြင်းဆန်ဖို့ဆိုပြီး ကိုယ့်ကိုယ့်ကိုယ် သတ်သေသွားတဲ့ လူတစ်ယောက်၊ ခင်ဦးဇင်သာ အဲဒီလိုလုပ်လိုက်ရင် နင့်ကို ငါဖန်ဆင်းထားတာ၊ နင် ငါ့အလိုကျနေရမယ်ဆိုတဲ့ စာရေးဆရာ...၊ သင်း ဘယ်လို ဖြစ်သွားမလဲ။ တွေးနေရင်း ခင်ဦးဇင် ဟက်ခနဲ နာနာကျည်းကျည်း ရယ်လိုက်တယ်။ အဓိပ္ပာယ်က စာရေး ဆရာ သူ့အကြောင်း

သိစေရမယ်ပေါ့။

မှိတ်ထားတဲ့ မျက်ခွံတွေကြောင့် မှောင်မိုက်နေပေမဲ့ ခင်ဦးဇင်နားထဲမှာတော့ အသံတွေ ကြားနေရတုန်းပဲ။ အသားက အခုထိနွေးနေတုန်းနော် ဆရာ တဲ့။ အမေ ဆိုတဲ့မိန်းမက သူ့ကို ခပ်သာသာဆုပ်နယ်ပွတ်သပ်ရင်း ခပ်တိုးတိုး ပြောနေတယ်။ အဲဒီနောက် ခပ်ကြမ်းကြမ်း တစ်ချက်ရှိုက်လိုက်ပြီးတော့၊ သူက အိမ်သာ ခဏ ဆိုပြီး ထွက်သွားတာ၊ ကျမက သူပြန်လာတာကိုစောင့်ရင်း မှေးခနဲ အိပ်ပျော်သွားတာ၊ ပြန်နိုးလာတော့…လို့ စကား ဆက်တယ်။ လုံချည်နဲ့ လုပ်သွားတာနော် ဆရာ၊ Depression (စိတ်ကျရောဂါ) လည်း မဟုတ်ဘဲနဲ့ တဲ့။ ဒါက သူနာပြုဆရာမရဲ့ အသံပဲ၊ လုံချည် မပါ၊ ဗလာကျင်းနေတဲ့ သူ့ရဲ့ကိုယ်ခန္ဓာကို ဖုံးဖိပေးနေရင်းက ဆရာဝန်ကို လှမ်းပြောနေတာဖြစ်မယ်လို့ ခင်ဦးဇင် တွေးမိတယ်။ အသံတွေက ခိုင်းလို့နေမှာပေါ့၊ တစ်ချိန်လုံး စာရေးဆရာက သူ့ကိုဘာခိုင်းတယ်၊ ညာခိုင်းတယ် ဆိုပြီး ပြောနေတဲ့ဟာ၊ အခုလည်း အဲဒီစာရေးဆရာက သူ့ကို သတ်သေခိုင်းလို့နေမှာပေါ့ တဲ့။ ဒါကတော့ ဆရာဝန်ရဲ့ အသံပဲ။ သူ ဘာကြောင့််သေတယ်ဆိုတာကို ပြောနေတာ၊ စာရေးဆရာက သတ်သေခိုင်းလို့တဲ့၊ ဆရာဝန်ကတော့ စိတ်ထဲရှိတိုင်း လျှောက်ပြော နေတာ၊ မှန်လည်း မမှန်ဘဲနဲ့၊ ပေါက်တတ်ကရတွေ။ အသံတွေကို နားထောင်ရင်း ခင်ဦးဇင် စိတ်ထဲ ရယ်မိလုလုပဲ။ ဒါနဲ့ သူ သေသွား တာကို စာရေးဆရာ သိရင် ဘာဖြစ်မလဲ။ တွေးရင်း ခင်ဦးဇင်ရဲ့ အတွေးမျှင်က စာရေးဆရာဆီကို ရောက်သွားတယ်။ စာရေးဆရာ ဖန်တီးထားတဲ့ ဇာတ်ကောင်တွေ ရောက်နေပါလျက်နဲ့ စာရေးဆရာက ဘာလို့ မရောက်သေးတာလဲ၊ ဒါမှမဟုတ် ရောက်နေပါလျက်နဲ့ ဘာပြောရမှန်း မသိလို့ တိတ်နေတာလား၊ ကြည့်ရတာ ကယောင်ခြောက်ခြားနဲ့ ဘာလုပ်ရမှန်း မသိ ဖြစ်ပြီး ဇာတ်ကောင်တွေကိုတောင် စကားအမှားတွေ ပြောခိုင်းနေမိပုံပဲ၊ ဒါကြောင့် ဆရာဝန်ဇာတ်ကောင်က စကားအမှားတွေကို ပြောနေတာ။ ဇာတ်ကောင် မရှိတော့တဲ့ ရေးလက်စဝတ္ထုတန်းလန်းကြီးကိုင်ပြီး ဒုက္ခရောက်ပြီလို့ ညည်းနေပြီ ထင်တယ်။ မတတ်နိုင်ဘူး၊ ဒါက သင်း ပြောခဲ့တဲ့ ဘဝပဲ။ ရင်ဆိုင်လိုက်စမ်းပေါ့။ စာရေးဆရာ ဒုက္ခရောက်နေမဲ့အပေါ် ကျေနပ်တဲ့စိတ်နဲ့တွေးနေရင်းပဲ ခင်ဦးဇင်ရဲ့ခေါင်းထဲကို အတွေးတစ်ခုက ထပ်ရောက်လာတယ်။ ခါတိုင်း စာရေးဆရာ ဂတ္ထုထဲ မရှိတော့ရင် အနက်ရောင်အပြင်ကြီးကျန်ခဲ့တာ။ ပြီးတော့ သူကလွဲလို့ ကျန်တဲ့ ဇာတ်ကောင်တွေအကုန်လုံးက ဘာစကားမှမပြောတော့ဘဲ မလှုပ်မရှား ကျောက်ဆစ်ရုပ်တွေလိုကျန်ခဲ့တာ၊ ဒါပေမဲ့ အခုက…။ အခုက ကျန်တဲ့ဇာတ်ကောင်တွေက စကားပြောနေကြတယ်၊ ပြီးတော့ ခင်ဦးဇင်ရဲ့ ကိုယ်ခန္ဓာကိုလည်း ကိုင်တွယ်ထိတွေ့နေကြတာ၊ ကျောက်ဆစ်ရုပ်လိုမတုန်မလှုပ်တွေ မဟုတ်နေဘူးပေါ့။ သူ မျက်လုံးဖွင့်ကြည့်မရလို့ ဘယ်လိုအခင်းအကျင်းတွေဖြစ်နေမယ်ဆိုတာကို မသိပေမဲ့ ကြည့်ရတာတော့ ဇာတ်ဝင်ခန်းရဲ့ အခင်းအကျင်းတွေကလည်း ရှိနေပုံပဲ။ သူ့ရဲ့ အမေဆိုတဲ့ မိန်းမ

ငိုနေတာ၊ အိမ်သာထဲမှာတဲ့။ ပြီးတော့ ဆရာမဆိုတဲ့ အမျိုး သမီး ပြောတာက လုံချည်နဲ့ လုပ်သွားတာတဲ့၊ ဒါဆို...ဒါက ဝတ္ထုဇာတ်ဝင်ခန်းလား။ စာရေးဆရာရဲ့ အလိုကျ နေရတဲ့ဘဝကို ငြင်းဆန်ဖို့ သူ့ကိုယ်သူ သတ်သေလိုက်တာက သူ့ရဲ့ စိတ်ကြောင့် လုပ်ရတာမဟုတ်ဘဲ စာရေးဆရာ ဖန်တီးတဲ့ ဇာတ်ဝင်ခန်း ဖြစ်နေတာလား၊ စာရေးဆရာရဲ့ ဝတ္ထုအဆုံးသတ် ဖြစ်နေတာလား။ ဘာလဲ၊ သူက စာရေးဆရာရဲ့ ဇာတ်ကောင် ဆက်ဖြစ်နေသေးတာလား၊ တကယ်ပဲ စာရေးဆရာရဲ့ ဝတ္ထုထဲကနေ ဘယ်တော့မှ မလွတ်မြောက်တော့ ဘူး လား။

ရေအေး

https://t.me/TheBookR

www.mm-lib.com